မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၂၃ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၇၄)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနား-ဝိုင်းမော်လမ်းရှိ နန့်မြစ်ခတံတားတည်ဆောက်ရေးစီမံကိန်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား-ဝိုင်းမော် ကားလမ်းပေါ်ရှိ နန့်မြစ်ခတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတအား တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး၊ နိုင်ငံ့ဘဏ္ဍာငွေ အလေအလွင့်မဖြစ်စေရေး၊ တံတားခံနိုင်ဝန်နှင့်ပတ်သက်ပြီး ယာဉ်ဖြတ်သန်းမှုများအား ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နန့်မြစ်ခလေးလမ်းသွားတံတားအနက် ကျန်ရှိနေသည့် နှစ်လမ်းသွားတံတား တည်ဆောက်နေမှု၊ တည်ဆောက်ပြီးစီးသည့် နှစ်လမ်းသွားတံတားနှင့် တံတားအောက်ခြေတွင် ချောင်းရေတိုက်စားမှုကာကွယ်ရန် ကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။

အဆိုပါ နန့်မြစ်ခတံတားမှာ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုခံနိုင်ဝန်မှာ

စာမျက်နှာ ၃ ကော်လံ ၁ ✤

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနား-ဝိုင်းမော် ကားလမ်းပေါ်ရှိ နန့်မြစ်ခတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

"နန့်မြစ်ခ တံတားမှာ မန္တလေး - လားရှိုး - ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူ ကွန်ကရစ်၊ သံမဏိ သံပေါင်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်"

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

မြန်မာ့အလင်း

မျိုးဆက်သစ်များနှင့် အနာဂတ်ပြည်ထောင်စု

လက်ရှိအချိန်တွင် အသက် ၁၈ နှစ်ပြည့်ပြီး အရွယ်ရောက်လာသူ လူငယ်များတွင် ထူးခြားချက်များရှိသည်။ ၎င်းကို မွေးဖွားခဲ့ချိန်သည် နှစ်ပေါင်းထောင်ချီမှ တစ်ခါကြုံရသည့် ထောင်စုနှစ်အကူးအပြောင်းကာလဖြစ်သလို ရာစုနှစ်အကူးအပြောင်းကာလလည်းဖြစ်သည်။ ထို့အပြင် ၂၀ ရာစုမှ ၂၁ ရာစုသို့ အကူးအပြောင်းကာလ ကမ္ဘာ့နိုင်ငံရေး အခြေအနေမှာလည်း ထူးခြားသည့် အရွေ့အပြောင်းဖြစ်လာသည်။ ၂၀ ရာစုကာလအတွင်း ဝါဒပြိုင် နိုင်ငံအုပ်စုကြီးနှစ်ခု ရှိခဲ့ရာမှ ၂၁ ရာစုသို့ ချင်းနင်းဝင်ရောက်လာချိန်တွင် အုပ်စုကြီးတစ်စုမှာ ပြိုလဲသွားသည်။ ထိုအခါ နိုင်ငံရေး၊ စစ်ရေးတို့အရ ကမ္ဘာကို လွှမ်းမိုးနိုင်သူ မဟာအင်အားကြီးနိုင်ငံမှာ တစ်နိုင်ငံတည်းသာ ကျန်ရစ်သည်။

သို့ရာတွင် ၂၁ ရာစု ကမ္ဘာ့စီးပွားရေးအခြေအနေမှာမူ တစ်မျိုးတစ်ဖုံဖြစ်လာသည်။ ကမ္ဘာ့စီးပွားရေး၏ အချက်အချာသည် အနောက်မှ အရှေ့သို့ ရွေ့လာသည်။ တစ်ချိန်က ဆင်းရဲတွင်းနက်ခဲ့သော အာရှနိုင်ငံကြီးနှစ်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေးနယ်ပယ်ထဲသို့ တိုးဝင်လာခဲ့ပြီး အင်အားကြီးနိုင်ငံများစာရင်းဝင်လာခဲ့သည့်အလျောက် ကမ္ဘာအရပ်ရပ်မှ သယံဇာတကုန်ကြမ်းများနှင့် စွမ်းအင်အရင်းအမြစ်များ သယ်ယူရာ၊ ကလေးကစားစရာမှသည် နည်းပညာမြင့် ထုတ်ကုန်များ၊ စစ်လက်နက်အမာထည်များ စသည့် ကုန်ချောများပို့ဆောင်ရာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့မှ ကုန်သွယ်ရေလမ်းကြောင်းများ၊ ယင်းသမုဒ္ဒရာများ၏ ကမ်းရိုးတန်းများမှ နိုင်ငံများမှာ ကမ္ဘာ့နိုင်ငံရေးတွင် အရေးပါလာသည်။

မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်တို့ကို မျက်နှာမူထားသော ရှည်လျားသည့်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံ၊ အာရှအင်အားကြီးနိုင်ငံ နှစ်နိုင်ငံနှင့် ဒေသဆိုင်ရာအုပ်စုနှစ်စုဖြစ်သော တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ကြားတွင် ပေါင်းကူးတံတားသဖွယ် တည်ရှိနေသော နိုင်ငံဖြစ်ရာ မဟာဗျူဟာအချက်အချာကျသောနေရာ၌ တည်ရှိနေခြင်းဖြစ်သည်။ အချက်အချာကျသည့်အလျောက် အခွင့်အလမ်းကောင်းများ ရှိနေသလို အဖိုးတန်ရတနာကို ပိုင်ဆိုင်ထားသူသည် လုံခြုံရေးကို ဂရုစိုက်ရသကဲ့သို့ မိမိတို့တွင် တောင့်တင်းခိုင်မာသော အင်အားကို တည်ဆောက်ထားရမည်ဟု သတိချပ်ထားကြရမည်ဖြစ်သည်။ နိုင်ငံ့အင်အား ခိုင်မာတောင့်တင်းရေးဟု ဆိုရာတွင် အဓိကအကျဆုံး အင်အားစုကြီးသုံးရပ်ဖြစ်သည့် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ ခိုင်မာတောင့်တင်းရေးအတွက် အလေးအနက် ကြိုးပမ်းတည်ဆောက်ကြရမှာဖြစ်သည်။ ထို့အပြင် အင်အားကြီးသုံးရပ်မှာလည်း တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုဆက်စပ်နေသည်ကို သတိမူကြရမည်ဖြစ်သည်။

နိုင်ငံရေးအင်အားဟုဆိုရာတွင် မိမိတို့ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး တစ်သွေးတစ်သားတည်း စိတ်ဓာတ်ဖြင့် ရာသက်ပန် စည်းလုံးညီညွတ်ကြရမှာ ဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုကြီး၏ တစ်နေရာနှင့် တစ်နေရာ ရေ၊ မြေ မခြားစေရေး လမ်းတံတားများ တည်ဆောက်မြှင့်တင်ခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးတို့ကို နိုင်ငံတော်က စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေးအင်အားကောင်းကာ ငြိမ်းချမ်းတည်ငြိမ်လာသည်နှင့်အမျှ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် စီးပွားရေးအခြေခံကောင်းများ ဖန်တီးပေးလာနိုင်သည့် ဒေသများလည်း စံနမူနာအဖြစ် တည်ရှိလာနေပြီဖြစ်သည်။

ပြည်ထောင်စုဖွား မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်ထောင်စုကြီး၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပညာပြည့်ဝနှလုံးလှသူများအဖြစ် မိမိကိုယ်ကို ကောင်းအောင်ကြိုးပမ်းကာ အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

မြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(ပဲခူးမြို့)

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

ကလေးလူငယ်များ ပုံပြင်သရုပ်ဖော်ခြင်းပြုလုပ်

ဘားအံ မတ် ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်သို့ လာရောက်၍ စာအုပ်စာပေငှားရမ်းခြင်းနှင့် အသိဉာဏ်ပိုမိုတိုးတက်စေရန် ကျောင်းစာအပြင် အခြားပြင်ပ ဗဟုသုတလေ့လာနိုင်စေရန်ရည်ရွယ်၍ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ပုံပြင်သရုပ်ဖော်ကစားခြင်းနှင့် ကိုယ်လက်လှုပ်ရှားကစားခြင်းများကို ယမန်နေ့က ပြုလုပ်ရာ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့က ပုံပြင်သရုပ်ဖော်ကစားခြင်းနှင့် ကိုယ်လက်လှုပ်ရှားကစားနည်းများကို ပြသပေးခဲ့သည်။ **ဝေဠု (ပြန်/ဆက်)**

အင်းတော်မြို့နယ် ပင်သချေကျေးရွာအနီး မဲဇာချောင်းကူး သံကူကွန်ကရစ်တံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

အင်းတော် မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်သချေကျေးရွာအနီး မဲဇာချောင်းကူး သံကူကွန်ကရစ်တံတားကို ဒေသခံများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည်။

အဆိုပါဒေသသည် မိုးတွင်းကာလ မဲဇာချောင်းရေကြီးလာလျှင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး မြို့နှင့်အဆက်သွယ်ပြတ်ကာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများတွင် အခက်အခဲနှင့်ရင်ဆိုင်နေရပြီး ကျောင်းသူကျောင်းသားများ၏ ပညာရေးတွင်လည်း အဟန့်အတားတစ်ခုကဲ့သို့ ကြုံတွေ့နေသည်။

နှစ်စဉ်နွေရာသီ မဲဇာချောင်းရေနည်းပါးချိန်တွင် ယာယီလူကူးတံတား တည်ဆောက်ကြရပြီး ယင်းတံတား တည်ဆောက်မည်ဆိုပါက အနည်းဆုံးငွေကျပ်သိန်း ၃၀ ခန့်ကုန်ကျနေကြောင်း၊ ထို့အပြင် ငွေအားရော လူအားပါ ကုန်ကျနေသည့်ဒုက္ခကို ဒေသခံများ နှစ်စဉ်ခံစားနေရကြောင်း တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောသည်။

“နိုင်ငံတော်အစိုးရကိုလည်း တင်ပြထားပါတယ်။ ဘာမှထူးမလာပါဘူး။ အခုတံတား တည်ဆောက်ရတာကလည်း စေတနာရှင်များရဲ့ ထည့်ဝင်ငွေ၊ အလှူခံကရရှိတဲ့ငွေတွေနဲ့ စုပေါင်းပြီး မတည်ဆောက်ရွက်ကြရတာပါ။ ဒီနှစ်မပြီးရင် နောက်နှစ်ပေ့ါဗျာ။ ကျွန်တော်တို့ကတော့ ဒီတံတားကြီးကို အောင်မြင်အောင် ဆောက်ဖို့ ဒေသခံတွေနဲ့ ပူးပေါင်းဆွေးနွေး တိုင်ပင်ထားပါတယ်။ ဒီတံတားကြီးကိုအားကိုးပြီး သွားလာရမယ့် ဆရာတော် သံဃာတော်တွေကိုလည်း လျှောက်ထားခဲ့ရာ ဆရာတော် သံဃာတော်တွေကလည်း အားပေးခဲ့ပါတယ်”ဟု တံတားဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဆွေက ပြောသည်။

မဲဇာချောင်းကူးတံတား တည်ဆောက်နေသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ယခုတည်ဆောက်နေသည့် တံတားသည် အရှည်ပေ ၆၀၀၊ အကျယ်ပေ ၂၀၊ အမြင့်ပေ ၂၇ ပေရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ထိုတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဒေသခံအိမ်ထောင်စု ၁၅၇၅ စု လူဦးရေ ၉၀၀၀ ကျော်နှင့် ကျေးရွာ ၁၅ ရွာတို့အတွက် နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာမှ လိုအပ်သလို ပံ့ပိုးကူညီပေးနိုင်ပါက ဒေသခံများ ပိုမိုအကျိုးရှိလာနိုင်ကြောင်း သိရသည်။

လှအောင်(ကသာ)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems in General Practice Course (2019) သင်တန်းကို မတ် ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးရန် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)သို့ ကြွရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၂၅ ရက်မှ ၂၉ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဗထူး**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

မြောင်းမြ မတ် ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြောင်းမြမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မတ် ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စု မြေတံတားကြီးကျေးရွာ မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်နေ့ကို “သစ်တောများနှင့် ပညာရေး” ဟူ၍ ဆောင်ပုဒ်သတ်မှတ်ထားပြီး သက်ရှိလောကတည်မြဲရေး ၊ ရာသီဥတုသာယာ လှပရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်းများအတွက် သစ်တောများ၏ အရေးပါသည့်အခန်းကဏ္ဍမှ ပြည်သူများ အသိအမြင်တိုးပွားလာရေးအတွက် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်သန်းကိုက ပြောသည်။ **အောင်မင်း (မြောင်းမြ)**

✤ *ရှေ့ဖုံးမှ*

၇၅ တန် ဖြစ်ကြောင်း သိရသည်။ ယင်းနန့်မြစ်ခတံတားမှာ လေးလမ်းသွားတံတားဖြစ်ပြီး လက်ရှိတွင် နှစ်လမ်းသွား တည်ဆောက်ပြီးစီးပြီဖြစ်ကာ ယခုအခါ လေးလမ်းသွားတံတားဖြစ်ရန် ထပ်မံတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြစ်ကြီးနားမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ထားရှိမှု၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာများ သင်ကြားပေးနေမှု၊ သင်တန်းကျောင်းဆိုင်ရာအချက်အလက်များနှင့် တိုင်းရင်းသားလူငယ်များအား လေ့ကျင့်မွေးထုတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လေးစားလိုက်နာရန်လိုအပ်

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ ပြည်ထောင်စုနိုင်ငံဆိုသည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးပါဝင်ပြီး တည်ဆောက်ထားခြင်းကြောင့် ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုသားသမီးတို့အနေဖြင့် ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားပြသပေးမှုများသည် သားတို့သမီးတို့၏ အနာဂတ်အတွက် များစွာအရေးပါပါကြောင်း၊

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

ယခုသင်တန်းကျောင်းများတွင် ပညာရေး၊ သက်မွေးပညာနှင့် ပြည်ထောင်စုစိတ်ဓာတ် တည်တံ့ခိုင်မြဲရေးအတွက် အလေးထားသင်ကြားပေးနေသည်ကို တွေ့ရပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သားတို့ သမီးတို့အနေဖြင့် မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိတိုင်းရင်းသားများအကြား သိရှိပြန့်ပွားအောင် ပြောကြားပေးရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု သားသမီးများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ ပညာရေးရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်ပါကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် စာကြည့်တိုက်များ ထားရှိပေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ သားတို့သမီးတို့အနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာကြည့်တိုက်သို့ သွားရောက်လေ့လာဖတ်ရှုမှုများ မှတ်ဖွယ်မှတ်ရာများကို မှတ်သားကြစေလိုကြောင်း၊ နိုင်ငံတော်ကို ခေါင်းဆောင်မည့်သူများ သားတို့ သမီးတို့ထဲမှ ပေါ်ထွက်လာမည်ဟု ထင်မြင်ယူဆပါကြောင်း၊ သားတို့ သမီးတို့သည် ပညာအင်အား၊ စိတ်ဓာတ်ခွန်အား ပြည့်ဝပြီး နိုင်ငံတော်အား ပြန်လည်အလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သားတို့ သမီးတို့ရင်ထဲတွင် ထာဝစဉ်ကိန်းအောင်းပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်သမ္မတက ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်၊ စားရိပ်သာနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြစ်ကြီးနားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး စီတာပူမနောကွင်း၌ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

သတင်းစဉ်

❑ **သားတို့ သမီးတို့သည် ပညာအင်အား၊ စိတ်ဓာတ်ခွန်အား ပြည့်ဝပြီး နိုင်ငံတော်အား ပြန်လည်အလုပ်အကျွေးပြုရန် လိုအပ်**

❑ **ပြည်ထောင်စုစိတ်ဓာတ်ကို သားတို့ သမီးတို့ရင်ထဲတွင် ထာဝစဉ်ကိန်းအောင်းပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်စေလို**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စားသုံးသူများအကြိုက် အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်စေရေး မိမိတို့လုပ်ငန်းများ၏ အားသာချက်ကို အကောင်းဆုံးဝန်ဆောင်မှုများနှင့် စဉ်ဆက်မပြတ်တိုးတက်အောင် ကြိုးစားသွားရမည်

◆ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားစက်မှုဘဏ်(IBK)မှ အမှုဆောင်အရာရှိချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကိုးကြိမ်တိုင်တိုင်ကျင်းပပြီး

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကျင်းပခဲ့ရာ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် စုစုပေါင်း ကိုးကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လုပ်ငန်းများကို အမျိုးအစားအလိုက်ရွေးချယ်ပြီး ဆုများချီးမြှင့်ပေးခဲ့ရာတွင် အသေးစားလုပ်ငန်းအနေဖြင့် ပထမဆု ၉ ခု၊ ဒုတိယဆု ၁၁ ခု၊ တတိယဆု ၁၉ ခု စုစုပေါင်းလုပ်ငန်း ၃၉ ခုကို ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ အငယ်စားလုပ်ငန်းအနေဖြင့် ပထမဆု ၉ ခု၊ ဒုတိယဆု ၁၄ ခု၊ တတိယဆု ၂၀ခု၊ စုစုပေါင်းလုပ်ငန်း ၄၃ ခုကို ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ အလတ်စားလုပ်ငန်းအနေဖြင့် ပထမဆု ၉ခု၊ ဒုတိယဆု ၁၃ခု၊ တတိယဆု ၁၈ ခု၊ စုစုပေါင်းလုပ်ငန်း ၄၀ ခုတို့ကို လုပ်ငန်းရှင် စုစုပေါင်း ၁၂၂ ဦးတို့အား ဆုများ ချီးမြှင့်နိုင်ခဲ့ပါကြောင်း။

ယခုနေပြည်တော်တွင် ကျင်းပသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသည် မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ၉ ခု၌ ဆုရရှိခဲ့သော MSME များကို ထပ်မံယှဉ်ပြိုင်ပြီး နိုင်ငံတော်အဆင့်ဆုများ ရွေးချယ်ချီးမြှင့်သွားမည့် ပြပွဲနှင့် ပြိုင်ပွဲဖြစ်ကြောင်း၊ ယခုလို MSMEs ပြပွဲ၊ ပြိုင်ပွဲများကို ဒေသအလိုက်မှသည် နိုင်ငံတော်အဆင့်အထိ ကျင်းပပြုလုပ်ရခြင်းသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်အနက် ဒုတိယအချက်တွင် ဖော်ပြထားသည့် **“အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်”** ဆိုသည့် မူဝါဒနှင့်အညီ MSME များ ဈေးကွက် ချဲ့ထွင်နိုင်ရေး၊ ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများ အချင်းချင်း ချိတ်ဆက်မှုဖြစ်လာရေး၊ MSME များ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာရေး၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အသိဉာဏ်မြင့်မားမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုများပြားလာရေးနှင့် တီထွင်ကြံဆမှု၊ စွန့်စားမှုများနှင့် ဆန်းသစ်သည့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး တို့ကို မျှော်မှန်းပြီး ကျင်းပပေးခြင်းဖြစ်ပါကြောင်း။

အကောင်းဆုံးဝန်ဆောင်မှုများ

MSMEs ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ထုတ်ကုန်များကို လုပ်ငန်းကော်မတီ၏ အသိအမှတ်ပြုအမှတ်တံဆိပ် (MSME Logo) အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း၊ MSME Logo ကို အသုံးပြုခွင့်ရရှိသည့် လုပ်ငန်းများအနေဖြင့် ဈေးကွက်က တုံ့ပြန်လာသော အကြံပြုချက်များကို လက်ခံပြီး စားသုံးသူများအကြိုက် အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ဖြစ်စေရေးအတွက် မိမိတို့လုပ်ငန်းများ၏ အားသာချက်ကို အကောင်းဆုံး ဝန်ဆောင်မှုများနှင့် စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားသွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုကို ရှေးရှုသည့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီရန်တို့အတွက် MSME များသည် အဓိက မောင်းနှင်အားများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် ၉၉ ရာခိုင်နှုန်းသည် MSME များဖြစ်၍ MSME များ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့ MSME များအတွက် လိုအပ်သော နည်းပညာများပံ့ပိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဈေးကွက်အသစ်များ ဖော်ထုတ်နိုင်ရေးတို့ကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယခုလို ဆောင်ရွက်မှသာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒရည်မှန်းချက် (၄) ချက်အနက် ဒုတိယအချက်တွင် ဖော်ပြထားသည့် **“တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေးအခြေအနေကောင်းများရရှိရေး ဆောင်ရွက်ရန်”** ဆိုသည့်အချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများကိုလည်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး ရေးဆွဲလျက်ရှိရာ ယခုဆိုလျှင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ရေးဆွဲပြီးဖြစ်ကြောင်း၊ ယခုလို မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် ဦးစားပေးကဏ္ဍများအပေါ် ထိထိရောက်ရောက် ပံ့ပိုးကူညီပေးသွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် လက်တွဲပူးပေါင်းနိုင်ရေးကို ဖိတ်ခေါ်ဆောင်ရွက်သွားနိုင်မည်ဖြစ်၍ MSMEs လုပ်ငန်းများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

MSME များအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိရန် ချေးငွေအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြစ်သည့် SME ချေးငွေကျပ် ၃၀ ဘီလီယံ၊ အပေါင်မဲ့ အာမခံစနစ် (CGI) ချေးငွေကျပ် (၇ ဒသမ ၃၉၃)ဘီလီယံ၊ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) ချေးငွေအဖြစ် JICA Two Step Loan ချေးငွေဂျပန်ယန်း ၂၀ ဘီလီယံ၊ မြန်မာ့စီးပွားရေးဘဏ်ချေးငွေကျပ် ၂၅၀ ဘီလီယံ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေကျပ် ၂၀၀ ဘီလီယံ၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW) ချေးငွေ ယူရို ၁၅ ဒသမ ၃၀ သန်း စသည့် ချေးငွေများကို ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းပြီး MSMEs လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်မည်

မြန်မာနိုင်ငံ၏ MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေများရရှိစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများနှင့် သင်တန်းများ ပံ့ပိုးကူညီပေးရေး၊ စီးပွားရေးစီမံချက်များနှင့် မူဝါဒကောင်းများ ပေါ်ထွက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်ပေးကြသည့် ဂျာမနီနိုင်ငံ၊ Friedrich Naumann Foundation (FNF)နှင့် ဂျာမန်ဖွံ့ဖြိုးမှုနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ နယ်သာလန်နိုင်ငံ၊ PUM နယ်သာလန်စ် နည်းပညာပြန့်ပွားရေးအဖွဲ့၊ ဒိန်းမတ်အစိုးရ၏ တာဝန်သိစီးပွားရေးလုပ်ငန်းရန်ပုံငွေ (RBF)၊ ဂျပန်နိုင်ငံ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်-မြန်မာအသင်း(JMA)၊ ထိုင်းနိုင်ငံ၊ ကာဆီကွန်ဘဏ်(KBank)၊ Entrepreneurship Development Network Asia (Myanmar) Co., Ltd. (EDNA)၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျွန်ဘွတ် Root စက်မှုအသင်း (JROOT)၊ ဂျွန်ဘွတ်မော်တော်ယာဉ်နည်းပညာသိပ္ပံ(JIAT)၊ ကိုရီးယားနည်းပညာတိုးတက်ရေးသိပ္ပံ (KIAT)၊ ကိုရီးယားစက်မှုဘဏ်(IBK)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)၊ ကနေဒါနိုင်ငံ၊ ကနေဒါအမှုဆောင်လုပ်ငန်းအဖွဲ့ (CESO)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) တို့ကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆိုပါအဖွဲ့အစည်းများကိုလည်း ယနေ့အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနား ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ၊ အဓိက ကမကထပြုသူ (Main Sponsor) အဖြစ် ကူညီပေးခဲ့သည့် ကိုရီးယားစက်မှုဘဏ်(IBK)၊ အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ MSMEs လုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကိုရီးယားစက်မှုဘဏ် (IBK) နှင့် Good Brothers Co., Ltd တို့က အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းများကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ အတွင်း၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆွေးနွေးပွဲများ ပြုလုပ်

ယနေ့ကျင်းပသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအခမ်းအနားကို မတ် ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် အိမ်သုံးနှင့်လက်မှုပစ္စည်းလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုဝန်ကြီးဌာနတို့မှပြခန်း စုစုပေါင်း ၂၇၁ ခန်း ပါဝင်ပြသခဲ့ပြီး MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၏ ဆက်စပ်အခမ်းအနားများအဖြစ် “မြန်မာ့ကုန်စည်ကမ္ဘာဆီသို့” ခေါင်းစဉ်ဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များက Panel Discussion ဆွေးနွေးပွဲများ ဟောပြောပို့ချခြင်းများ ပြုလုပ်ကြသည်။ ထို့ပြင် MSMEs ထုတ်ကုန်မိတ်ဆက်အခမ်းအနားနှင့် Knowledge Sharing ကျင်းပပြုလုပ်ခြင်း၊ City Mart၊ Gandamar Whole Sale စသည့် အသင်းအဖွဲ့များက လုပ်ငန်းရှင်များနှင့် Business Matching ချိတ်ဆက်ခြင်းစသော အခမ်းအနားများကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကိုရီးယားစက်မှုဘဏ် (IBK) က ပေးအပ်သော အလှူငွေများကို လက်ခံရယူစဉ်။

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲမှ စကားသံများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို မတ်လ ၂၂ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည်။

အဆိုပါပြပွဲကို MSMEs လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းလာရန်၊ ပါဝင်ပြသသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင်ဆန်းသစ်မှုများကို လေ့လာနိုင်ရန်၊ ဒေသအလိုက်ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက် လိုအပ်ချက်များကို ပိုမိုနားလည်ဆန်းသစ်အဖြေရှာနိုင်ရန်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် MSMEs များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ နိုင်ငံတကာဈေးကွက်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင်ပါဝင်ပြသကြသည့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်-

ဦးစောမှတ်ကျော်

သိပ္ပံစာရေးဆရာ ကိုကိုအောင်

ဦးအောင်စိုး

ဦးကက်နက်စိန်

ဒေါ်ယုယုဌေး

ကိုကျော်သက်နိုင်

မကြည်ဖြူအေး

ဦးကျော်လွင်

ဒေါ်စွဲ့အေးဆိုင်

ဦးကျော်နိုင်သန်း

ဦးစောမှတ်ကျော်
(ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုဝန်ကြီးဌာန)

နိုင်ငံတော်အဆင့် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ နိုင်ငံတော်ရဲ့ သက်မွေးကဏ္ဍကို စက်မှုဝန်ကြီးဌာန အနေနဲ့ အကောင်အထည်ဖော်နေတဲ့ Mobile Vocational Training ကားတွေနဲ့ ကျေးလက်မြို့ရွာတွေ အရောက် သက်မွေးပညာသင်တန်းတွေ ပို့ချပေးနေမှုကို လာရောက်ပြသတာပါ။ ဝန်ကြီးဌာနက သက်မွေးကဏ္ဍမှာ စက်မှုသင်တန်းကျောင်းတွေ တည်ထောင်ပြီး စက်မှုလုပ်ငန်းအခြေပြုစက်ရုံ၊ အလုပ်ရုံတွေအတွက် ကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးနေပါတယ်။ ဒီသင်တန်းကျောင်းတွေမှာ သက်မွေးပညာအနေနဲ့ စက်မှုလုပ်ငန်း အခြေပြုတဲ့ ဘာသာရပ်တွေကို သင်ကြားပေးနေပြီး အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတွေကို လာမတက်နိုင်တဲ့၊ ကျောင်းကို လာရောက်ဖို့ ကန့်သတ်ချက်တွေရှိနေတဲ့ စက်မှုသက်မွေးပညာရပ်ကို စိတ်ဝင်စားတဲ့သူတွေအတွက် Mobile သင်တန်းဆိုပြီး ကျယ်ကျယ်ပြန့်ပြန့်ထပ်ပေးနေပါတယ်။

Mobile Vocational Training ကားတွေမှာ မီးမရှိတဲ့နေရာဆိုရင် လိုအပ်တဲ့ပစ္စည်းတွေကို အပြည့်အစုံ တပ်ဆင်ထားပြီး ဆိုလာကို အသုံးပြုသင်ကြားရေးတွေ လုပ်နိုင်မယ့် ယူနစ်တွေကို တပ်ဆင်ထားတယ်။ အိမ်သုံးလျှပ်စစ်သွယ်တန်းခြင်း သင်တန်းမှာ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေကို ချိတ်ဆက်အသုံးပြုနည်းနဲ့ လက်တွေ့လေ့ကျင့် သင်ကြားပေးပါတယ်။ နောက် ဂဟေဆက်တဲ့သင်တန်းမှာ ဂဟေစက်တွေ တပ်ဆင်ပြီး လျှပ်စစ်နဲ့ ဂဟေဆော်မလား၊ ဂက်စ်နဲ့ဂဟေဆော်မလား စသဖြင့် အမျိုးအစားအပေါ်မူတည်ပြီး ကျွမ်းကျင်အောင် လက်တွေ့လေ့ကျင့် သင်ကြားပေးတဲ့ အပြင် ကားဝပ်ရှော့သင်တန်းနဲ့ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းတွေကိုလည်း သင်ကြားပေးနေပါတယ်။ သက်မွေးပညာကဏ္ဍအနေနဲ့လည်း လုပ်ငန်းရှင်တွေ တကယ်လိုအပ်နေတဲ့ ဘာသာရပ်တွေနဲ့ ကျွမ်းကျင်မှု အမျိုးအစားတွေကိုသိရင် ကျွန်တော်တို့သင်ကြားနေတဲ့ ဘာသာရပ်တွေကို ထပ်ဆင့်တိုးချဲ့သင်ကြားတာ ပြုပြင်ပြောင်းလဲပြီး ဆန်းသစ်သင်ကြားတာတွေလည်း ဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေရရှိဖို့အတွက် ဒီပြပွဲမှာ ပါဝင်ပြသခြင်း ဖြစ်ပါတယ်။

သိပ္ပံစာရေးဆရာ ကိုကိုအောင်
(မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ)

မြန်မာနိုင်ငံမှာ Electric Vehicle Association ဖွဲ့ဖို့ ပြင်ဆင်နေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက Myanmar Electric Vehicle Association ဖွဲ့ဖို့အတွက် Korea Electric Vehicle Association နဲ့ လာရောက်ညှိနှိုင်းပြီး ၂၀၁၉ ခုနှစ်မှာ ပဏာမ စဖွဲ့နိုင်အောင် ကြိုးစားနေပါတယ်။ ကမ္ဘာ့သိပ္ပံပညာရှင်တွေနဲ့ မော်တော်ကားထုတ်လုပ်တဲ့ ပုဂ္ဂိုလ်တွေက မော်တော်ကားမှာ အင်ဂျင်ဆိုတာ မသုံးဘဲ အင်ဂျင်နေရာမှာ မော်တာကို Electric Power Supply ပေးပြီး မောင်းနှင်တဲ့ Vehicle ဖြစ်တဲ့အတွက် သူ့ကို Electric Vehicle (EV) လို့ ခေါ်တယ်။ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် လေထုညစ်ညမ်းစေတဲ့၊ ကမ္ဘာကြီးပူနွေးစေတဲ့ဓာတ်ငွေ့တွေ စွန့်ထုတ်တာ လျော့ကျသွားစေမယ်။ ဝယ်ယူသုံးစွဲသူတွေ အတွက်လည်း ဓာတ်ဆီဖိုး အကုန်သက်သာမယ်။ ကိုယ်သုံးနေတဲ့ကားက လေထုညစ်ညမ်းစေတဲ့အခိုးအငွေ့ မထွက်တော့ဘူး။ လေထုညစ်ညမ်းမှုကို မဖြစ်ဘူး၊ အဲဒီလို အကျိုးကျေးဇူးတွေရတယ်။ အခုဒီပြပွဲမှာ ကုမ္ပဏီတွေက တိုက်ရိုက်လာရောက်ပြသကြပြီး ဝယ်ယူလို့ရတယ်လို့လည်း သိရပါတယ်။

ဦးအောင်စိုး
(ရွှေသပြေ -သစ်အချောထည်လုပ်ငန်း)

ကျွန်တော်ပြထားတဲ့ ပွတ်လုံးတွေဟာ ဝါးရုံမှာ ဆွေးသွားမယ့် ဝါးတွေကို အသုံးပြုပြီး တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ အဲဒီလို အသုံးပြုလိုက်တဲ့အတွက် ပွတ်လုံးတွေလုပ်ဖို့ အခွင့်အရေးရတဲ့အပြင် ဝါးရုံမှာ အငုတ်တွေရှင်းသွားမယ်ဆိုရင် မျှစ်ထွက်လာမယ်၊ မျှစ်ထွက်လာရင် မဆုံးရှုံးတော့ပါဘူး။ ဒီလိုရည်ရွယ်ချက်တွေနဲ့ ဝါးရုံမှာ ဆွေးမြည့်နိုင်တဲ့ ဝါးငုတ်တွေကို ပွတ်လုံးလုပ်တာ ဖြစ်ပါတယ်။ ပွတ်လုံးက တစ်ဆင့် တိုင်၊ တံခါးရွက်တွေလည်း လုပ်လို့ရပါတယ်။ ဆွေးမြည့်ပြီး ထင်းဖြစ်မယ့်ဝါးကို တံခါးရွက်တွေလုပ်တဲ့ အပြင် ဟန်းဆက်တင်တဲ့ခုံ၊ ပွတ်လုံး စသည်ဖြင့်လည်း လုပ်လို့ရပါတယ်။ ပြည်ပအထိတင်ပို့နိုင်ဖို့လည်း အစီအစဉ်တွေ ရှိပါတယ်။

ဦးကက်နက်စိန်
(ရွှေသုန္ဒရီ မြန်မာ့သနပ်ခါးထုတ်လုပ်ရေး လုပ်ငန်း)

ရွှေသုန္ဒရီ သနပ်ခါး ၂၃ မျိုးကို ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်ပါတယ်။ မြန်မာ့သနပ်ခါးကို ကမ္ဘာသို့ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းပြိုင်ပွဲလည်းရှိပါတယ်။ အဲဒီအတွက် ပြိုင်ပွဲဝင်ဖို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ တတိယဆု ရထားပါတယ်။ ပြပွဲမှာ ကျွန်တော်တို့ ထုတ်ကုန်တွေ၊ စွန့်ဦးတီထွင်ထားတာတွေကို စက်မှုပြပွဲ ဆုရတဲ့သူတွေ အကုန်လုံး MSME ပွဲမှာ ပြိုင်ပွဲဝင်ရတယ်။ သနပ်ခါးကို စွန့်ဦးတီထွင်ပြီး ပြုလုပ်ထားတာပါ။ သနပ်ခါးက Day Cream၊ Night Cream၊ ရေမွှေး၊ ရွှေပါတဲ့ဂျယ်လ်၊ Body Lotion ၊ မျက်နှာသစ်ဆပ်ပြာ၊ ဆပ်ပြာတုံးဆိုပြီး အမျိုးအစား ၂၃ မျိုး ထုတ်လုပ်ပါတယ်။ ထပ်ပြီး တိုးမြှင့်ထုတ်လုပ်မှာက သနပ်ခါးသည် အေးချမ်းစေသည်၊ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးသုံးကြသည်၊ ငြိမ်းချမ်းရေး သနပ်ခါးဆိုပြီး ထုတ်လုပ်ဖို့လည်း ရှိပါတယ်။

ဒေါ်ယုယုဌေး
(ပယင်းနှင့် ပယင်းဆက်စပ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း)

ပယင်းခေါင်းအုံး၊ ပယင်းနဲ့ ဆက်စပ်ပစ္စည်းတွေ ထုတ်ရင်းက ပရုပ်ဆီ၊ လိမ်းဆေးဆီတို့လည်း ထုတ်ပါတယ်၊ အခုနောက်ဆုံးထုတ်တာ ပယင်းလိုက်ကာ၊ တူ၊ ဇွန်းတွေလည်း ထုတ်နေပါတယ်။ ပြည်ပပို့ကုန်မှာဆိုရင် ပယင်းပရုပ်ဆီကို စင်ကာပူ၊ မလေးရှား၊ သြစတြေးလျ၊ ကနေဒါ၊ အမေရိကနှင့် ထိုင်းနိုင်ငံတို့ကို ပို့ပါတယ်။ ပယင်းနှင့် ပယင်းဆက်စပ်ပစ္စည်းထုတ်လုပ်ဖြန့်ချိရေးအမည်နှင့် ရေဝတီတိုင်းဒေသကြီးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း MSME များ၏ တတိယအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ ဒုတိယဆု ရရှိခဲ့တာဖြစ်ပါတယ်။

မြန်မာ့ပယင်းက ကမ္ဘာမှာ အရှားဆုံးပစ္စည်း ဖြစ်ပါတယ်။ မြန်မာ့ပယင်းရဲ့ အရောင်၊ ပယင်းကနေပေးတဲ့ အစွမ်းသတ္တိဟာ လူသားအားလုံးကို အကျိုးပြုတယ်ဆိုတာကို ပြောချင်ပါတယ်။ ပယင်းသည် သစ်စေးကဖြစ်သောကျောက်ပါ။ သူက အော်ဂဲနစ်ကျောက် ဖြစ်ပါတယ်။ ပယင်းမှာပါတဲ့ဓာတ်က ၁၀၀ ရာခိုင်နှုန်းလောက် ပြည့်စုံမှုရှိပါတယ်။ ပယင်းက လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပါတယ်။

ကိုကျော်သက်နိုင် (အေးသာယာဝိုင်)

မြန်မာနိုင်ငံမှာ ဝိုင်က ရောင်းအားကောင်းတဲ့အတွက် စပျစ်ကို အေးသာယာမှာ စိုက်တယ်။ ပျဉ်းမနားတစ်ဝိုက်ကို စပျစ်မျိုးစေ့တွေအပြင် နည်းပညာတွေကိုလည်းပေးပြီး စိုက်ပါတယ်။ ရလာတဲ့ စပျစ်တွေကို ပြန်သိမ်းပြီး အေးသာယာက စက်ရုံမှာ ဂျာမနီနည်းပညာနဲ့ ပြန်ပြီးတော့ ဝိုင်ထုတ်ပါတယ်။ ပြည်ပတင်ပို့ဖို့အတွက်လည်း စီစဉ်နေပါတယ်။

မကြည်ဖြူအေး
(ကမ္ဘောဇ လက်ဖက်ထုတ်လုပ်ရေး)

ဒီပွဲကို စစ်ကိုင်းတိုင်း ထုတ်ကုန်အနေနဲ့ သီးသန့်လာရောက်ပြသတာ ဖြစ်ပါတယ်။ လက်ဖက်ကို ရှမ်းပြည်နယ်ကနေ တိုက်ရိုက်ယူပြီး ဓာတုဆိုးဆေးမပါဘဲနဲ့ နှပ်တာဖြစ်ပါတယ်။ လက်ဖက်နဲ့အတူ ပဲကြော်ကိုလည်း အညာဒေသထွက်ကုန်အနေနဲ့ ပြသတာ ဖြစ်ပါတယ်။ ပဲကြော်အမျိုးအစားတွေ အများကြီးရှိတဲ့အထဲက ကျွန်မတို့ ကမ္ဘောဇလက်ဖက်ထုတ်လုပ်ရေးက ခုနစ်ထွေကြော်ကို သီးသန့်ဖော်စပ်ပြီး ရောင်းချတာ ဖြစ်ပါတယ်။ ဆီပါဝင်မှုနည်းပါးတဲ့အတွက် လူကြီးတွေအနေနဲ့ ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။

ဦးကျော်လွင်
(ရွှေပင်လယ် ကြိမ်နဲ့ ကြိမ်ပရိဘောဂ)

စားပွဲ၊ ကုလားထိုင်၊ မှန်တင်ခုံ စတဲ့ အိမ်သုံးပစ္စည်း၊ ကြိမ်ပရိဘောဂကို အမျိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ပါဝင်ပြသခဲ့ပြီး SME အလတ်စား ဒုတိယဆုကိုရတဲ့အတွက် နေပြည်တော်မှာ ဆက်ပြီးပြသပါတယ်။ ရွှေပင်လယ် ကုမ္ပဏီအနေနဲ့ ကုန်ကြမ်းကို ပဲခူး၊ တနင်္သာရီနဲ့ ရောဝတီတိုင်းဒေသကြီး၊ မွန်နဲ့ ရခိုင်ပြည်နယ်တို့က ရရှိပါတယ်။ ပြည်ပပို့ကုန်အနေနဲ့ ကြိမ်အကြမ်းကို ချောပြီး ထိုင်ဝမ်နဲ့ တရုတ်ကို ပို့ပါတယ်။ ပရိဘောဂကိုလည်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြန်မာရဲ့နည်းစနစ်နဲ့ထုတ်တော့ ရောင်းအားနည်းပါတယ်။ ယခုနောက်ပိုင်းမှာ ထိုင်ဝမ်ပရိဘောဂ အတတ်ပညာရှင်တွေကိုခေါ်ယူပြီး နှစ်နှစ်ကျော်လောက် နည်းပညာတွေသင်ယူ၊ ပစ္စည်းတွေ ထုတ်လုပ်တဲ့အတွက် အာရှမှာ အဆင့်မီမီ ရောင်းနိုင်ပါတယ်။

ဒေါ်စွဲ့အေးဆိုင်
(ချယ်ရီ ပယင်းရတနာနှင့် ကချင်ပြည်နယ် ဒေသထွက်ကုန်များ)

ကချင်ပြည်နယ်က ဒေသထွက်ကုန်လေးတွေကို လူတွေသိစေချင်တာပါ။ ရောင်းချတဲ့ပစ္စည်းတွေက ပယင်း၊ ကချင်ပြည်နယ်နဲ့ ပူတာအိုက ဒေသထွက်ကုန်လေးတွေပါတယ်။ ပယင်းနဲ့ ပတ်သက်လို့ လက်ဝတ်ရတနာပစ္စည်း၊ ပယင်း ဆက်စပ်ပစ္စည်းတွေလည်းပါတယ်။ ဆေးမြစ်တွေအနေနဲ့ ဂျင်ဆင်းမြစ်၊ ခမ်းတောက်မြစ်၊ မဂျစ်ဥ၊ မျက်စိအားတိုးဆေးတို့ကို ပါဝင်ပြသတာ ဖြစ်ပါတယ်။

ဦးကျော်နိုင်သန်း
(ထန်းနှင့် သစ်အချောထည်စက်ရုံ)

မကွေးတိုင်းဒေသကြီး MSMEs ပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့အတွက် ပါဝင်ပြသခြင်း ဖြစ်ပါတယ်။ ပရိဘောဂပိုင်းမှာ လူအသုံးများတဲ့ပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေကို အများဆုံး ပြသထားပါတယ်။ လေ့လွင့်ပျက်စီးတဲ့ ထန်းပင်အိုတွေ၊ အနှစ် ၆၀ က ၁၀၀ အတွင်းက ထန်းပင်အိုတွေ၊ ထုတ်လုပ်မှုအရည်သွေးနဲ့ ကိုက်ညီတဲ့ ထန်းပင်အိုတွေနဲ့ ထုတ်လုပ်ပါတယ်။ လက်ရှိအနေအထားမှာ ပြည်ပကို တင်ပို့တဲ့အဆင့်အထိ မရောက်သေးပါဘူး။ တင်ပို့နိုင်ဖို့လည်း ကြိုးစားနေပါတယ်။

တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ မွေးကြူဇင်
ဓာတ်ပုံ-ကျော်ဇင်ထိုက်

ထွန်စက်ပိုင်ရှင် ကိုသာမောင်

သားမောင်မောင်

ကိုသာမောင်တစ်ယောက် လယ်ထွန်စက်အသစ်ကြီးကို သန့်ရှင်းရေးလုပ်ရင်း လေကလေးတချွန်ချွန်ဖြင့် အပျော်ကြီး ပျော်နေသည်။ ဒီကနေ့ လယ်ထွန်စက်အသစ်ကြီးနှင့် လယ်စထွန်ရတော့မည် ဆိုတော့ မပျော်ရှိပ့ါမလား။ သားဖြစ်သူကိုကြည့်ရင်း ဖခင်ဖြစ်သူ ဦးသာအောင်ခေါ် ဖိုးသာအောင်လည်း အပျော်တွေ ကူးစက်ကာ ထွန်စက်ကြီးကို ကြည့်ပြီး ပီတိမျက်နှာဖြင့် အပြုံးတွေဝေနေသည်။

ကိုသာမောင်တို့ မမွေးခင်ကတည်းက မိဘလက်ငုတ် လယ် ၁၀ ဧက၊ ယာ ခုနစ်ဧကကျော်ကို လယ်သမားကြီး ဖိုးသာအောင်တစ်ယောက် နွားနှစ်ကောင်နှင့် ပင်ပင်ပန်းပန်း မိရိုးဖလာ ထွန်ယက်စိုက်ပျိုးလာခဲ့သည်မှာ မနေ့ကအထိဟု ပြောရပေမည်။ ယနေ့တော့ ဖိုးသာအောင်တို့ မိသားစုနှင့် အတူပင်ပန်းခဲ့သည့် နွားနှစ်ကောင်ကို အငြိမ်းစားပေးနိုင်တော့မည်။ ဖိုးသာအောင်၏ မျိုးဆက် သားဖြစ်သူ ကိုသာမောင်နှင့် အတူ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီနည်းများ အသုံးပြုနိုင်တော့မည်ဖြစ်၍ မိသားစုအားလုံး အတိုင်းထက်အလွန် ပျော်ရွှင်နေသည်မှာ မဆန်းလှဟုဆိုရပေမည်။ ထွန်စက်ကြီးနားတွင်လည်း အိမ်နီးချင်း ၄၊ ၅၊ ၆ယောက်လောက် စိတ်ဝင်တစားကြည့်နေကြသည်။

"ဟေ့ သာမောင် မင်းထွန်စက်ကြီးက ဘယ်လောက်ပေးရလဲကွ၊ ဘယ်နိုင်ငံထုတ်လဲ"

" Kubota ထွန်စက်ကြီးဗျ ဘကြီးရ၊ ဂျပန်နိုင်ငံက ထုတ်တာ၊ ကျပ်သိန်း ၄၂၀ တောင် ပေးရတယ်"

ဘကြီးဦးချို၏အမေးကို ကိုသာမောင်တစ်ယောက် စက်သန့်ရှင်းရေးလုပ်နေရင်းမှ ပြန်ဖြေလိုက်သည်။

"ဟေ ဈေးက မနည်းပါလားဟ၊ မင်းတို့ ဘယ်လိုနည်းနဲ့ ဝယ်ခဲ့တာလဲ တို့ကိုလည်း ပြောပါဦးဟ"

မိသားစု လုံလောက်ရုံ ခြိုးခြံချွေတာနိုင်မှ၊ မိုးလေဝသ ကောင်းသည့်နှစ်မှ ပိုလျှံရုံရှိသည်။ ကိုသာမောင်တို့ မိသားစု အနေဖြင့် ကျပ်သိန်း ၄၀၀ ကျော်တန် ထွန်စက်ကြီးဝယ်ခဲ့တယ် ဆိုတာ အံ့သြတကြီး မေးဟန်တူပါတယ်။

"ဘကြီးချိုရေ ဒီစက်ကြီးအတွက် ငွေတစ်ခါတည်းပေးခဲ့ရတာ မဟုတ်ဘူးဗျ၊ စက်တန်ဖိုးရဲ့၃၀ ရာခိုင်နှုန်းပဲ ကျွန်တော်တို့က ဘဏ်ကို စုဆောင်းငွေသွင်းပေးရတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က JICA ချေးငွေနဲ့ ငါးနှစ်အထိ စိုက်ပျိုးစရိတ်ချေးငွေအတိုးနှုန်းအတိုင်း ၁ နှစ် ၈ ကျပ်တိုးနဲ့ အရစ်ကျ ဝယ်လာခဲ့တာဗျ၊ ဘဏ်ကတော့ ငွေပဲချေးပေးတာပါ။ စက်ကိုတော့ -----------ကုမ္ပဏီက ဝယ်ခဲ့တာဗျ"

"တယ် ဟုတ်ပါလား၊ ငါတို့လည်း စိတ်ဝင်စားတယ်ဟေ့ မင်းသူငယ်ချင်းငထွန်းနဲ့ တိုင်ပင်ပြီး သူလုပ်နိုင်ရင်တော့ ငါတို့လည်း ထွန်စက်ဖြစ်ဖြစ်၊ ရိတ်သိမ်းခြွေလှေ့စက်ဖြစ်ဖြစ် ဝယ်ချင်တယ်ကွာ"

"ဝယ်သင့်တယ် ဘကြီးရ၊ ဒီလိုအခွင့်အရေးမျိုး အခုပေါ်လာပြီဆိုတော့ လုပ်နိုင်တဲ့ တောင်သူတွေအားလုံး စဉ်းစားသင့်ပါတယ်"

"ဒါဆို ဘယ်ကိုသွားရမယ်၊ ဘယ်သူ့ဆီ သွားရမယ်ဆိုတာ ပြောပါဦး ငါ့တူရ"

"မြို့က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲကို သွားလိုက်ပါ။ မန်နေဂျာနဲ့တွေ့ပြီး ဘကြီးသိချင်တာတွေ အကုန်မေးလို့ရပါတယ်။ လယ်ထွန်စက်တွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေကိုတော့ မြို့ပေါ်မှာဆို ကုမ္ပဏီ လေး၊ ငါးခုတောင် ရောင်းနေပြီဗျ၊ ကိုယ်ကြိုက်တဲ့ စက်အမျိုးအစားကို ရွေးချယ်ပြီး ဘဏ်နဲ့ ချိတ်ဝယ်ရင်ရပါတယ်"

"အေး ကောင်းပြီကွာ၊ မနက်ဖြန်၊ သန်ဘက်လောက် သွားမယ်ဟေ့၊ မင်းတို့ထဲက စိတ်ဝင်စားတဲ့သူတွေလည်း လိုက်ခဲ့ကြမလား"

"ဦးချိုတစ်ယောက် အသက်ကသာ ၆၀ ကျော်လာတယ်။ လူငယ်တစ်ယောက်လို တက်ကြွဖျတ်လတ်နေပါတယ်"

"ကျွန်တော်တို့လည်း လိုက်မယ် ဘကြီးရေ၊ သန်ဘက်ခါ မနက်လောက်သွားကြရင် မကောင်းဘူးလား"

"အေး ဒါဆိုလည်း သန်ဘက်ခါ ရုံးဖွင့်ရက်ကျ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို သွားကြတာပေါ့ကွာ"

ရွာသာယာရွာမှ ဦးချိုတို့ တောင်သူငါးဦး မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ရောက်ခဲ့ကြသည်-

ဦးချို ။ ။ တူမကြီးရေ ဘကြီးတို့က ရွာသာယာ ရွာကပါ။ ဒီဘဏ်က လယ်ထွန်စက်တွေ၊ လယ်ယာသုံးစက်တွေဝယ်ဖို့ ငွေချေးပေးတယ်ဆိုလို့ စုံစမ်းတာပါကွယ်။

မန်နေဂျာ ။ ။ သြော် -ဘကြီးတို့က JICA, Two Step Loan **ချေးငွေ**နဲ့ လယ်ယာသုံးစက်ကိရိယာတွေဝယ်ချင်လို့ ထင်တယ်၊ ရှင်းပြပေးပ့ါမယ်ရှင့်၊ ဒီက လက်ကမ်းစာစောင်လေးတွေ ဖတ်ကြည့်ပေးပါ။ ရော့ ရော့။

ဦးချို ။ ။ ဘကြီးတို့ကတော့ JICA ချေးငွေတွေ၊ ဘာတွေ သိပ်နားမလည်ပါဘူးကွယ်။ အဆင်ပြေတဲ့နည်းနဲ့ စက်တွေဝယ်ချင်တာ အဓိကပါပဲ။

မန်နေဂျာ ။ ။ ဒီလိုဘကြီးရဲ့...ဒီချေးငွေက ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းက အရင်းအနှီး ထုတ်ပေးထားတဲ့ငွေဖြစ်လို့ JICA, Two Step Loan လို့ အလွယ် ခေါ်တာပါ။ မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးစေဖို့ ထုတ်ချေးပေးတဲ့ **စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ** လို့ ခေါ်ပါတယ်။

လယ်ထွန်စက်ဖြင့် တောင်သူတစ်ဦး လုပ်ငန်းခွင်ဝင်နေစဉ်။

ဦးချို ။ ။ သြော်သြော်၊ ဘာကြောင့် တူးစတက်လုံးလို့ ခေါ်တာလဲပြောပါဦး မန်နေဂျာကြီး။

မန်နေဂျာ ။ ။ JICA က စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုတစ်ဆင့် ချေးပေးတယ်။ ဝန်ကြီးဌာနကိုယ်စား ကျွန်မတို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူတွေကို သက်သာတဲ့ အတိုးနှုန်းနဲ့ ထပ်ဆင့်ထုတ် ချေးတဲ့အတွက် အဆင့် နှစ်ဆင့် ဖြစ်လို့ Two Step Loan၊ နှစ်ဆင့်ချေးငွေလို့ ခေါ်တာပါ။

ဦးချို ။ ။ ဆက်ပြောပါဦး မန်နေဂျာကြီး။

မန်နေဂျာ ။ ။ ဘကြီးတို့ နားလည်အောင် JICA, Two Step Loan ချေးငွေအမျိုးအစား၊ ထုတ်ချေးမယ့်လုပ်ငန်းအမျိုးအစား၊ အာမခံကိစ္စတွေကို တစ်ခုချင်း ရှင်းပြပေးပါမယ်။

ဦးချို ။ ။ ကောင်းတာပေ့ါကွယ်။

မန်နေဂျာ ။ ။ ပထမဆုံး ချေးငွေအမျိုးအစားကို ရှင်းပြပါမယ်။ JICA ချေးငွေမှာ ကျွန်မတို့ဘဏ်က တောင်သူတွေကို နှစ်လတ်သုံးနှစ်နဲ့ နှစ်ရှည် ငါးနှစ် ချေးငွေဆိုပြီး အမျိုးအစားနှစ်မျိုး ထုတ်ချေးပေးလျက် ရှိပါတယ်။ တန်ဖိုးနည်းတဲ့ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ထော်လာဂျီလိုဟာတွေကို သုံးနှစ်ချေးပေးပြီး ထွန်စက်ကြီးတွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေ၊ ဆန်စက်၊ ဆီစက်တွေလို တန်ဖိုးကြီးတဲ့ စက်တွေကိုတော့ ငါးနှစ် ချေးပေးပါတယ်။ ချေးငွေအတိုးနှုန်းကတော့ ကျပ်၁၀၀ ကို တစ်နှစ် ရှစ်ရာခိုင်နှုန်း၊ တစ်လမှာ ၆၇ ပြား၊ စိုက်ပျိုးစရိတ်ချေးငွေအတိုးနှုန်းနဲ့ အတူတူ ဖြစ်ပါတယ်။ တောင်သူတစ်ဦးချင်းဆိုရင် ကျပ်သိန်း ၅၀၀ အထိ ချေးပေးပါတယ်။ တောင်သူအစု အဖွဲ့လိုက် ဆိုရင်တော့(တောင်သူသုံးဦးက ၁၀ ဦးအထိ စုဖွဲ့ရမှာဖြစ်ပြီး) ချေးငွေ ကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးပါတယ်။ ချေးငွေရရှိတဲ့ တောင်သူဦးကြီးတွေက ခြောက်လ တစ်ကြိမ် အတိုးပေးသွင်းရမှာဖြစ်ပြီး အရင်းကိုတော့ တစ်နှစ်တစ်ကြိမ် ချေးငွေသက်တမ်းအလိုက် အရစ်ကျ ပေးဆပ်ရမှာ ဖြစ်ပါတယ်။ ချေးငွေ သက်တမ်းပြည့်တဲ့အချိန်မှာ အရင်းအတိုး ပြေကြေစွာ ပေးဆပ်ရမှာ ဖြစ်ပါတယ်။

ဦးချို ။ ။ ချေးငွေက ဘကြီးတို့ကို ငွေသားပေးမှာလား။

မန်နေဂျာ ။ ။ မဟုတ်ပါဘူး ဘကြီး၊ ဘကြီးတို့က ကိုယ်လိုချင်တဲ့ စက်ကိရိယာကို၊ စက်ကိရိယာ ရောင်းချတဲ့ ကုမ္ပဏီ၊ အရောင်းဆိုင်တွေမှာ စိတ်ကြိုက်ရွေးချယ်ရမှာဖြစ်ပြီး စိတ်ကြိုက်စက် တွေ့ပြီဆိုတာနဲ့ဘဏ်ကိုလာခဲ့ပါ။ ကျွန်မတို့က ဘကြီးတို့ရဲ့ ပိုင်ဆိုင်မှုတွေ၊ အာမခံထားရမယ့် ကိစ္စတွေ စိစစ်ပြီး ပြည့်စုံပြီဆိုတာနဲ့ ဘကြီးတို့နဲ့ ဘဏ်ခွဲနဲ့ စာချုပ်ချုပ်ပါတယ်။ ဘကြီးတို့ဝယ်မယ့် စက်ရောင်းချတဲ့ကုမ္ပဏီကို ကျွန်မတို့ဘဏ်က Crossed Cheque နဲ့ ငွေချေးပါမယ်။ ဘကြီးတို့က ကုမ္ပဏီက ရောင်းတဲ့စက်ကို လက်ခံယူဖို့ဖြစ်ပါတယ်။ စက်ရွေးချယ်မှု၊ စက်ကုမ္ပဏီ ရွေးချယ်မှုကို ဘဏ်ကလုပ်ပေးမှာ မဟုတ်ပါဘူး၊ ဘကြီးတို့ စိတ်ကြိုက်လွတ်လပ်စွာ ရွေးချယ်ဝယ်ယူနိုင်ပါတယ်။

ဦးချို ။ ။ ဆက်ပြီးပြောပါဦး တူမကြီး။

မန်နေဂျာ ။ ။ နောက်တစ်ခုက JICA, Two Step Loan ချေးငွေနဲ့ ဘယ်လို စက်ကိရိယာတွေ၊ ဘယ်လိုလုပ်ငန်းအမျိုးအစားတွေ ဝယ်ယူဆောင်ရွက်လို့ရတယ်ဆိုတာ ရှင်းပြချင်ပါတယ်။ တောင်သူအများစုက ဒီချေးငွေနဲ့ လယ်ထွန်စက်ကြီးတွေ၊ Combine Harvester လို့ခေါ်တဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေပဲ ဝယ်လို့ရတယ် ထင်နေလို့ပါ။

ဦးချို ။ ။ လယ်ထွန်စက်နဲ့ရိတ်သိမ်းစက်က ငွေရှာရ အဆင်ပြေတယ်လေ တူမကြီးရဲ့။

မန်နေဂျာ ။ ။ အဲဒါလည်း မှန်ပါတယ် ဘကြီး။ ဒါပေမယ့် လက်မှုလယ်ယာက စက်မှုလယ်ယာကို ကူးမယ်ဆိုရင် လယ်ထွန်စက်ကြီးတွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေ ရှိရုံနဲ့ မလုံလောက်သေးတော့ ကောက်စိုက်စက်တွေ၊ မျိုးစေ့သန့်စင်စက်တွေ၊ အခြောက်ခံစက်တွေ၊ သိုလှောင်ရုံတွေ၊ ဆီစက်၊ ဆန်စက်ကအစ ကောက်ပဲသီးနှံတွေကို တန်ဖိုးမြှင့်ထုတ်ကုန် Value Added ထုတ်နိုင်မယ့်၊ တစ်ပိုင်တစ်နိုင်စက်တွေကအစ လုပ်ကိုင်ဖို့ စဉ်းစားသင့်ပါတယ်။

ဦးချို ။ ။ သမီးတို့ JICA ချေးငွေက အဲဒီစက်တွေအတွက်ရော ချေးပေးတာလား။

မန်နေဂျာ ။ ။ မှန်ပါတယ် ဘကြီး။ JICA ချေးငွေနဲ့ ချေးပေးလို့ရတဲ့ လယ်ယာသုံးစက်ကိရိယာတွေက

(က) လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်ရိတ်စက်၊ မျိုးစေ့သန့်စင်စက်၊ ပျိုးကြဲစက် အပါအဝင် လယ်ယာသုံးစက် ကိရိယာတွေ

(ခ) လယ်ယာစိုက်ပျိုးရေး အခြေခံစက်ပစ္စည်း ကိရိယာတွေ၊ သိုလှောင်ရုံ၊ အခြောက်ခံစက်၊ ဂိုဒေါင်၊ ဆန်စက်၊ ဆီစက်၊ အစာကြိတ်စက်၊ အစာစပ်စက်၊ တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်တဲ့စက်တွေအားလုံး ဝယ်နိုင်ပါတယ်။

ဦးချို ။ ။ ဟန်ကျသဟေ့၊ ရွာရောက်ရင် တောင်သူတွေကို ရှင်းပြလို့ရပြီ။

မန်နေဂျာ ။ ။ ဒီ JICA ချေးငွေရယူမယ်ဆိုရင် နံပါတ် (၁) က တောင်သူဖြစ်ရပါမယ်။ (၂)က တောင်သူအမည်ပေါက် ပိုင်ဆိုင်တဲ့ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ - ၇) တင်ပြနိုင်ရပါမယ်။ (၃)က ကိုယ်ဝယ်မယ့် စက်ကိရိယာတန်ဖိုးရဲ့၃၀ ရာခိုင်နှုန်းကို ဘဏ်မှာ စုဆောင်းငွေအဖြစ် စုရပါမယ်။ အဲဒီ စုငွေအတွက် ဘဏ်ကချေးငွေ အတိုးနှုန်းအတိုင်း ကျပ် ၁၀၀ ကို တစ်နှစ် ရှစ်ရာခိုင်နှုန်း အတိုးနဲ့ တောင်သူကို ပြန်ပေးပါတယ်။ (၄)က တောင်သူပိုင်ဆိုင်တဲ့အိမ်၊ မြေတွေကို အပေါင်အဖြစ် ဘဏ်ကို ချေးငွေ မကျေမချင်း ထားရပါမယ်။ (၅)က ဝယ်ယူတဲ့ စက်ကိရိယာတွေရဲ့ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေကို ဘဏ်ကို ပေးထားရပါမယ်။ (၆)က အာမခံသူ နှစ်ဦး လက်မှတ်ရေးထိုး ရပါမယ်။

ဦးကြီးတစ်ဦး ။ ။ ငွေချေးဖို့ကိုက်ညီရမယ့်အချက်တွေကိုတော့ သိပါပြီ။ ကျန်တာအားလုံးရှိပါတယ်။ အဆင်ပြေတယ်။ ကိုက်ညီပါတယ်။ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေက ကျွန်တော်တို့အတွက် အခက်အခဲတစ်ခုပဲ၊ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေ မထားလို့ မရဘူးလား ဆရာမ။

မန်နေဂျာ ။ ။ အခုထုတ်ချေးတဲ့ ချေးငွေက ပမာဏလည်း များပါတယ်။ ပြန်ဆပ်ရမယ့် ကာလကလည်း သုံးနှစ်၊ ငါးနှစ်ဆိုတော့ နှစ်လတ်၊ နှစ်ရှည် ချေးငွေဖြစ်တယ်။ ချေးငွေတစ်ခုထုတ်ချေးတဲ့အခါမှာ ချေးငွေထုတ်ချေးသူဘဏ်အတွက်ရော ချေးငွေလက်ခံသူ တောင်သူအတွက်ပါ အဆင်ပြေမယ့်နည်းလမ်း၊ ကြွေးကျန်မဖြစ်စေဖို့နဲ့ ပေးဆပ်မှုအဆင်ပြေစေဖို့ အရေးကြီးပါတယ်။ ဘဏ်အများစုက ဆောင်ရွက်တဲ့ ချေးငွေအများစုဟာ အာမခံအပေါင်ပစ္စည်း Collateral ရယူပြီးမှ ထုတ်ချေးကြတာဖြစ်ပေမယ့် JICA ချေးငွေ မှာ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေနဲ့ (ပုံစံ -၇)ကို သာ အဓိကရယူထားတာ ဖြစ်ပါတယ်။

ဦးကြီးတစ်ဦး ။ ။ ဆက်ပြောပါဦး ဆရာမ။

မန်နေဂျာ ။ ။ နောက်ပြီး ချေးငွေပမာဏကျပ်သိန်း ၄၀၀ လောက်ရယူမယ့် တောင်သူတစ်ဦးဟာ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေကျပ်သိန်း ၁၂၀ ရာခိုင်နှုန်းလောက် မရှာနိုင်ဘူး၊ မထည့်နိုင်ဘူးဆိုရင် ပြန်လည်ပေးဆပ်မှုမှာ အခက်အခဲရှိနိုင်ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်ဟာ ချေးငွေပမာဏများများနဲ့ ထိုက်တန်မှု ရှိ မရှိ၊ ပြန်လည်ပေးဆပ်နိုင်စွမ်း ရှိ မရှိ အကဲဖြတ်တာလည်း ဖြစ်သလို ၃၀ ရာခိုင်နှုန်း စုဆောင်းငွေရှိထားတဲ့အတွက် ဥပမာ -ကျပ်သိန်း ၄၀၀ တန် စက်ကို ဝယ်ရင် ၃၀ ရာခိုင်နှုန်း ကျပ်သိန်း ၁၂၀ ထည့်ထားပြီးဖြစ်တဲ့ အတွက် တောင်သူအတွက်လည်း လတ်တလောမှာ အခက်အခဲရှိပေမယ့် ရေရှည်မှာ အဆင်ပြေမှာ ဖြစ်သလို ဘဏ်အတွက်လည်း ကြွေးကျန် MPL မရှိစေဖို့အတွက် ဆောင်ရွက်ထားတာဖြစ်လို့ ဘဏ်အတွက်ရော တောင်သူအတွက်ပါ အဆင်ပြေအောင် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်ထားတဲ့ စနစ်ဖြစ်ပါတယ်။ ကိုယ်က ၃၀ ရာခိုင်နှုန်း စုဆောင်းငွေ နည်းနည်းပဲ စုနိုင်တယ်ဆိုရင်တော့ တန်ဖိုးနည်းတဲ့ လက်တွန်းထွန်စက်လို၊ ထော်လာဂျီလိုဟာမျိုး ရွေးချယ်ဝယ်သင့်ပါတယ်။

ဦးကြီးတစ်ဦး ။ ။ အင်း - ဆရာမ ပြောတော့လည်း သိရပါပြီ။ အဖိုးတန်စက်တွေ လိုချင်ရင်တော့ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေကို အရင်ရှာရမှာပေ့ါလေ။

ဦးချို ။ ။ မန်နေဂျာကြီး JICA ချေးငွေနဲ့ တောင်သူ ဘယ်နှယောက် ချေးထားပြီးပြီလဲ။ တစ်နိုင်ငံလုံး ချေးငွေဘယ်လောက် ချေးထားပြီးပြီ ဆိုတာ သိပါရစေ။

မန်နေဂျာ ။ ။ ဘကြီးမေးတာ သိပ်ကောင်းပါတယ်။ JICA , Two Step Loan ချေးငွေကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှာစတင်ပြီး တောင်သူတွေကို ထုတ်ချေးခဲ့ပါတယ်။ ဂျပန်ကပေးတဲ့ ချေးငွေပမာဏ ဂျပန်ယန်း ၁၅၁၇၅ သန်း မြန်မာငွေနဲ့ဆိုရင် ကျပ်သန်း ၂၀၀၀၀၀ ကျော် ရှိပါတယ်။ ၂၂-၂-၂၀၁၉ ရက်နေ့အထိ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး /ပြည်နယ် ၁၃ ခုရှိ မြို့နယ် ၁၄၉ ခုက တောင်သူ ၁၈၂၇ ဦးကို လယ်ထွန်စက်ကြီး ၈၀၆ စီး၊ ရိတ်သိမ်း ခြွေလှေ့စက် ၈၈၂ စီး၊ ထော်လာဂျီ ၁၂၁ စီး၊ လက်တွန်းထွန်စက် ၁၇ စီး၊ ဆန်စက်တစ်လုံးအတွက် ကျပ် ၇၁၀၃၈ သန်းကျော် ထုတ်ချေးထားပြီး ဖြစ်ပါတယ်၊

ဦးချို ။ ။ ဟာ အများကြီးပဲ။ ကျွန်တော်တို့တော့ ရွာက ကိုသာမောင် ထွန်စက်ဝယ်တော့မှပဲ ဒီချေးငွေအကြောင်းသိတော့တယ်။ ရွာရောက်ရင် အကုန်သိအောင် ပြောပြပါမယ်။

မန်နေဂျာ ။ ။ ဦးကြီးက ကျွန်မတို့ဘဏ်ကို မရောက်လို့ပါ။ ဘဏ်ကိုရောက်တဲ့ တောင်သူတွေကိုရော ရပ်ကျေးဥက္ကဋ္ဌတွေကိုပါ JICA ချေးငွေအကြောင်း၊ MEB, Two Step Loan အကြောင်း မကြာခဏ ရှင်းပြပါတယ်။ MADB ဘဏ်ရုံးချုပ်ကနေလည်း နိုင်ငံပိုင်သတင်းစာတွေ၊ ရေဒီယိုတွေကနေလည်း အခါအားလျော်စွာ အသိပေးလျက်ရှိပါတယ်။

ဦးချို ။ ။ ဟေ MEB, Two Step Loan ဆိုတာရော ရှိသေးတာလား။

မန်နေဂျာ ။ ။ ရှိတာပေ့ါ ဦးကြီးရယ်၊ ကျွန်မတို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အရင်ကလို စိုက်ပျိုးစရိတ် ချေးငွေတစ်ခုတည်း ထုတ်ချေးပေးတာ မဟုတ်တော့ပါဘူး။ တကယ်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ တောင်သူတွေ၊ အရင်းအနှီးလိုတဲ့ တောင်သူတွေအတွက် နှစ်လတ်၊ နှစ်ရှည် ချေးငွေဖြစ်တဲ့ JICA, Two Step Loan ချေးငွေကို ထုတ်ချေးပေးနေသလို စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းလုပ်တဲ့ လုပ်ငန်းရှင်တွေအတွက်ရော လယ်ယာကုန်ထုတ်လုပ်ငန်းလုပ်တဲ့ တောင်သူတွေအတွက်ပါ အရင်းအနှီးတွေရစေဖို့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ စီစဉ်မှုနဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပေါင်းပြီး MEB, Two Step Loan ဆိုတာလည်းချေးပေးနေပါပြီရှင့်။ နောက်တစ်ခေါက် မြို့ရောက်ရင် ဘဏ်ကို ဆက်ဆက်လာခဲ့ဦးနော်။ ထပ်ပြီး ရှင်းပြပ့ါမယ်။

ဦးချို ။ ။ ဟန်ကျသဟေ့ ဒီနေ့လာလိုက်တာသိချင်တာတွေသိရပြီ။ နောက်တစ်ခေါက်မှ MEB,Two Step Loan အကြောင်း ရှင်းပြပါဦး၊ ဒီနေ့တော့ အချိန်အတော် လင့်သွားပြီမို့ လယ်ထွန်စက်တွေ၊ ရိတ်သိမ်း ခြွေလှေ့စက်တွေ ရောင်းတဲ့ဆိုင်တွေဆီ သွားကြည့်လိုက်ဦးမယ်။ ခွင့်ပြုပါဦး တူမကြီး ကျေးဇူးလည်းတင်ပါတယ်။

မန်နေဂျာ ။ ။ ကျွန်မတို့ဘဏ်ကလည်း ဦးကြီးတို့ တောင်သူတွေကို ကျေးဇူးအထူးတင်ပါတယ်ရှင်။ ။

❁ *ကျောဖုံးမှ*

ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ရှေးဟောင်းမြန်မာ့သမိုင်းကြောင်း တစ်လျှောက်တွင် လူများဖန်တီးခဲ့သည့် အနုပညာလက်ရာများနှင့် ဗိသုကာလက်ရာများကို ဒြပ်ရှိယဉ်ကျေးမှုများအဖြစ် နိုင်ငံတစ်ဝန်းတွင် အမြောက်အမြား တွေ့ရှိနိုင်ပါကြောင်း၊ ထို့အတူ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ပွဲတော်များစသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသား လူမျိုးစုအားလုံးတွင် တွေ့ရှိနိုင်ပါကြောင်း၊ ထိုသို့ ခေတ်အဆက်ဆက် ပေါ်ထွန်းတည်ရှိခဲ့သည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များမှ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်း သုံးမြို့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဂုဏ်ယူစွာ မှတ်တမ်းတင်နိုင်ခဲ့

အလားတူ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ကျောက်စာများ၊ မြစေတီ(ရာဇကုမာရ်)ကျောက်စာ၊ ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာတို့သည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစွာ မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြ ကျောက်စာကိုလည်း ၂၀၁၈ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းသတ်မှတ်ခံခဲ့ရပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ် သတ်မှတ်နိုင်ရေးအတွက် ၂၀၂၀ ခုနှစ် UNESCO သို့ ဆက်လက် တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် အဆိုပြုစာတွဲ (အပြည့်အစုံ) Nomination Dossier (Complete)ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ခဲ့ပါကြောင်း။

ပြန်လည်ဖြေကြား

ထိုသို့တင်ပြခဲ့သည့် စာတွဲများကို နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council On Monuments and Sites -ICOMOS) စုံညီအဖွဲ့က ဖတ်ရှုပြီး အဖွဲ့၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်က ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၂၅ ရက်အထိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို လာရောက်အကဲဖြတ်လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး ၎င်းအဖွဲ့က မေးမြန်းလာသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်သည့် ဖြေရှင်းမည့်နည်းလမ်းများ၊ စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ အခြေပြမြေပုံရေးဆွဲထားရှိမှု၊ ပုဂံဒေသအတွက် တစ်ခုတည်းသောမြေပုံရေးဆွဲထားရှိမှု၊ ငလျင်အခြေပြမြေပုံ ရေးဆွဲထားရှိမှု၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက်မှုရှိ၊ မရှိ လေ့လာဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပုဂံဒေသအတွင်းရှိ အဆင့်အတန်းမသတ်မှတ်ရသေးသည့် ဘုရား၊ ပုထိုးများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ လူမှုအသိုက်အဝန်းများ ပါဝင်ပတ်သက်မှုအခြေအနေ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အခြေအနေတို့ကို မြန်မာနိုင်ငံမှ ပြန်လည်ဖြေကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး

ထို့ပြင် "ကမ္ဘာ့အမွေအနှစ်စာရင်း၊ ၂၀၁၉ ပုဂံ(မြန်မာ) - ကြားဖြတ်"အစီရင်ခံစာ (Interim Report and Additional Information Request) နှင့် သတင်းအချက်အလက်များကိုလည်း ICOMOS ထံသို့ ပေးပို့ခဲ့ပြီးဖြစ်၍ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ၂၀၁၉ ခုနှစ် ဇွန်လ (၃၀) ရက်မှ ဇူလိုင်လ (၁၀) ရက် အထိ ကျင်းပပြုလုပ်မည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးကို ဆုံးဖြတ်နိုင်တော့မည်ဖြစ်ပါကြောင်း။

သုတေသနပြုရန် လိုအပ်နေ

ဆက်လက်၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ကော်မတီများဖွဲ့စည်း၍ အဆိုပြုစာတွဲ (Nomination Dossier) ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့တင်ပြနိုင်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့သော ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများပင် ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပြီး ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များအပြင် တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်သုတေသနပြုရန် လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသား အားလုံးတွင် တာဝန်ရှိသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားပါကြောင်း။

မြေပုံများရေးဆွဲ ဆောင်ရွက်

မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို အဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်း၊ ဓာတုဗေဒဆိုင်ရာ ကာကွယ်ထိန်းသိမ်းနည်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရန် သိပ္ပံနည်းကျသုတေသနလုပ်ငန်းများနှင့် မြေပုံများရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကို ထုတ်ပြန်ကာကွယ်ထိန်းသိမ်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကိုအသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါဥပဒေတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကိုသာမက ဒေသခံလုပ်သားပြည်သူများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်နှင့် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရေးဆွဲနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ဒုတိယဝန်ကြီး ဦးကြည်မင်း

ဒုတိယဝန်ကြီး ဦးတင်မြင့်

ဒုတိယဝန်ကြီး ဦးလှမော်ဦး

❑ "ကမ္ဘာ့အမွေအနှစ်စာရင်း၊ ၂၀၁၉ ပုဂံ(မြန်မာ) - ကြားဖြတ်" အစီရင်ခံစာ (Interim Report and Additional Information Request) နှင့် သတင်းအချက်အလက်များကိုလည်း ICOMOS ထံသို့ ပေးပို့ခဲ့ပြီးဖြစ်၍ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ၂၀၁၉ ခုနှစ် ဇွန်လ (၃၀) ရက်မှ ဇူလိုင်လ (၁၀) ရက် အထိ ကျင်းပပြုလုပ်မည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကို ဆုံးဖြတ်နိုင်တော့မည်ဖြစ်

ပွင့်ပွင့် လင်းလင်းဆွေးနွေး

ကော်မတီဝင်များအနေဖြင့် နိုင်ငံအတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အတူတကွလက်တွဲ ဆောင်ရွက်သွားနိုင်ရန် ဌာနတစ်ခုနှင့် တစ်ခုဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းကဏ္ဍများသည် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အကြံဉာဏ်ကောင်းများဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေး တိုင်ပင်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများ၊ နေရာဒေသများနှင့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဆက်စပ်ဒေသများ ထိန်းသိမ်း စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အခြေအနေများနှင့် ပြန်လည်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်နိုင်ရေး ရှင်းလင်းတင်ပြ

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အတည်ပြုနိုင်ရေး၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ငလျင်ဒဏ်ခံရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး ဥပဒေရေးဆွဲရေးအတွက် မူဝါဒများချမှတ်ပေးနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးဥပဒေကို မှတ်တမ်းတင်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ ပြတိုက်များဥပဒေ(မူကြမ်း) ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေး၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ ဖွဲ့စည်းမှုကို မှတ်တမ်းတင်နိုင်ရေး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလအထိ ဆုကြေးငွေများချီးမြှင့်၍ စုဆောင်းခဲ့သည့် ရှေးဟောင်း ဝတ္ထုပစ္စည်းစာရင်းကို မှတ်တမ်းတင်နိုင်ရေး၊ အမျိုးသားပြတိုက် (နေပြည်တော်၊ ရန်ကုန်) သို့ ပြည်သူများ လာရောက်လှူဒါန်းသည့် ပစ္စည်းများလက်ခံရရှိမှုနှင့် တိုက်ပိုင်စာရင်းရေးသွင်း ထိန်းသိမ်းထားရှိမှုကို မှတ်တမ်းတင်ပေးနိုင်ရေးနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မှတ်တမ်းပြုစုခဲ့သည့် တိုင်းရင်းသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မှတ်တမ်းတင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးလှမော်ဦးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး သူရအောင်ကိုနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ UNESCO အဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အမျိုးသားယဉ်ကျေးမှုကို ရိုးရာဓလေ့ပင်ကိုယ်ဟန် မပျောက်ပျက်စေဘဲ နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဖော်ထုတ်ရန်လိုသကဲ့သို့ သရုပ်ပျက်အပြုအမူများ မပေါ်ပေါက်စေရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းကိုလည်းဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို တက်ညီလက်ညီ ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးဝမ်းကျောင်းသင်တန်းများလျှောက်ထားနိုင်

ရန်ကုန် မတ် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများအတွက် အီလက်ထရွန်နစ် တစ်နှစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၃ ရက်မှ စတင်သင်ကြားပေးမည်ဖြစ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

တက်ရောက်လိုသူများအနေဖြင့် အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ဖုန်း-၀၁ -၉၆၆၁၇၁၂၊ ၀၉-၂၅၀၁၃၀၃၄၂ နှင့် ၀၉-၄၂၀၀၀-၃၅၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်စရိတ်၊ လစဉ်သင်ထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ကြေးငွေ အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ ကြေညာထားသည်။

သတင်းစဉ်

အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၂

ပြည်သူလူထုအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များဆိုင်ရာ အချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Awareness Raising Workshop on Inter-Professional Education) ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် သဟဇာတခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ သင်ကြားရေး ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လေ့လာရန်အတွက် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဒွေးလိုက်ပါသွားခဲ့ပြီး ခရီးစဉ်မှာ မတ် ၂၆ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲမြို့ပေါ်ရပ်ကွက်များ ရေပေးဝေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

သံတွဲ မတ် ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် သံတွဲမြို့ရှိ မြို့ပေါ်ရပ်ကွက်များ ရေပေးဝေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား သံတွဲမြို့နယ် စည်ပင်သာယာရေး ကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်စောက ရေသိုလှောင်ကန် တည်ဆောက်ထားရှိမှုအခြေအနေ၊ မြို့တွင်း ရေပေးဝေမှုစနစ်၊ ရေပေးဝေရေးအတွက် မိန်းရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်းနှင့် ရေတွန်းစက်ရုံများ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဂါလန်တစ်သိန်းဆံ့ ရေစုကန် တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရေသိုလှောင်ကန်နှင့် ဂါလန်တစ်သိန်းဆံ့ ရေစုကန် တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံတွဲမြို့ပေါ်ရပ်ကွက်များ သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် ရေပေးဝေမှုစနစ် ပိုမိုကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

သံတွဲမြို့ ရေသိုလှောင်ကန်မှ တစ်ဆင့် သံတွဲမြို့ပေါ်ရှိ ရပ်ကွက်ခုနစ်ရပ်ကွက်သို့ သောက်သုံးရေပေးဝေလျက်ရှိကြောင်း သိရသည်။

မျိုးသူထွန်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကိုရီးယားနှင့် မြန်မာနိုင်ငံတို့အကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအလုပ်ရုံဆွေးနွေး

ရန်ကုန် မတ် ၂၂

ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် Wyndham Grand Yangon ဟိုတယ်၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa တို့တက်ရောက်၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ဒုတိယဝန်ကြီးက ပြောကြားရာ၌ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေး အခြေခံအုတ်မြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့်ပူးပေါင်းပြီး မန္တလေး-မြစ်ကြီးနားရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် ရထားတွဲသစ် ၁၀၀ ဝယ်ယူရေးစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို မြန်မာမီးရထားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအသုံးချနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူး (မြို့ပြ)ဦးမင်းချမ်းမွန်က "ဒီမှာ ကိုရီးယားနိုင်ငံက ရထားလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေ၊ လမ်းတည်ဆောက်တဲ့ ကုမ္ပဏီတွေ၊ ရထားဘူတာတွေမှာ အဆင့်မြင့်အဆောက်အအုံဆောက်တဲ့ ကုမ္ပဏီတွေ၊ စက်ခေါင်းတွေ တွဲတွေ လုပ်တဲ့ကုမ္ပဏီတွေက ၃၅ ဦးလောက် ပါလာပါတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ကိုလာပြီး ရှင်းပြတာဖြစ်ပါတယ်" ဟု အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ President of KOURA CEO of Seoul Metro၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ ကိုရီးယားနိုင်ငံ ရထားလုပ်ငန်းနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတွင် အရေးပါသော မြန်မာ့မီးရထားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား စသောနိုင်ငံများ သာမက ဩစတြေးလျနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

ဓာတ်ပုံ - အာကာစိုး

တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၁/၂၀၁၉
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်မောင်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁) ဦးမြင့်သန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
(၂) ဦးဘမြင့် အထွေထွေမန်နေဂျာ(စစ်ဆေးရေး) မြန်မာ့မီးရထား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့မီးရထား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(၃) ဒေါက်တာဇော်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၄) ဒေါက်တာ စိုင်းကျော်နိုင်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ပညာရေးဝန်ကြီးဌာန

သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ (ဝတ်စုံပြည့်) စုပေါင်းလေ့ကျင့်ခြင်းကို ၂၅-၃-၂၀၁၉ ရက်နေ့နှင့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအား ၂၇-၃-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်များတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်း လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ဝဝး၀၅ အချိန်မှ ၁၀း၀၀ အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှ တစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂၂

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း၏ဥက္ကဋ္ဌ Mr. Hideo Watanabe တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးအစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ချက်နှင့်အညီ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ Japan International Cooperation Agency (JICA) တို့နှင့်အတူ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် ကုမ္ပဏီများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း၏ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် တွေ့ဆုံစဉ်။

ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်)စတင်အသုံးပြုနိုင်ရေး နည်းပညာ ရှင်းလင်း

နေပြည်တော် မတ် ၂၂

ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်သည်။

ရှင်းလင်းပွဲတွင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက International Standard Organization (ISO) 10646 နှင့် မြန်မာစာစနစ်ဖြစ်သည့် ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်ဖြင့် ရုံးစာရေးသားခြင်း၊ Web Site များတွင် အသုံးပြုခြင်း၊ Application များနှင့် Database များ စသည်တို့တွင် တစ်ပြေးညီ သုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စံသတ်မှတ်ရေး ဆပ်ကော်မတီမှ ဒေါက်တာထွန်းသူရသက်က နည်းပညာဆိုင်ရာကိစ္စရပ်များ၊ အမှန်တကယ်အသုံးပြုရာတွင် တွေ့ရှိလာနိုင်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) အသုံးပြုမှုကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့်ကီးဘုတ်)အသုံးပြုမှု၊ တွေ့ကြုံရသည့် အဆင်မပြေမှုများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ကွန်ပျူတာသုံး မြန်မာစာစနစ် ပြည်ထောင်စုဖောင့်သည် မြန်မာရေးထုံးများကို လိုက်နာထားပြီး မြန်မာဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားများကိုပါ ရေးသားနိုင်ကြောင်း၊ ဘာသာစကား တစ်ခုမှတစ်ခုသို့ ဘာသာပြန်ဆိုရာတွင် အသုံးပြုနိုင်ကြောင်းနှင့် အစိုးရအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများတွင် ကွန်ပျူတာသုံး မြန်မာစာစနစ် ပြည်ထောင်စုဖောင့်ကို ယခုနှစ် ဧပြီ ၁ ရက်နေ့မှစတင်၍ အသုံးပြုသွားရန် သတ်မှတ်စီစဉ်လျက်ရှိကြောင်း သိရသည်။

နည်းပညာရှင်းလင်းပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ Chief Information Officer (CIO)များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။ **သတင်းစဉ်**

စံသတ်မှတ်ရေးဆပ်ကော်မတီမှ ဒေါက်တာထွန်းသူရသက် ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်းပွဲတွင် ဆွေးနွေးစဉ်။

ကွန်ပျူတာသုံး မြန်မာစာစနစ်(ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်)ကို လာမည့် ဧပြီ ၁ ရက်တွင် စတင်အသုံးပြုသွားမည်

ကွန်ပျူတာသုံး မြန်မာစာစနစ်(ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်)ကို ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများတွင် ဧပြီ ၁ ရက်၌ စတင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကွန်ပျူတာသုံး မြန်မာစာစနစ်(ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်းပွဲတွင် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာလတွင် စတင်အသုံးပြုနိုင်ရန် မြန်မာစာကို မြန်မာရေးထုံးနှင့်အညီ ဆောင်ရွက်ထားသည့်အပြင် ကမ္ဘာ့စံနှုန်းဖြစ်သည့် ISO 10646 နှင့်အညီ ပြုစုထားကြောင်း၊ ထို့ကြောင့် ကမ္ဘာကပါ မြန်မာစာကို အခြားဘာသာများနှင့် အသုံးပြုနိုင်တော့မည် ဖြစ်ပါကြောင်း၊ အဆိုပါဖောင့်တွင် မြန်မာစကားအပြင် အခြားသောတိုင်းရင်းသားဘာသာစကားများဖြင့်ပါ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ အသုံးပြုနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဆိုသည့် အမည်ပေးခြင်းဖြစ်ကြောင်း အမည်ပေးထားခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းစနစ်၏ အားသာချက်နှင့်စပ်လျဉ်း၍လည်း "အခု Unicode က Data တွေ အပေးအယူလုပ်တဲ့အခါ ပြန်ပြင်စရာမလိုတော့ပါဘူး။ တခြားနိုင်ငံတွေနဲ့လည်း ဘာသာပြန်မယ်ဆိုရင် စာလုံးနဲ့ အသံထွက်နဲ့ ဘာသာပြန်လို့ရပါပြီ" ဟု ပြောကြားသည်။

ယူနီကုတ်စံသည် ကမ္ဘာတစ်ဝန်းရှိ မတူညီသောဘာသာစကားများကို ရေးသားသည့် အက္ခရာကုတ်များ သတ်မှတ်ပေးသော နိုင်ငံတကာစံ International Standard Organization (ISO) 10646 နှင့် မြန်မာနိုင်ငံ စံစနစ် MMS ISO/IEC 10646:2017 ကို လိုက်နာရေးသားထားသော ကွန်ပျူတာသုံး မြန်မာစာစနစ်ဖြစ်ပြီး ပြည်ထောင်စုဖောင့် ကီးဘုတ်ဖြင့် ရုံးစာရေးသားခြင်း၊ Website များတွင် အသုံးပြုခြင်း၊ Application များနှင့် Database များ စသည်တို့တွင်လည်း တစ်ပြေးညီသုံးစွဲသွားနိုင်ကြောင်း သိရသည်။

ယူနီကုတ်စံကိုသာ အခြေခံထားသောကြောင့် ဘာသာစကားတစ်ခုချင်းအတွက် သတ်မှတ်အသုံးပြုရန် လိုအပ်သည့် အချက်အလက်များကို စုစည်းထားပြီး ဘာသာစကားအလိုက် ပုံမှန်သတ်မှတ်ချက်များ၊ ဘာသာပြန်ရာတွင် လိုအပ်သောအမည်များ၊ အရေးအသားပုံစံများ၊ နိုင်ငံအလိုက် သတ်မှတ်ချက်များနှင့် အခြားသီးခြားသတ်မှတ်ရန် လိုအပ်သောအချက်အလက်များ ပါဝင်သောကြောင့် ထိုအချက်အလက်များကို Operating Systems များ၊ Application ဆော့ဝဲလ်ထုတ်လုပ်သူများမှ လိုက်နာအသုံးပြုကြကြောင်းလည်း သိရသည်။

ဦးစိုင်းစောလင်းထွန်း

ဒေါက်တာထွန်းသူရသက်

ဆော့ဝဲလ်များရေးသားရာ၌ ဘာသာစကားများအတွက် လိုအပ်သော အခြေခံဆော့ဝဲလ် libraries များဖြစ်ပြီး စကားလုံးများစီစဉ်ရာ၌ လိုအပ်သော collation algorithm များ၊ စကားလုံးများ ရှာဖွေရာ၌ လိုအပ်သော comparison rule များ စသည့်ဘာသာစကားတိုင်းအတွက် လိုအပ်သည့် CLDR(Common Locale Data Repository) မှ အချက်အလက်များကို တွဲဖက်အသုံးပြု၍ အကောင်အထည်ဖော်ထားသော စနစ်ပါဝင်ပြီး ခေတ်သစ်အင်တာနက်နှင့် မိုဘိုင်းဆော့ဝဲလ်များရေးသားရာတွင် အရေးကြီးသော Internationalization (i18n) နှင့် Localization(l 10n) တို့အတွက် အဓိကကျသော လိုအပ်ချက်များဖြစ်ကြောင်း သိရသည်။

စံသတ်မှတ်ရေးဆပ်ကော်မတီဝင် ဒေါက်တာထွန်းသူရသက်က "ယူနီကုတ်ဖောင့်တစ်ခုဖြစ်တဲ့ ပြည်ထောင်စုဖောင့်ကို ရုံးတွေမှာသုံးဖို့ သတ်မှတ်ထားတဲ့အတွက် ဒါတွေကို အောင်မြင်အောင် ပြုလုပ်ဖို့ နည်းပညာရှင်းလင်းပွဲပြုလုပ်တာပါ။ Myanmar 2,3 နဲ့ ပြည်ထောင်စုဖောင့်တွေသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ရေးဆွဲခဲ့တဲ့ဖောင့်တွေပါ။ အဓိကကွာခြားချက်တွေက ပြည်ထောင်စုဖောင့်မှာ တိုင်းရင်းသားစာတွေပါလာတဲ့အတွက် အစိုးရရုံးစာတွေမှာ တိုင်းရင်းသားစာတွေ ရေးမယ်ဆိုရင်လည်း အဆင်ပြေပါတယ်။ ပြည်ထောင်စုဖောင့်ကိုသုံးရင်းနဲ့ ကမ္ဘာ့စံမီတဲ့ မြန်မာနိုင်ငံရဲ့ မြန်မာစာစနစ်ဖြစ်အောင်လုပ်ဖို့အတွက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

Pyidaungsu ဖောင့်၏ အားသာချက်သည် မြန်မာ(ဗမာ)၊ ပါဠိ၊ သက္ကတ အပါအဝင် မွန်၊ ရှမ်း၊ စကောကရင်၊ ပိုးကရင်(အနောက်ပိုင်း)၊ ပိုးကရင်(အရှေ့ပိုင်း)၊ ပအိုဝ်း၊ ကယား၊ အရှိုချင်း၊ ပလေးပလောင်၊ ရှုမာညီးတအောင်း၊ ခန္တီးရှမ်း၊ Aiton၊ Phake၊ တိုင်းလျမ်ခေါ်ရှမ်းနီ၊ ရွှေပလောင် စသည့်တိုင်းရင်းသားဘာသာစကားများ အသုံးပြုနိုင်ခြင်း၊ ၂၀၁၆ ခုနှစ် မြန်မာစာအဖွဲ့ အကြံပြုသည့် ရေးထုံးသတ်မှတ်ချက်ဖြစ်သည့် ဗျည်းတွဲ ပင့်၊ ရစ်၊ ဆွဲ၊ ထိုး သည် မူလဗျည်းနှင့် ထိဆက်နေခြင်း၊ သရများသည် မူလဗျည်းနှင့် မထိစေခြင်း၊ ပစောက်+ရေးချသည် ဟ နှင့် မတူစေခြင်း၊ Microsoft Office new versions (Versions 2013 and above) ကြောင့် အဆင်ပြေမြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အချက်များ ထည့်သွင်းထားကြောင်း သိရသည်။

Myanmar 2,3 မှ Pyidaungsu ဖောင့်သို့ ပြောင်းရာတွင် Myanmar 2,3 စာအဟောင်းများအတွက် Conversion ပြောင်းလဲစရာမလိုအပ်ခြင်း၊ Window အသစ်များတွင် Myanmar 3(2018) ကို ဆက်လက်အသုံးပြုနိုင်ခြင်း၊ Documents အသစ်များအတွက် Pyidaungsu ဖောင့်ကို အသုံးပြုနိုင်ခြင်း စသည့်အချက်များလည်း ပါဝင်ကြောင်း သိရသည်။

e-Government စနစ်များတွင် ယူနီကုတ်စံနှင့်ကိုက်ညီပြီး မြန်မာစာရေးထုံးများကို လိုက်နာသည့် ကွန်ပျူတာစနစ်များကို အသုံးပြုခြင်းဖြင့် မြန်မာစာနှင့် တိုင်းရင်းသား ဘာသာစကားများကို Searching, Shorting, Translation များနှင့် နိုင်ငံတကာအဆင့်မီ Natural Language Processing (NLP)များ ပြုလုပ်လာစေနိုင်ခြင်း၊ နိုင်ငံတကာစံဖြစ်သည့်အတွက် Microsoft,Apple, Google, Facebook, Oracle,SAP အစရှိသော နည်းပညာကုမ္ပဏီများ၏ ဆော့ဝဲလ်များတွင် တိုက်ရိုက်ထောက်ပံ့မှုရရှိခြင်း၊ မြန်မာစာစံ၊ ရေးထုံးနှင့် မှန်ကန်ကိုက်ညီသော အင်တာနက်နှင့် မိုဘိုင်း Applications များ ပေါ်ထွက်လာစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။

သတင်းဆောင်းပါး-အေးအေးသန့်
ဓာတ်ပုံ -ကျော်ဇင်ထိုက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှု

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရန် ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။

ရန်ကုန် မတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ရှိ The One Entertainment Park သို့ရောက်ရှိပြီး မတ် ၂၃ ရက်တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ကြိုဆိုညှော့်ခံရေးနှင့် နေရာချထားမှု အခြေအနေများ၊ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပေးအပ်မည့် စင်မြင့်နှင့် အကြိုဇာတ်တိုက်လေ့ကျင့်မှုများ၊ သတင်းရယူမည့် သတင်းမီဒီယာများအတွက် စီစဉ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် တာဝန်ရှိသူများက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၃ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ညနေ ၃ နာရီခွဲမှစ၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နေပြည်တော် မတ် ၂၂

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား ၅၆၁၅ ဦး၊ မ ၆၈၅၆ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၂၄၇၁ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် ဇန်နဝါရီလအတွင်း လက်ခံရရှိမှု ၅၄ မှုတွင် ကျေအေးမှု ခြောက်မှု၊ ပိတ်သိမ်းမှု ၁၁ မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၃၇ မှုတို့ဖြစ်ပြီး ငွေကြေး အကျိုးခံစားခွင့်ရှိသူ ၉၉ ဦးအား ငွေကျပ် ၂၂၁၀၈၀၁၀ နှင့် US$ ၂၄၆၁၂ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရောဂါတခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေး ခံစားခွင့် ငွေကျပ် သိန်းပေါင်း ၃၉၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာ ရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၇၉၇ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေး ဟောပြောပို့ချမှု အကြိမ် ၂၁၀ ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိအဖွဲ့တွင် လက်ကျန်အမှု သုံးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း တရားစွဲဆိုဆောင်ရွက်ပြီးစီးမှု လေးမှုမှ အလုပ်သမားလေးဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၀၀ ကျော်ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၉၄၃ ဦး အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံ အလုပ်သမားများအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အလုပ်သမားဆေးရုံကြီးသုံးရုံ (ပြင်ပလူနာ ၇၃၃၇ ဦး ၊ အတွင်း လူနာ ၆၂၉ ဦး) စုစုပေါင်း ၇၉၆၆ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းလေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ် ချုပ်ဆိုထားသည့် ဆေးခန်း ငါးခန်းတို့မှ ဆေးကုသပေးနိုင်သူဦးရေ ၈၀၉၃၄ ဦး၊ အလုပ်သမားဆေးရုံကြီးသုံးရုံမှ ဆရာဝန်များကွင်းဆင်း ဆေးကုသပေးမှု (၃)ကြိမ်မှ ၈၃၈ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၆၅)ကြိမ်မှ ၁၄၇၉ ဦးတို့ကို ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြို့နယ်များ၌ မူခင်းကျဆင်းရေး အသိပညာပေး

သပိတ်ကျင်း

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာတွင် မတ် ၂၁ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းကျော်ဌေးသည် မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မန်း-ကိုယ်ပွား**

ပဲခူး

ပဲခူးရထားရဲစခန်းမှ စခန်းမှူး ရဲအုပ် စိုးလေးနှင့်အဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃)(ပဲခူး)မှ ရဲမှူး မောင်မောင်ဝင်းနှင့်အဖွဲ့ ၊ မြန်မာ့မီးရထားဌာန ပဲခူးဘူတာ လက်မှတ်သိမ်းချုပ် ဦးမြင့်သောင်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ မတ် ၁၈ ရက် နံနက် ၉ နာရီက ပဲခူးဘူတာအတွင်းရှိ ရထားစီးခရီးသည်များအား လူမှောင်ခို လူကုန်ကူးမှု အသိပညာပေးဆွေးနွေးခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

နွားထိုးကြီးမြို့နယ် ဝက်လူးနယ်မြေရဲစခန်း စခန်းမှူး ဦးမျိုးမင်းစိုး မတ် ၂၂ ရက်က ဝက်လူးကျေးရွာ အထက်တန်းကျောင်းတွင် ကျေးရွာသူ ကျေးရွာသားများအား မူခင်းအသိပညာပေး ဟောပြောစဉ်။ ဌေးမြင့်မောင်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

SIM Card များ စနစ်တကျ မှတ်ပုံတင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပေး

နေပြည်တော် မတ် ၂၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မိုဘိုင်းဖုန်းကိုအသုံးပြု၍ ငွေပေးငွေယူကိစ္စ (Mobile Financial Service) ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အဆိုပါကိစ္စရပ်များအား လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူလုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန်၊ SIM Card ပျက်စီးပျောက်ဆုံးမှုများဖြစ်ပေါ်ပါက အလွယ်တကူ ပြန်လည်ရရှိသုံးစွဲနိုင်ရန်တို့အတွက် SIM Card များကို စနစ်တကျ မှတ်ပုံတင်၍ သုံးစွဲရန် အများပြည်သူသို့ ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ရန် အသိပေးထားပြီးဖြစ်သည်။

ယခုအခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတည်းဖြင့် SIM Card အမြောက်အမြားကို မှတ်ပုံတင်၍ အခြားသူများကို တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိခြင်း၊ မိမိတို့၏အမည်ဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆင်းကတ်များကို ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူသုံးစွဲနေခြင်းသည် နိုင်ငံတော်အစိုးရက မိုဘိုင်းဖုန်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူလုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးရန် ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

SIM Card များ စနစ်တကျ မှတ်ပုံတင်ရေးဆောင်ရွက်ရာတွင် သုံးစွဲသူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်ဖြင့်သာသုံးစွဲရေး၊ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖြင့် အခြားသူများမသုံးစွဲစေနိုင်ရေးတို့သည် အရေးကြီးပါသည်။ အခြားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖြင့် သုံးစွဲနေပါကလည်း မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်ဖြင့် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာဆက်သွယ်ရေးအော်ပရေတာများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ မိမိတို့လက်ရှိ သုံးစွဲလျက်ရှိသော SIM Card များကို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်ဖြင့် မှတ်ပုံတင်ပြုလုပ်ခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

SIM Card များ မှတ်ပုံတင်ခြင်းပြုလုပ်ရန်အတွက် လိုအပ်သည့်အချက်များမှာ-(၁) အမည်၊ (၂)နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့) ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ Passport No. (နိုင်ငံခြားသားများအတွက်သာ)၊ (၃) အမှတ်စဉ်(၂)ပါ ကတ်ပြားမူရင်းနှင့် မိတ္တူ၊ (၄)အဘအမည်၊ (၅)မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်)၊(၆) လူမျိုး/ နိုင်ငံသား၊ (၇)ကျား/မ၊ (၈) နေရပ်လိပ်စာ တို့ဖြစ်သည်။

အထက်ဖော်ပြပါအပိုဒ်(၄)၏အမှတ်စဉ်(၂)ပါ ကတ်ပြားတစ်ခုဖြင့် အများဆုံး SIM Card နှစ်ခုသာ ဝယ်ယူစေရေး(၁-၄-၂၀၁၉) ရက်နေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧပြီ ၁ ရက်နောက်ပိုင်း SIM Card ဝယ်ယူမှတ်ပုံတင်မှုများနှင့်စပ်လျဉ်း၍ SIM Card နှစ်ခုထက်ပိုပြီး မှတ်ပုံတင်ထားရှိမှုများရှိပါက ပိုမိုမှတ်ပုံတင်ထားသည့် SIM Card အသစ်များအား ပိတ်သိမ်းသွားမည်ဖြစ်သည်။ သုံးစွဲသူ ပြည်သူများအနေဖြင့် SIM Card များ စနစ်တကျမှတ်ပုံတင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းပါဝင်ပေးကြပါရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်သတ်ဖြတ်



နေပြည်တော် မတ် ၂၂

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား AA အဖွဲ့က မတ် ၂၁ ရက် ညပိုင်းတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦး မစိုးရိမ်ရဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းသည် ယင်းနေ့ ည ၉ နာရီခွဲခန့်တွင် ရသေ့တောင်မြို့နယ်၊ ရေခေါင်းချောင်းကျေးရွာနှင့် စေတောင်ကျေးရွာအကြားသို့အရောက် AA အဖွဲ့ အင်အား ၁၅၀ ခန့်က စေတောင်ကျေးရွာ၏ မြောက်ဘက်ထိပ်နေရာ ၅ နေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဖြန့်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦး လက်နက်ကြီးအစ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် စံညှင်းကျေးရွာနေထိုင်သူ ဦးမောင်တင် (ဘ) ဦးယဉ်ဖြူအောင် နေအိမ်၌ အိပ်ပျော်နေစဉ် မတ် ၂၀ ရက် ည ၉ နာရီခန့်တွင် AA အဖွဲ့မှ မျက်နှာဖုံးစွပ်ထားသူနှစ်ဦး ရောက်ရှိလာပြီး ဦးမောင်တင်အား အသင့်ပါလာသော သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ညာနားထင် ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဘယ်နားရွက် ဖောက်ထွက်ဒဏ်ရာ တစ်ချက်၊ ဘယ်လက်ဖျံ ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ညာလက်ဖျံ ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် ဘယ်ပေါင်ရင်း ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

AA အဖွဲ့အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများကို အသုံးပြုအကာအကွယ်ရယူလျက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား မိုင်းထောင်/မိုင်းဆွဲ တိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ပြန်လည်ခုခံရသည့်အခါ ရပ်ကွက်၊ ကျေးရွာများအတွင်း မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများ ရှိလာနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရပ်ကွက်နှင့် ကျေးရွာများ၌ AA အဖွဲ့အား လက်မခံကြရန်နှင့် မြို့၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဝင်ရောက်လာပါကလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ပေါင်းတည်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်လှစ်

ပေါင်းတည် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အုပ်ဖို(၁)ရပ်ကွက် ရှမ်းစုလမ်းမကြီးနံဘေး၌ အသစ်ဆောက်လုပ်ထားသော (၁၆) ခုတင်ဆံ့ မြို့နယ်တိုင်းရင်းဆေးရုံသစ်ကို မတ် ၂၁ ရက် နံနက် ၉ နာရီက ဖွင့်ပွဲကျင်းပသည်။

အဆိုပါ တိုင်းရင်းဆေးရုံသစ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ၁၅၁ ဒသမ ၅ သန်းဖြင့် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ အာရ်စီ တစ်ထပ်ဆောင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဆေးရုံတွင် ပြင်ပလူနာဌာနဖွင့်လှစ်၍ ယနေ့မှစတင်ကာ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ အထွေထွေရောဂါများ အခမဲ့ကုသပေးလျက်ရှိကြောင်း ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား အတွင်းလူနာအဖြစ် ၂၄ နာရီ ကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှူး ဦးစိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် မြို့မိ မြို့ဖ ဦးမြတ်ထွန်းတို့က ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှူးက တိုင်းရင်းဆေးရုံများဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူ ဦးငွေသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှူးက တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် လွှဲပြောင်းဖိုင်အား ပေးအပ်ရာ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှူးက လက်ခံရယူသည်။

ပေါင်းတည်မြို့ရှိ (၁၆) ခုတင်ဆံ့ မြို့နယ်တိုင်းရင်းဆေးရုံသစ်အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် တာဝန်ရှိသူများက မြေနေရာနှင့် ဝယ်ယူရန် လှူဒါန်းပေးကြသော အလှူရှင်များနှင့် လိုအပ်သော ပရိဘောဂ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

ရန်ကုန်လေဆိပ် Terminal 1 မြေအောက်ထပ်၌ မီးဘေးအန္တရာယ်လုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ကြစဉ်။

ရန်ကုန်လေဆိပ် Terminal 1 မြေအောက်ထပ်၌ မီးဘေးအန္တရာယ်လုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်

ရန်ကုန် မတ် ၂၂

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal 1 မြေအောက်ထပ်တွင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါလေ့ကျင့်မှုတွင် မီးတောက်များနှင့် မီးခိုးများ၊ အရေးပေါ်အချက်ပေးသံများ၊ မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဝန်ထမ်းများ အရေးပေါ်ထွက်ပေါက်မှ စုရပ်သို့ တစ်ပြိုင်နက် ထွက်ရောက်စုဝေးခြင်းများကို လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ လေ့ကျင့်မှုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှု၊ အရေးပေါ် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အစမ်းလေ့ကျင့်ခြင်းဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အသုံးပြုသူ ခရီးသည်များနှင့် လေဆိပ်အတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံမှုအတွက် ယုံကြည်စိတ်ချရမှုတို့ကို စဉ်ဆက်မပြတ် သိရှိနားလည်နိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

နေပြည်တော်၌ အရိုးရောဂါအထူးကုဆေးရုံကြီး သွေးလှူဘဏ်၏ ပထမအကြိမ် သွေးလှူရှင်အသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး ခတ်ခွဲဌာန သွေးလှူဘဏ်၏ ပထမအကြိမ် သွေးလှူရှင်အသစ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို ယမန်နေ့က အရိုးရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက အမှာစကားပြောကြားပြီး နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး သွေးလှူဘဏ်တွင် အသင်းအလိုက် အကြိမ်ရေအများဆုံး သွေးလှူခဲ့ကြသည့် ပရဟိတသွေးလှူရှင်အသင်းငါးသင်းကို ညွှန်ကြားရေးမှူးချုပ်၊ ဝယ်ယူဖြန့်ဖြူးရေး/ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်၊ ဇဗ္ဗုသီရိဆေးရုံကြီးမှ ကွပ်ကဲရေးမှူး၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး သွေးလှူရှင်အသင်းများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

သီပေါမြို့သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်

သီပေါ မတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေး၊ သီပေါ၊ လားရှိုး ၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် သီပေါမြို့သည် ရှေးဟောင်းသမိုင်းဝင်ဘုရားများ၊ အပန်းဖြေနားခိုစရာ အေးချမ်းမှုများကြောင့် နေ့စဉ်နှင့်အမျှ နိုင်ငံခြားခရီးသွားများ ပြည်တွင်းဧည့်သည်များနှင့် စည်ကားလျက်ရှိသည်။

ထိုသို့ ပြည်တွင်း ပြည်ပခရီးသွားများ အဝင်အထွက်များရာဌာနေဖြစ်သဖြင့် မြို့၏ပုံရိပ် ပိုမိုကောင်းမွန်စေရန် သီပေါဒုဋ္ဌဝတီမြစ်တံတားကြီးအောက် မြစ်ကမ်းနံဘေးရှိ အမှိုက်များကို ပညာရေးဌာန မိသားစုများ၊ အကျိုးဆောင်လူငယ်များ၊ လူမှုကူညီရေး ပရဟိတအသင်းများ၊ မြို့နယ်ကင်းထောက်လူငယ်မောင်မယ်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့က စတင်ဆောင်ရွက်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု
(၃) နှစ်ပြည့်နှစ်ပတ်လည်နေ့

3rd Anniversary of Mekong-Lancang Cooperation

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့)
(23 March 2019)

(၂၀၁၉)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးဖို့၊ ကမ္ဘာ့ပေါင်းစုံလက်တွဲလို့၊ယနေ့မှစ ဆောင်ရွက်စို့"

It's time!

၂၀၁၉ခုနှစ်၊ မတ်လ(၂၄)ရက်

24th March, 2019

အာရှ ယူ-၂၃ ခြေစစ်ပွဲ မြန်မာအသင်း တီမောအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု (I) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ အိမ်ရှင်မြန်မာနှင့် ဂျပန်အသင်းတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် တီမောအသင်းနှင့် စတင်ကစားခဲ့ရပြီး ခုနစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်ပြီး အဖွင့်ပွဲလှသွားခဲ့သည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ပွဲတိုင်းအရေးပါနေသောကြောင့် ဖိဖိစီးစီးကစားသွားခဲ့ပြီး သွင်းဂိုးလည်း ရသလောက် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ပွဲထွက်လူစာရင်းတွင် ဆန်းဆက်နိုင်(ဂိုး)၊ ဝင်းမိုးကျော် (အသင်းခေါင်းဆောင်)၊ ရဲရင့်အောင်၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ ဇေယျာနိုင်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ငါးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် မြန်မာအသင်း ပွဲကိုထိန်းချုပ်ကာ လိုသလို ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် တောင်ပံကစားသမား ဟိန်းထက်အောင်က ၃ မိနစ်၊ ၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့ခြင်းဖြစ်သည်။ စောစီးစွာဂိုးရခဲ့၍ မြန်မာအသင်း ဖိအားမရှိဘဲ ကစားနိုင်ခဲ့ပြီး ၂၃ မိနစ်တွင် မြတ်ကောင်းခန့်က ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းကာ တတိယဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် စတုတ္ထဂိုးကိုမူ ၄၅ မိနစ်တွင် ဝင်းနိုင်ထွန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက သာ ဖိကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် ဇေယျာနိုင်၊ ၆၂ မိနစ်တွင် ရဲမင်းသူ၊ ၆၄ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုထက် ဂိုးပြတ်အနိုင်ရနိုင်သော်လည်း အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ ခုနစ်ဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမပွဲတွင် ဂျပန်အသင်းက မကာအိုအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂျပန်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၂၄ ရက်တွင် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းမှ ဝင်းနိုင်ထွန်း ဂိုးသွင်းရန်ကြိုးပမ်းမှုကို တီမောဂိုးသမား ကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ညီမြတ်သော်တာ

ဗီယက်နမ်နှင့် ဒုတိယခြေစမ်းပွဲတွင် အသင်းလိုအပ်ချက်များကို ပြန်လည်ပြင်ဆင်သွားမည်ဟု မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုး ပြောကြား

ရန်ကုန် မတ် ၂၂

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုးက မတ် ၂၃ ရက် **(ယနေ့)** ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဒုတိယခြေစမ်းပွဲတွင် အသင်းလိုအပ်ချက်များကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနှင့် ဗီယက်နမ်လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၀ အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မန္တလေးမြို့၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားလျက်ရှိပြီး မတ် ၂၁ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဗီယက်နမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နည်းပြချုပ် ဦးဝင်းသူမိုးက "ဗီယက်နမ်အသင်းနဲ့ ကစားခဲ့တဲ့ ပထမခြေစမ်းပွဲက အသင်းအနေနဲ့ ရလဒ်ပိုင်းရှုံးခဲ့ပေမယ့် ရခဲ့တဲ့ အကျိုးအမြတ်က များပါတယ်။ သူတို့လို အသင်းကောင်းတစ်သင်းနဲ့ ကစားခွင့်ရတဲ့အတွက် ကစားသမားတွေအနေနဲ့ အတွေ့အကြုံကောင်းတွေ ရခဲ့ပါတယ်။ ကစားသမားတွေအနေနဲ့လည်း ကိုယ့်ထက်မြင့်မားတဲ့အသင်းနဲ့ ကစားရတာကြောင့် ဘယ်အပိုင်းတွေမှာ အားနည်းသလဲဆိုတာ တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပထမပွဲရုပ်သံကို ပြန်ကြည့်ပြီး အသင်းရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်မှာပါ။ ဗီယက်နမ်အသင်းနဲ့ ဒုတိယပွဲမှာ ပိုကောင်းတဲ့ ခြေစွမ်းပြသနိုင်အောင် ကြိုးစားမှာပါ။ ကျွန်တော်တို့ဆီက အမျိုးသမီးကစားသမားတွေက ပွဲနည်းတဲ့အတွက် ပိုပြီးတိုးတက်ချင်တယ်ဆိုရင် ခြေစမ်းပွဲတွေ များများကစားဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနှင့် ဗီယက်နမ်အသင်းတို့၏ ခြေစမ်းပွဲဒုတိယပွဲကိုမတ် ၂၃ ရက်**(ယနေ့)** ညနေ ၆ နာရီတွင်မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကိုလည်း ပရိသတ်များအတွက် ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။ **ညီမြတ်သော်တာ**

နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

မတ် ၂၃ ရက်မှ ၂၆ ရက်အထိ အိန္ဒိယနိုင်ငံ BHOPAL မြို့၌ ကျင်းပမည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း ကနူးတာတိုလှေလှော် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အုပ်ချုပ်သူ/နည်းပြ တပ်ကြပ်ကြီးသူရဟန်၊ ကစားသမား မျိုးလှိုင်ဝင်းနှင့် ခိုင်ခိုင်ထွန်းထွေးတို့သည် မတ် ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ကြစဉ်။

အေးကေလင်း

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ယူရို ၂၀၂၀ ခြေစစ်ပွဲအဖွင့် နယ်သာလန်နှင့် ဘယ်လ်ဂျီယံတို့ အနိုင်ရ

ယမန်နေ့က ယူရို ၂၀၂၀ ခြေစစ်ပွဲအဖွင့်ပွဲစဉ်အဖြစ် အုပ်စု (C) မှ နယ်သာလန်နှင့် ဘယ်လာရုစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်းက ဒီပေး၊ ဝီနယ်လ်ဒန်၊ ဗန်ဒိုက်တို့၏ သွင်းဂိုးများဖြင့် လေးဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။ အုပ်စု(I) မှ ဘယ်လ်ဂျီယံနှင့် ရုရှားတို့ ပွဲစဉ်တွင်လည်း နာမည်ကြီး ဘယ်လ်ဂျီယံအသင်းက ရုရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဘာစီလိုနာက လူကာ ဂျိုဗစ်အား ကမ်းလှမ်းရန် ပြင်ဆင်

ဘာစီလိုနာအသင်းသည် ဆားဘီးယားတိုက်စစ်ကစားသမား လူကာ ဂျိုဗစ်ကို ပေါင် ၄၃ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ရန် ပြင်ဆင်နေကြောင်း၊ လာမည့် ရက်သတ္တအနည်းငယ်အတွင်း အသက် ၂၁ နှစ်အရွယ် ကစားသမားအတွက် ဖရန့်ဖတ်အသင်းနှင့် စတင်ဆွေးနွေးနိုင်မည်ဟု မျှော်လင့်နေကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

မန်ယူက မက်ဂွိုင်ရီအား ခေါ်ယူနိုင်မည်ဟု ယုံကြည်

မန်ယူအသင်းသည် အသက် ၂၆ နှစ်အရွယ် အင်္ဂလန်နှင့် လက်စတာစီးတီး နောက်ခံကစားသမား မက်ဂွိုင်ရီအား ပေါင် ၆၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

မန်စီးတီးက ကွန်ပနီအား စာချုပ်သစ်ချုပ်ရန် အသင့်ရှိ

မန်စီးတီးအသင်းသည် ဘယ်လ်ဂျီယံခံစစ်မှူးဖြစ်သူ အသင်းခေါင်းဆောင် ဗင်းဆင့် ကွန်ပနီ (၃၂နှစ်) အား စာချုပ်သစ်ချုပ်ဆိုရန် အဆင်သင့်ရှိနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

အဲဗာတန်က ရွန်ဒွန်ကို ခေါ်ယူရန် ဆန္ဒပြင်းပြ

အဲဗာတန်အသင်းသည် ဝက်စ်ဘရွန်းအသင်းမှ နယူးကာဆယ်အသင်းသို့ အငှားချထားသော ဗင်နီဇွဲလားတိုက်စစ်ကစားသမား ရွန်ဒွန်(၂၉ နှစ်)အား ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

အာဆင်နယ်က ပီပီအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်နှင့် ပြိုင်ရဖွယ်ရှိ

အာဆင်နယ်အသင်းသည် လိုင်လီအသင်းမှ အိုင်ဗရီကို့စ်တောင်ပံကစားသမား နီကိုလပ်စ် ပီပီ (၂၃နှစ်) အား ခေါ်ယူနိုင်ရေးအတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် အပြိုင် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း မေရာတွင် ဖော်ပြထားသည်။

မန်စီးတီးက ဆောလ် နီဂွက်ဇ်အား ခေါ်ယူနိုင်ရေးတွင် ရှေ့မှပြေးနေ

မန်စီးတီးအသင်းသည် အက်သလက်တီကိုမက်ရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဆောလ် နီဂွက်ဇ် (၂၄နှစ်) အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလ ခေါ်ယူနိုင်ရေးတွင် ရှေ့မှ ပြေးလျက်ရှိနေကြောင်း အီးအက်စ်ပီအင်န်၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

ဆိပ်ဖြူမြို့နယ် ချောင်းမကြီး(အနောက်) ကျေးရွာတွင် မီးလောင်မှုဖြစ်သည့်နေရာအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

ဆိပ်ဖြူမြို့နယ်တွင် မီးလောင်မှုဖြစ်ကာ နေအိမ်နှစ်လုံးနှင့် နွားစာတဲနှစ်လုံး ဆုံးရှုံး

ဆိပ်ဖြူ မတ် ၂၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ချောင်းမကြီး(အနောက်) ကျေးရွာတွင် မတ် ၂၁ ရက် ည ၈ နာရီခွဲက မီးပလပ်ခုံ၌ ဖုန်အားသွင်းရာမှ အပူလွန်ကဲကာ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၁ ရက် ည ၈ နာရီခွဲက ချောင်းမကြီး(အနောက်)ကျေးရွာ ဦးအောင်မြင့်သော်၏ နွားစာတဲအောက်ရှိ မီးပလပ်ခုံတွင် ဖုန်းအားသွင်းရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်စဉ်ကြောင့် ဦးအောင်မြင့်သော်၏ နေအိမ်တစ်လုံး၊ နွားစာတဲတစ်လုံး၊ ကပ်လျက်နေအိမ်ဖြစ်သည့် ဒေါ်သန်းဌေး၏ နေအိမ်နှင့် ဦးဝင်းမောင်၏ နွားစာတဲတစ်လုံး စုစုပေါင်း နေအိမ်နှစ်လုံးနှင့် နွားစာတဲနှစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ချောင်းမကြီး(အနောက်) ကျေးရွာနေသူ ဦးအောင်မြင့်သော် (၅၆ နှစ်)အား ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)

ဖားကန့်၊ ကော့သောင်း၊ ကျောက်ပန်းတောင်းနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲက ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် ရှမ်းပိုင်းလမ်းကြား အမှတ်(င/၁၀၆/ဂ)နေ ညိုသန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၃၀၊ အဆင့်နိမ့်ဘိန်း ၅၅ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ မတ် ၂၀ ရက် ညနေ ၃ နာရီခွဲက ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ အောင်မျိုးဦး(ခ)ဖာလု၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၂၀ ဂရမ်၊ ဘိန်းစာမှုန့် ၃၀ ဂရမ်၊ ဆေးခြောက် ၁၀ ဂရမ်၊ မြန်မာငွေကျပ် ၁၁၈၇၅၀၀၊ ထိုင်းနိုင်ငံသုံးငွေ ဘတ် ၁၂၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မတ် ၂၁ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ပန်းတောင်းမြို့ သာယာရေးရပ်ကွက်နေ ဇင်ကိုလတ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၄ ပြား၊ ငွေကျပ် ၂၆၁၅၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကောင်းကဲကျေးရွာအုပ်စု ကောင်းတပ်ကျေးရွာနေ ပါရီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ အိပ်ခန်းအတွင်းနှင့် နေအိမ်ရှိ ဂိုဒေါင်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၇၀၊ ဘိန်းဖြူ ၉၆ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပါရီအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၁၉ (စနေနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက် ဥပဒေ စကားဝိုင်း "ဆေးလိပ် ဆေးရွက်ကြီးနှင့် ဥပဒေ"
- ၉း၂၅ - News Watch TV
- ၁၀း၃၀ - လုံမမှတ်စု(၈၀)
- ၁၀း၄၅ - ကဗျာရိပ်မြုံ "သူတို့အသံ"
- ၁၁း၀၀ - "၂၀၁၈ အကယ်ဒမီအကြို"
- ၁၁း၂၀ - "ရေအရင်းအမြစ်များကို အကျိုးရှိစွာ စီမံခန့်ခွဲပေးနေသော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ" (NWRC)
- ၁၁း၃၀ - ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၃း၀၀ - ဟိုတုန်းက --- ကက်ဆက်ဇာတ်လမ်းများ "ရိုမီယိုဒသ" (ဘလိတ်၊ ချိုတေးလွင်လွင်၊ ဟန်းရှိုင်း၊ ချယ်ရီမြင့်ကျော်) (ဒါရိုက်တာ-သီတာလင်း)

ညပိုင်း

- ၁၅း၃၀ - **"၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"**

ဖယ်ခုံမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် မတ် ၂၂

ဖယ်ခုံမြို့နယ် နာဟီးကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ငါးဧကခန့်ကို ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး လင်းနိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့က မတ် ၂၁ ရက် နံနက်ပိုင်းက ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ပုသိမ်-မော်တင်ကားလမ်း၌ ဘုရားဖူးယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရ

ဟိုင်းကြီးကျွန်း မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာအနီး ပုသိမ်-မော်တင်ကားလမ်းမိုင်တိုင်အမှတ် ၇၂ မိုင် ၁ ဖာလုံတွင် မတ် ၂၁ ရက် နံနက် ၃ နာရီက မော်တင်စွန်းဘုရားမှ ဘုရားဖူးပြန်လာသော ယာဉ်တစ်စီး တောင်ကုန်းအတက်တွင် နောက်ပြန်လျှောကျကာ တိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာတွင် နေထိုင်သူ ယာဉ်မောင်း မင်းမင်းဦး မောင်းနှင်ပြီး ခရီးသည် ၁၇ ဦး တင်ဆောင်ကာ မော်တင်စွန်းဘုရားဖူးပြီးနောက် ပုသိမ်မြို့သို့ ပြန်လည်မောင်းနှင်လာစဉ် တောင်ကုန်းအတက်တွင် လျှောကျ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူ ၁၂ ဦးရှိသည့်အနက် လေးဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် ပုသိမ်မြို့သို့ ပို့ဆောင်စဉ် ပုသိမ်မြို့ရာမညရပ်ကွက် (၁၀)လမ်းနေ ဦးမောင်ဝင်းနိုင်(၄၇နှစ်)မှာ လမ်း၌ သေဆုံးသွားကြောင်း သိရသည်။ ကျန်ဒဏ်ရာရရှိသူ သုံးဦးမှာ ပုသိမ်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် အခြားဒဏ်ရာရရှိသူ ရှစ်ဦးမှာ ဟိုင်းကြီးကျွန်းမြို့ ကျုံကူးတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူကာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မင်းမင်းဦး ကို ကျုံကူးနယ်မြေခံရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

ကင်မရွန်းနိုင်ငံသား နှစ်ဦးအား အမေရိကန်ဒေါ်လာ အတုများ၊ အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားသား နှစ်ဦးမှ နိုင်ငံခြားငွေအတုများအား လက်ဝယ်ထားရှိ သုံးစွဲ/လဲလှယ်နေကြောင်း သတင်းအရ စုံစမ်းခဲ့ရာ ကင်မရွန်းနိုင်ငံသား Mr. Guillaume Nekndo Tchoungang ကင်မရွန်းနိုင်ငံနေသူနှင့် Mr. Charles Ade Etounit ကင်မရွန်းနိုင်ငံနေသူတို့အား တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

၎င်းတို့ နှစ်ဦးက နိုင်ငံခြားငွေများ ရှိကြောင်း၊ အလဲအထပ်ပြုလုပ်လိုပါက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ချမ်းမြေ့တည်းခိုခန်းတွင် တည်းခိုနေထိုင်ကြောင်း ပြောပြသိရှိရသဖြင့် သွားရောက်ရှာဖွေရာ Mr. Guillaume Nekndo Tchoungang တည်းခိုသည့် အခန်းအမှတ်(၇၁၆)အတွင်းမှ အတုဟုယူဆရသော အမေရိကန်ဒေါ်လာ ၃၄၇၁ ရွက်နှင့် Mr. Charles Ade Etounit တည်းခိုသည့် အခန်းအမှတ် (၇၁၅) အတွင်းမှ အမေရိကန်ဒေါ်လာ ငွေစက္ကူ အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း အမျိုး ၂၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့ နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဖမ်းဆီးရမိသည့် ကင်မရွန်းနိုင်ငံသား နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

တကောင်းမြို့နယ်ခွဲ၌ လူပျောက်တိုင်တန်းခံထားရသူ အမျိုးသမီးအား ဒဏ်ရာများဖြင့် ပုပ်ပွသေဆုံးလျက်တွေ့ရှိ

တကောင်း မတ် ၂၂

သပိတ်ကျင်းမြို့နယ် တကောင်းမြို့နယ်ခွဲ ရေယာဉ်ရွာ ကြိမ်ချောင်းအခင်းတောကြံခင်း နှစ်ခင်းကြားတွင် သက်ငယ်များ ဖုံးအုပ်ထားပြီး ဒဏ်ရာများဖြင့် ပုပ်ပွသေဆုံးနေသော မိန်းကလေးအလောင်း တစ်လောင်းကို တွေ့ရှိထားကြောင်း ပြည်သူများ၏ သတင်းပေးတိုင်တန်းချက်အရ မတ် ၂၁ ရက်က တကောင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်မျိုးမြင့် ဦးဆောင်သောအဖွဲ့သည် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ရေယာဉ်ကျေးရွာ ကြိမ်ချောင်းအခင်းတောနေ မသဲသဲနှင်း (၁၄ နှစ်)ဖြစ်ကြောင်း သိရပြီး ၎င်းမှာ မတ် ၁၅ ရက်က နေအိမ်မှ နွားကျောင်းသွားစဉ် အိမ်သို့ ပြန်ရောက်မလာဘဲ ပျောက်ဆုံးနေသဖြင့် လူပျောက်မှုဖြင့် အမှုဖွင့်တိုင်ကြားခံထားရသူဖြစ်ကြောင်း သိရသည်။

မသဲသဲနှင်း အလောင်းကို တကောင်းမြို့ဆေးရုံက လက်ခံစစ်ဆေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ တကောင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကိုကိုအောင်(တကောင်း)

နတ်မောက်မြို့နယ်၌ တောမီးမှတစ်ဆင့် နားနေဆောင်နှစ်ဆောင် မီးလောင်

နတ်မောက် မတ် ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲမကျကျေးရွာ နာမ်ချွန်တောရ သီလရှင်ကျောင်းတွင် ယနေ့ နံနက် ၁၀ နာရီခွဲက တောမီးမှတစ်ဆင့် နားနေဆောင် နှစ်ဆောင် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမော်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေယာဉ်တစ်စီး၊ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် နှစ်စီး၊ ကျေးရွာရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၀ နာရီ ၄၃ မိနစ်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် ဆွမ်းလာနားနေဆောင် နှစ်ဆောင် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် မတ် ၂၂

မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ရွက်ညိုတောင်ရဲစခန်းမှ ယာယီရဲမှူး တင်လှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၂၁ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ် အမှတ်(၀၀၃)ပါ နှစ်စင်းနှင့် အမှတ်(၂) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် Domdomia ကင်းစခန်းမှ Subedar Abdur Razzak ဦးဆောင်သည့် အဖွဲ့ဝင်များက စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့ဖြင့် မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ် မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၈)မှ ဦးရှည်ကျချောင်းဝထိပ် ရေမိုင် အမှတ်(၁၁)အထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

နယူးဇီလန်၏ သေနတ်ဥပဒေ ထွက်ပေါ်လာခြင်းကို အမေရိကန်အမတ်များ ကြိုဆို

ဝါရှင်တန် မတ် ၂၂

နယူးဇီလန်နိုင်ငံ ခရစ်ချာ့ချ်မြို့ရှိ ဘာသာရေး အဆောက်အအုံနှစ်ခု ဝင်ရောက်တိုက်ခိုက်မှုကို အကြောင်းပြုကာ တိုက်ခိုက်ရေးသုံး ရိုင်ဖယ် သေနတ်များတားမြစ်ရေး နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်၏ ကြိုးစားမှုကို အမေရိကန် ဒီမိုကရက်ပါတီ လွှတ်တော်အမတ်များက ကြိုဆို ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

လာမည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် နောက်တစ်ကြိမ် ဝင်ရောက်အရွေးခံမည့် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဘာနီ ဆန်ဒါးကလည်း နယူးဇီလန် သေနတ်ဥပဒေ ပြင်ဆင်ရေးကို ကြိုဆိုလိုက်ကြောင်း သိရသည်။

သေနတ်ဥပဒေပြင်ဆင်ရေးတွင် နယူးဇီလန်၏ ဦးဆောင်မှုနောက်ကို အမေရိကန် လိုက်သင့်ကြောင်းနှင့် တိုက်ခိုက်ရေးသုံး လက်နက်များ အမေရိကန်ပြည်ထောင်စုအတွင်း ဖြန့်ဖြူးရောင်းချနေမှုကို ပိတ်ပင်ရလိမ့်မည်ဟုလည်း ဘာနီဆန်ဒါးက မတ် ၂၁ ရက်က လူမှုကွန်ရက်စာမျက်နှာ တစ်ခုဖြစ်သော တွစ်တာတွင် ပြောကြားသည်။

လွှတ်တော်အတွင်း တင်ပြမှုများပြုလုပ်နေသည့် နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်အနည်းငယ်အတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများကြောင့် လူများရာနှင့်ချီ သေဆုံးခဲ့ရသည့်အတွက် သေနတ်ဆိုင်ရာဥပဒေများကို ပြောင်းလဲပြင်ဆင်ရန် တောင်းဆိုမှုများ ရှိခဲ့သော်လည်း ထူးခြားသည့် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်မလာဘဲ ဥပဒေပြင်ဆင်ရေးကိစ္စ လွှတ်တော်တွင် ဆုံးဖြတ်ချက်မချနိုင်ဘဲ အကျပ်ရိုက်နေကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ်ဟောင်း ဘီတိုအိုရောကီက နောက်နှစ်ရွေးကောက်ပွဲတွင် ဝင်ရောက် အရွေးခံမည့်သူဖြစ်သည်။ ၎င်းက လူများကို အလွယ်တကူသေဆုံးအောင် ပစ်သတ်နိုင်သည့် သေနတ်များကို အမေရိကန် ပြည်ထောင်စုအတွင်း ဆက်မရောင်းသင့်ကြောင်း ပြောကြားသည်။

နယူးဇီလန်ဝန်ကြီးချုပ်က သေနတ်ဥပဒေ ပြင်ဆင်မှုကို ကြေညာပြီးနောက်တွင် အမေရိကန်ဘက်က ယခုလို တုံ့ပြန်သံများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အေအက်ဖ်ပီ

ဂိုလန်ကုန်းမြင့်ကို အစ္စရေးပိုင်နက်အဖြစ် အသိအမှတ်ပြုရန် အချိန်တန်ပြီဖြစ်ကြောင်း ထရမ့်ပြော

ဝါရှင်တန် မတ် ၂၂

ဆီးရီးယားထံမှ သိမ်းယူခဲ့သော ဂိုလန်ကုန်းမြင့်ကို အစ္စရေးအချုပ်အခြာအာဏာ ပိုင်နက်အဖြစ် အမေရိကန်နိုင်ငံက အသိအမှတ်ပြုရန် အချိန်တန်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားသည်။

ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့က ၁၉၆၇ ခုနှစ်တွင် ဆီးရီးယားတို့ထံမှ သိမ်းယူခဲ့သည်။ ၅၂ နှစ်ကြာ သိမ်းယူပြီးနောက် ဂိုလန်ကုန်းမြင့်အား အစ္စရေးတို့၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေအဖြစ် အမေရိကန်နိုင်ငံက အပြည့်အဝ အသိအမှတ်ပြုရန် အချိန်တန်ပြီဖြစ်ကြောင်း သမ္မတက ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုသို့ အသိအမှတ်ပြုခြင်းသည် အစ္စရေးနိုင်ငံနှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် မဟာဗျူဟာအရ အလွန်အရေးပါသကဲ့သို့ လုံခြုံရေးအရလည်း အလွန်အရေးကြီးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ တွစ်တာအကောင့်ပေါ်တွင် ရေးသားခဲ့သည်။

အစ္စရေးသည် ၁၉၆၇ ခုနှစ် စစ်ပွဲတွင် ဂိုလန်ကုန်းမြင့်ကို သိမ်းယူခဲ့ပြီး ၁၉၈၀ ပြည့်လွန် နှစ်များတွင် တိုးချဲ့မှုများ လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းက ထိုသို့ လုပ်ဆောင်မှုကို ကန့်ကွက်ခဲ့သလို အသိအမှတ်မပြုခဲ့ပေ။

အမေရိကန်နိုင်ငံ၏ ဂိုလန်ကုန်းမြင့်ကို အစ္စရေးပိုင်နက်အဖြစ် အသိအမှတ်ပြုရန် အချိန်တန်ပြီ ဖြစ်ကြောင်း ပြောကြားချက်ကို ဆီးရီးယားနှင့် ၎င်း၏ မဟာမိတ်ဖြစ်သော ရုရှားနှင့် အီရန်တို့က မတ် ၂၂ ရက်က ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အစ္စရေးသိမ်းပိုက်ခဲ့သော ဂိုလန်ကုန်းမြင့်တစ်နေရာတွင် အစ္စရေးတင့်ကားတစ်စီးကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ပြည်နယ်လွှတ်တော်အမတ်တစ်ဦး သေနတ်ပစ်ခတ်ခံရ၍ ဒဏ်ရာရ

နယူးဒေလီ မတ် ၂၂

အိန္ဒိယနိုင်ငံ ဥတရာပရာဒေ့ရှ် ပြည်နယ်မြောက်ပိုင်းတွင် အာဏာရပါတီ ဘီဂျေပီမှ အမတ်တစ်ဦး သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက မတ် ၂၁ ရက်တွင် ဖော်ပြခဲ့ကြသည်။

ဥတရာပရာဒေ့ရှ်ပြည်နယ် လွှတ်တော်မှ အမတ်တစ်ဦးဖြစ်သည့် ယိုဂတ်ရှ်ဘာမာသည် ၎င်း၏နေရပ်သို့ပြန်စဉ် လမ်း၌ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ ဟိုလီပွဲတော်အပြီး ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ၎င်း၏ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂူရာနနတ်ကောလိပ်ကျောင်းအနီးအရောက်တွင် သေနတ်သမားက ၎င်းကို ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ညာဘက်ဒူးခေါင်းတွင် သေနတ်ဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်ခံရပြီး အနီးနားရှိ ဆေးရုံကို သွားရောက်ခဲ့ရာ ၎င်း၏ဒဏ်ရာမှာ စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ဆင်ဟွာ

တောင်နှင့် မြောက်ကိုရီးယား ဆက်ဆံရေးရုံးမှ အရာရှိများ မြောက်ကိုရီးယား ပြန်လည်ခေါ်ယူ

ဆိုးလ် မတ် ၂၂

တောင်နှင့် မြောက်ကိုရီးယားဆက်ဆံရေးရုံးမှ မြောက်ကိုရီးယားဆက်ဆံရေးအရာရှိများကို မတ် ၂၂ ရက်က ပြန်လည်ခေါ်ယူခဲ့ကြောင်း တောင်ကိုရီးယားဘက်မှ ပြောကြားသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ ဒုတိယအကြိမ် တွေ့ဆုံခဲ့ပြီး သဘောတူညီမှုမရရှိဘဲ ဆွေးနွေးပွဲ အဆုံးသတ်ခဲ့ရပြီးနောက် ယခုလို ဆက်ဆံရေးရုံးမှ အရာရှိများကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကာ စက်တင်ဘာလအတွင်းက မြောက်ကိုရီးယားနိုင်ငံ ခဲဆောင်းမြို့တွင် ဆက်ဆံရေးရုံး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် တောင်ကိုရီးယားဘက်မှ ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချန်ဟဲဆောင်းက မြောက်ကိုရီးယားသည် ၎င်းတို့၏ ဆက်ဆံရေးအရာရှိများကို ပြန်လည်ခေါ်ယူသွားနိုင်ကြောင်း တောင်ကိုရီးယားဘက်ကို သတိပေးခဲ့သည်ဟု ပြောသည်။

အထက်မှအရာရှိများ၏ ညွှန်ကြားချက်အရ ယခုလိုဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ မြောက်ကိုရီးယားဘက်မှ နျူကလီးယား လက်နက်စွန့်လွှတ်ရေးနှင့် အမေရိကန်ဘက်မှ ပိတ်ဆို့မှုများအတွက် ဆွေးနွေးပွဲတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက ကြားဝင်စေ့စပ်သူတစ်ယောက်ဖြစ်သည်။

ဟနွိုင်းမြို့တွင် ပြုလုပ်သော ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ သဘောတူညီမှုမရဘဲ ပြီးဆုံးခဲ့ရပြီးနောက် နှစ်ဖက်စလုံးမှ နောက်တစ်ကြိမ် ဆွေးနွေးပွဲအတွက် ဆန္ဒရှိသေးကြောင်း ဖော်ပြခဲ့ကြသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်ရေးအတွက် တောင်ကိုရီးယားဘက်မှ နည်းလမ်းများ ဆက်လက်ရှာဖွေလျက်ရှိသည်။

မြောက်ကိုရီးယားက ၎င်း၏ဝန်ထမ်းကို ပြန်လည်ခေါ်ယူသွားသော်လည်း ဆက်ဆံရေးရုံးကို ပုံမှန် ဖွင့်လှစ် သွားနိုင်အောင် ကြိုးစားသွားမည်ဟု တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးက ပြောသည်။

အေအက်ဖ်ပီ

တရုတ်နိုင်ငံ၌ ဓာတုစက်ရုံပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄၇ ဦးအထိ ရှိလာ

ပေကျင်း မတ် ၂၂

တရုတ်နိုင်ငံ၌ ဓာတုဗေဒစက်ရုံ ပေါက်ကွဲပြီး လူပေါင်း ၄၇ ဦး သေဆုံးခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် စက်ရုံအတွင်း ဘေးအန္တရာယ်များ မဖြစ်ပွားစေရေး ပြည်နယ်အစိုးရကို အမိန့်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဓာတုဗေဒစက်ရုံ ပေါက်ကွဲမှုကြောင့် လူပေါင်းရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။ ကြာသပတေးနေ့က ကျန်းစုပြည်နယ် ယန်ချန်းမြို့ အရှေ့ပိုင်းတွင် ဓာတုဗေဒစက်ရုံ ပေါက်ကွဲခဲ့ပြီး တရုတ်နိုင်ငံအတွင်း အကြီးမားဆုံးသော စက်ရုံဘေးအန္တရာယ်ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်း အဓိက မတော်တဆမှုကြီးများ ဖြစ်ပေါ်လာသည်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က သတိထားမိခဲ့သည်။ အီတလီနိုင်ငံတွင် ရောက်ရှိနေသော သမ္မတရှီက ပိတ်မိနေသူများကို အမြန်ဆုံး ကယ်ဆယ်ရန် ပေါက်ကွဲမှုဖြစ်ပေါ်ရသည့် အကြောင်းအား အမြန်ဆုံး ဖော်ထုတ်ရန် ညွှန်ကြားခဲ့သည်။

ပေါက်ကွဲမှုကြောင့် စက်မှုဇုန်အတွင်း အဆောက်အအုံအချို့ ပြိုကျခဲ့ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အပျက်အစီးများအကြား ပိတ်မိနေသော လူများအား ကယ်တင်နိုင်ရေး မီးသတ်သမားများက ကြိုးပမ်းခဲ့ကြသည်။

စက်ရုံပေါက်ကွဲမှုတွင် မီးငြိမ်းသတ်နေကြသည့် မီးသတ်သမားများကို တွေ့ရစဉ်။

ပေါက်ကွဲမှုအပြီး လူပေါင်း ၆၀၀ နီးပါးခန့် ဆေးကုသမှု ခံယူခဲ့ကြောင်း အာဏာပိုင်များက လူမှုကွန်ရက်ဖြစ်သည့် ဝီဘိုမှတစ်ဆင့် ကြေညာခဲ့သည်။ ထိုလူများထဲတွင် လူပေါင်း ၉၀ ခန့်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ လူပေါင်း ၄၀၀၀ ခန့်ကို ကယ်တင်ခဲ့ရကြောင်း သိရသည်။

အဆိုပါစက်ရုံသည် Tianjiayi ကုမ္ပဏီပိုင် ဓာတုစက်ရုံတစ်ခုဖြစ်ပြီး အလုပ်သမားပေါင်း ၁၉၅ ဦးနှင့် ၂၀၀၇ ခုနှစ်က စတင်ကာ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်ခဲ့သည့် မှတ်တမ်းများလည်း ရှိကြောင်း အွန်လိုင်းမှတ်တမ်းများအရ သိရသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် စည်းမျဉ်းများ ချိုးဖောက်ခဲ့သည့်အတွက် ဒဏ်ရိုက်ခြင်းခံရကြောင်း သိရသည်။ ပေါက်ကွဲမှုပြီးပြီးချင်း ဒေသခံများသည် အဆိုပါ ဒေသတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများအတွက် စိုးရိမ်နေရကြောင်း အေအက်ဖ်ပီသို့ ပြောသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ဘာရာဇီးသမ္မတဟောင်း တင်မာ လာဘ်ယူမှုဖြင့် အဖမ်းခံရ

ရီယိုဒီဂျနေးယိုး မတ် ၂၂

ဘာရာဇီးသမ္မတဟောင်း မိုက်ကယ်တင်မာကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် ဘာရာဇီးရဲများက ဖမ်းဆီးခဲ့သည်။ သမ္မတဟောင်း မိုက်ကယ်တင်မာကို ၎င်း၏ ဇာတိမြို့ဆော်ပိုလို မြို့မှ ကြာသပတေးနေ့ကဖမ်းဆီးခဲ့ပြီး အချုပ်ချထားကြောင်း သိရသည်။

ရီယိုဒီဂျနေးရိုး မြို့တရားရုံးက မိုက်ကယ်တင်မာကို ဖမ်းဆီးရန် အမိန့်ချထားခဲ့ကြောင်း ပြောကြားခဲ့သည်။ သမ္မတဟောင်းသည် ဆောက်လုပ်ရေးကုမ္ပဏီမှ လာဘ်ရယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။

မိုက်ကယ်တင်မာသည် သမ္မတဒီမာရိုဆက်ဖ် လက်ထက်က ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီမာရိုဆက်ဖ် ရသုံးငွေဆိုင်ရာ ချိုးဖောက်မှု စွပ်စွဲခံရပြီးနောက် မိုက်ကယ်တင်မာသမ္မတ ဖြစ်လာခဲ့သည်။

လွန်ခဲ့သည့် နှစ်ကုန်ပိုင်း မတိုင်ခင်အချိန်အထိ သမ္မတရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ဇွန်လတွင် အစိုးရရှေ့နေများက မိုက်ကယ်တင်မာကို လာဘ်စားမှုဖြင့် တရားစွဲဆိုခဲ့သည်။

သို့သော် အောက်လွှတ်တော်မှ အမတ်များက ၎င်းအပေါ် တရားစွဲဆိုမှုကို ပိတ်ဆို့ခဲ့ကြသည်။ လွန်ခဲ့သည့်နှစ်ကလည်း သမ္မတဟောင်း လူဇ်အင်နာစီယိုလူလာ ဒါဆယ်ဗာ ထောင်ဒဏ်အပြစ်ပေးခံရသည်။ အဓိကဆောက်လုပ်ရေးကုမ္ပဏီထံမှ ဒေါ်လာတစ်သန်း လာဘ်ယူခဲ့သည်ဟု ပြစ်မှုထင်ရှားသည့်အတွက် ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

နယူးဇီလန်တစ်ဝန်း ဝမ်းနည်းခြင်း အထိမ်းအမှတ်များပြုလုပ်

ဝယ်လင်တန် မတ် ၂၂

နယူးဇီလန်နိုင်ငံ ခရစ်ချ်ချ်မြို့၌ ဘာသာရေး အဆောက်အအုံနှစ်ခု ပစ်ခတ်ခံရပြီး လူပေါင်း ၅၀ ခန့် သေဆုံးခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံတစ်ဝန်း ဝမ်းနည်းကြေကွဲခြင်း အခမ်းအနားများ ဆက်လက်ပြုလုပ်ခဲ့ကြသည်။ သေဆုံးသူများကို လေးစားသောအားဖြင့် ဘာသာရေးအဆောက်အအုံတစ်ခုရှေ့တွင် လူထောင်ပေါင်းများစွာ စုဝေးခဲ့ကြသည်။

အဆိုပါ စုဝေးပွဲကို ရုပ်သံများ ရေဒီယိုများတွင် ဖော်ပြခဲ့ကြသည်။ သေဆုံးသူများအတွက် ရည်စူးကာ နှစ်မိနစ်ခန့် ငြိမ်သက်ခဲ့ကြသည်။ ဘာသာရေးအဆောက်အအုံတစ်ခုမှ ဘာသာရေးဆရာတစ်ဦးက ယင်းစုဝေးပွဲတွင် ပါဝင်ခဲ့ကြသူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အကြမ်းဖက်သမားသည် နယူးဇီလန်နိုင်ငံကို ခွဲခြားပစ်ဖို့ ကြိုးစားခဲ့သော်လည်း နယူးဇီလန်နိုင်ငံကမူ ဖြိုခွဲမရဘဲ စုစည်းညီညာသည့် နိုင်ငံဖြစ်ကြောင်း ပြသခဲ့သည်။ မတ် ၂၂ ရက်ကလည်း နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်ကလည်း အလိုအလျောက် စက်သေနတ်များနှင့် ရိုင်ဖယ်များ ရောင်းချခွင့် ပိုင်ဆိုင်ခွင့်တို့ကို ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပါတီများကလည်း အဆိုပါ လှုပ်ရှားမှုကို ထောက်ခံကြောင်း ပြသခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

ဘရီးဇစ် ခရီးကြမ်းနဲ့ ဗြိတိန်

—— ချူးစန္ဒီနွေး ——

ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ ထွက်မယ်တကဲကဲဖြစ်နေတဲ့ ဗြိတိန်ဟာ ဥရောပသမဂ္ဂနဲ့ တကယ်တမ်း အပြီးသတ် လမ်းခွဲရမယ့်နေ့ မတိုင်ခင် အပြီးအစီး ဆောင်ရွက်ရမယ့်ကိစ္စတွေကို မလုပ်ဆောင်နိုင်တာကတော့ အမှန်ပါပဲ။ ယခင်က မတ် ၂၉ ရက်မှာ ဗြိတိန်ဟာ ဥရောပသမဂ္ဂကနေ အပြီးသတ်နုတ်ထွက်မယ်လို့ သတ်မှတ်ခဲ့ပေမယ့် အခုအချိန်မှာတော့ အဲဒီအစီအစဉ်ဟာ နှောင့်နှေးကြန့်ကြာပါတော့မယ်။

အီးယူခေါင်းဆောင်များနှင့် နှုတ်ဆက်နေသော ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို တွေ့ရစဉ်။

သဘောတူပေးခဲ့

ဥရောပသမဂ္ဂခေါင်းဆောင်တွေကလည်း ဗြိတိန်အနေနဲ့ မတ် ၂၉ ရက်မှာ အပြီးသတ်နုတ်ထွက်ဖို့မဖြစ်နိုင်သေးဘဲ နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေတာကို သဘောတူပေးခဲ့ပါတယ်။ တကယ်လို့များ ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက ဥရောပသမဂ္ဂနဲ့ ညှိနှိုင်းထားတဲ့ နုတ်ထွက်ရေးစာချုပ်ကို လာမယ့် သီတင်းပတ်အတွင်း ထောက်ခံမှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မယ်ဆိုရင် ဗြိတိန်ရဲ့ အပြီးသတ်နုတ်ထွက်သွားမှုဟာ မေ ၂၂ ရက် မတိုင်ခင်အထိ အချိန်ယူသွားနိုင်ပါတယ်။

အဲဒီလိုလည်း မလုပ်နိုင်ဘူးဆိုရင် ဧပြီ ၁၂ ရက်မတိုင်ခင်အထိ အချိန်ဆွဲသွားမှာ ဖြစ်ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကတော့ အခုအချိန်ဟာ ဗြိတိန်က ပါလီမန်အမတ်တွေအတွက် ပြတ်ပြတ်သားသား ရွေးချယ်ရမယ့် အချိန်ပါပဲလို့ ပြောခဲ့ပါတယ်။

တတိယအကြိမ်မဲပေးရမယ်

ဗြိတိန်ပါလီမန်အမတ်တွေဟာ လာမယ့်သီတင်းပတ်အတွင်းမှာ ဘရီးဇစ်စာချုပ်အတွက် တတိယအကြိမ်မြောက် မဲပေးရမှာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်ခန့်က ဥရောပသမဂ္ဂအဖွဲ့ကနေ နုတ်ထွက်မထွက် လူထုဆန္ဒခံယူပွဲ ကျင်းပပြီး မဲပေးပြီးတဲ့နောက် နုတ်ထွက်မယ့်ဘက်က မဲအသာရခဲ့တဲ့အတွက် အခုအခါမှာတော့ နုတ်ထွက်ရေး အစီအစဉ်တွေကို ရှောင်လွှဲသွားလို့ မရတော့ပါဘူး။ ဝန်ကြီးချုပ် ထရီဆာမေကတော့ သူ့ရဲ့ဘရီးဇစ်စာချုပ်ကို ဗြိတိန်ပါလီမန်မှာ ပါလီမန်အမတ်တွေရဲ့ ထောက်ခံမှုရအောင် သူအတော်လေး ကြိုးစားရဦးမယ်လို့ ပြောပါတယ်။ မတ် ၂၀ ရက် ညကပြောခဲ့တဲ့ သူ့ရဲ့မိန့်ခွန်းကို ကြည့်မယ်ဆိုရင် ထရီဆာမေတစ်ယောက် အတော်လေး စိတ်သောက ဖြစ်နေတာကို တွေ့ရမှာပါ။ အပြီးသတ်နုတ်ထွက်ရေး နှောင့်နှေးရတဲ့အတွက်လည်း ပါလီမန်အမတ်တွေကို အပြစ်ဖို့ထားပါတယ်။ ပါလီမန်အမတ်တွေလည်း သူ့နည်းတူ စိတ်အနှောင့်အယှက်ဖြစ်မှာ အမှန်ပဲလို့ ထရီဆာမေက ပြောပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဘရီးဇစ်စာချုပ်ကို ထောက်ခံပေးခဲ့သူတွေကိုတော့ တကယ်ပဲ ကျေးဇူးတင်ပါတယ်လို့ ထရီဆာမေက ပြောပါတယ်။

ဥရောပသမဂ္ဂကနေ နုတ်ထွက်တဲ့အခါ စာချုပ်နဲ့နုတ်ထွက်နိုင်အောင် ကြိုးစားသွားမယ်။ ပြီးတော့လည်း တိုင်းပြည်ကို ရှေ့ဆက်နိုင်အောင် ဆောင်ရွက်သွားမယ်လို့ သူကဆက်ပြောပါတယ်။

သဘောမတူညီတာတွေလည်းရှိ

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကလော်ဒီဂျန်ကာ၊ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်တို့ကတော့ ဗြိတိန်အနေနဲ့ ၂၀၁၉ ခုနှစ်အတွက် ဥရောပ ပါလီမန် ရွေးကောက်ပွဲမှာ ပါဝင်မှာလား၊ မပါဝင်ဘူးလားဆိုတာ ဧပြီ ၁၂ ရက် မတိုင်ခင် စဉ်းစားသွားဖို့လိုပါတယ်။ ရွေးချယ်မှုအားလုံးကို စားပွဲဝိုင်းမှာပဲ ဆွေးနွေးသွားလို့ရတယ်။ ဗြိတိန်အစိုးရအနေနဲ့ စာချုပ်နဲ့နုတ်ထွက်ဖို့ အခွင့်အရေး ရှိနေပါသေးတယ်လို့ ပြောခဲ့ပါတယ်။

တကယ်လို့များ ဗြိတိန်ဟာ ဥရောပပါလီမန် ရွေးကောက်ပွဲမှာ ပါဝင်ခြင်းရှိ မရှိ ဧပြီ ၁၂ ရက် မတိုင်ခင် ဆုံးဖြတ်ချက်မချဘူးဆိုရင် အချိန်နောက်ဆုတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ ၎င်းက ဆက်ပြောပါတယ်။ ဥရောပကော်မရှင်ဟာ နုတ်ထွက်ရေးစာချုပ်အတွက် ညှိနှိုင်းနိုင်ဖို့ အစွမ်းကုန် ကြိုးစားနေပါတယ်။

မြောက်ပိုင်းအိုင်းရစ်နယ်စပ်ကို ဆက်လက်ဖွင့်ထားခွင့်ရရေးကိုလည်း တုံ့ပြန်ပေးဖို့ ကြိုးစားနေပါတယ်လို့ ပြောပါတယ်။ မတ် ၂၀ ရက် နှောင်းပိုင်းက ဆွေးနွေးကြရာမှာတော့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအကြား သဘောမတူညီတာတွေလည်း ရှိပါတယ်။

ဥရောပ ပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်မှာလား

တကယ်လို့များ ဗြိတိန်ဟာ ဥရောပရွေးကောက်ပွဲမှာ မပါဝင်ဘူးဆိုရင် ဥရောပသမဂ္ဂကနေ တရားဝင်နုတ်ထွက်ရမယ့်ရက် တိုးချဲ့ပေးမှုဟာ ဇွန်လကုန်မှာ သက်တမ်းကုန်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၇ နိုင်ငံသော ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ ဥရောပရွေးကောက်ပွဲ မတိုင်ခင်တစ်ရက်အလို မေ ၂၂ ရက်မတိုင်ခင် ဖြစ်နိုင်ခြေရှိတဲ့ ကမ်းလှမ်းချက်တွေကို သဘောတူပေးခဲ့တာပါ။ ဥရောပရွေးကောက်ပွဲဟာ မေ ၂၃ ရက်မှာ စတင်မှာဖြစ်ပြီး မေ ၂၆ ရက်မှာ အဆုံးသတ်မှာပဲ ဖြစ်ပါတယ်။ နုတ်ထွက်မယ့်ရက်ကိုနောက်ဆုတ်ပေးခြင်းဟာ ပထမကမ်းလှမ်းမှုဖြစ်ပြီး ဒုတိယကမ်းလှမ်းမှုကတော့ နုတ်ထွက်မယ့်ရက်ကို ဧပြီ ၁၂ ရက်အထိ နောက်ဆုတ်ပေးဖို့ ကမ်းလှမ်းတာပါ။ ဧပြီ ၁၂ ရက်အထိ နောက်ဆုတ်မယ်ဆိုရင်တော့ ဗြိတိန်ဟာ ဥရောပပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်ရတော့မှာပါ။

ဗြိတိန်အစိုးရက သူတို့အနေနဲ့ ဥရောပပါလီမန်ရွေးကောက်ပွဲကို ပါဝင်ဖို့ စိတ်ကူးမရှိဘူးလို့ အစောကြီးကတည်းက ပြောပြီးသားပါ။ ထရီဆာမေက သူ့အနေနဲ့ နိုင်ငံအတွင်းက မဲဆန္ဒရှင်တွေရဲ့ သဘောထားကို လေးစားရမှာဖြစ်ပြီး အဲဒီအတွက် ၄၆ နှစ်ကြာအဖွဲ့ဝင်အဖြစ် တည်ရှိခဲ့မှုကို အဆုံးသတ်ရတော့မယ်။ ဒါကြောင့် ဥရောပ ပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရောပသမဂ္ဂဘက်ကတော့ ဗြိတိန်ပါဝင်နိုင်ရေးအတွက် လမ်းဖွင့်ပေးထားပါတယ်။

ဘရီးဇစ်စစ်တမ်း

ဗြိတိန်နိုင်ငံမှာ ဘရီးဇစ်နဲ့ပတ်သက်ပြီး လေ့လာမှုတစ်ခု လုပ်ကြည့်တဲ့အခါမှာတော့ အရွယ်ရောက်ပြီးသား ဗြိတိန်နိုင်ငံသား ၁၀ ဦးမှာ လေးဦးကတော့ လွန်ခဲ့တဲ့နှစ်များအတွင်း အစပြုခဲ့တဲ့ ဘရီးဇစ်ကြောင့် အာဏာမဲ့သွားသလို၊ စိတ်တိုရသလို၊ စိတ်သောကရောက်ရသလို ခံစားရတယ်လို့ ဖော်ပြကြပါတယ်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းကြီးက ကြီးမှူးပြီး စစ်တမ်းကောက်ယူခဲ့တာပဲ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်တာနဲ့ ပတ်သက်ပြီးနိုင်ငံသားတွေ ဘယ်လိုစိတ်ခံစားရသလဲဆိုတာကို စစ်တမ်းကောက်ယူကြည့်တာလည်း ဖြစ်ပါတယ်။ စစ်တမ်းကောက်ယူမှုအရ ၄၃ ရာခိုင်နှုန်းဟာ အာဏာလျော့သွားတယ်လို့ ခံစားရပြီး ၃၉ ရာခိုင်နှုန်းကတော့ ဒေါသထွက်တယ်လို့ခံစားရပါတယ်။ ၃၈ ရာခိုင်နှုန်းကတော့ စိုးရိမ်ပူပန်ရတယ်လို့ ကောက်ယူရရှိခဲ့ပါတယ်။ ၂၆ ရာခိုင်နှုန်းကတော့ ဘရီးဇစ်ကြောင့် ဘယ်လိုမှ မခံစားရဘူးလို့ဖြေပါတယ်။ ၁၇ ရာခိုင်နှုန်းကတော့ အပြင်းစား စိတ်ဖိစီးမှုဖြစ်ရပြီး ၁၂ ရာခိုင်နှုန်းကတော့ အိပ်မပျော်ဖြစ်ရတယ်လို့ ဖြေပါတယ်။ ၂၀၁၆ တုန်းက ဥရောပသမဂ္ဂကနေ နုတ်ထွက်ဖို့ မဲပေးကြရာမှာတော့ ၅၂ ရာခိုင်နှုန်းခန့်က နုတ်ထွက်ရေးအတွက် မဲပေးခဲ့ကြပြီး ၄၈ ရာခိုင်နှုန်းကတော့ အဖွဲ့ကြီးအတွင်းမှာ ဆက်လက်နေလိုတယ်ဆိုပြီး မဲပေးခဲ့ကြပါတယ်။

နှစ်ခြမ်းကွဲနေ

ဗြိတိန်နိုင်ငံမှာ မဲဆန္ဒရှင်တွေဟာ သိသိသာသာပဲ နှစ်ခြမ်းကွဲလို့ နေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဆက်လက်နေလိုတဲ့ အဖွဲ့ရယ်၊ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းကနေ နုတ်ထွက်ချင်တဲ့ အဖွဲ့ရယ်ဆိုပြီး နှစ်ခြမ်းကွဲနေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ ဆက်လက်နေလိုတဲ့ အဖွဲ့က ဘရီးဇစ်နှောင့်နှေးရတာကို ထောက်ခံနေကြပြီးဥရောပသမဂ္ဂကနေ နုတ်ထွက် သင့် မသင့် ဒုတိယအကြိမ် လူထုဆန္ဒခံယူပွဲ ပြန်လုပ်နိုင်ဖို့ ဖိအားတစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။

ဒါပေမယ့် နုတ်ထွက်ချင်တဲ့ဘက်ကလည်း ဒေါသအကြီးအကျယ် ထွက်နေပါတယ်။ နုတ်ထွက်ဖို့အရေး အချိန်တွေ ဘာကြောင့်ဒီလောက်ကြီး ယူနေရတာလဲဆိုတာ သူတို့နားမလည်နိုင်ကြပါဘူး။ ဝန်ကြီးချုပ်ထရီဆာမေရဲ့ ဝန်ကြီးရှစ်ဦးဟာလည်း ပြီးခဲ့တဲ့ သီတင်းပတ်ကမှ ဘရီးဇစ်နှောင့်နှေးရတဲ့ကိစ္စကို ကန့်ကွက်မဲပေးခဲ့ကြပါတယ်။

ခန့်မှန်းဖို့ မလွယ်ကူ

ဥရောပသမဂ္ဂရဲ့ ကမ်းလှမ်းချက်တွေဟာ တကယ်ပဲ ရှုပ်ထွေးလွန်းလှပါတယ်။ ရလဒ်တွေကိုလည်း ခန့်မှန်းကြည့်ဖို့ မလွယ်ကူလှပါဘူး။ ဒါပေမယ့် သေချာတာတစ်ခုတော့ ရှိပါတယ်။အဲဒါကတော့ ဗြိတိန်ဟာ အရင်သတ်မှတ်ထားတဲ့ ရက်စွဲဖြစ်တဲ့ မတ် ၂၉ ရက်မှာ ဥရောပသမဂ္ဂအဖွဲ့ကြီးက မနုတ်ထွက်ဖြစ်ဘူးဆိုတာကတော့ အသေအချာပါပဲ။ ။

ကိုးကား -အေအက်ဖ်ပီ၊ဘီဘီစီ

“ဗြိတိန်နိုင်ငံမှာ မဲဆန္ဒရှင်တွေဟာ သိသိသာသာပဲ နှစ်ခြမ်းကွဲလို့ နေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဆက်လက်နေလိုတဲ့ အဖွဲ့ရယ်၊ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းကနေ နုတ်ထွက်ချင်တဲ့ အဖွဲ့ရယ်ဆိုပြီး နှစ်ခြမ်းကွဲနေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ ဆက်လက်နေလိုတဲ့အဖွဲ့က ဘရီးဇစ်နှောင့်နှေးရတာကို ထောက်ခံနေကြပြီး ဥရောပသမဂ္ဂကနေ နုတ်ထွက် သင့် မသင့် ဒုတိယအကြိမ် လူထုဆန္ဒခံယူပွဲ ပြန်လုပ်နိုင်ဖို့ ဖိအားတစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်နေကြ”

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်) မြင်ကွင်းပုံရိပ်များ

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်)၌ ပြသထားသည့် ထုတ်ကုန်ပစ္စည်းများနှင့် ပြခန်းများအား စိတ်ပါဝင်စားသူများက ကြည့်ရှုလေ့လာကြစဉ်။ သတင်းစဉ်

ဆွာဆည်တမံရေပိုလွှဲအနီး ကျွန်းတောစုကျေးရွာမှ အိမ်ထောင်စု ၄၆ စု စတင်ရွှေ့ပြောင်း

ရေတာရှည် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်စဉ်က ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သော သိုင်းဝကျေးရွာအုပ်စု ကျွန်းတောစု ကျေးရွာအပါအဝင် ကျေးရွာလေးရွာကို မိုးရာသီမရောက်ရှိမီ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရန် တိုင်းဒေသကြီးအစိုးရ၏အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဆွာချောင်း တောင်ဘက်ခြမ်း သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာအကြား၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် မြေနေရာများ ဆောင်ရွက်ပေး၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် (MCEA) က ကျွန်းတောစုကျေးရွာမှ ရေနောက်မျောပါ ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ် ၄၆ လုံးအတွက် နေအိမ်များ ဆောက်လုပ်လှူဒါန်းပေးခဲ့ပြီး ဒေသခံများအား နေအိမ်များကို မဲစနစ်ဖြင့် နေရာသတ်မှတ်ပေးထားခဲ့ခြင်း ဖြစ်သည်။

ကျွန်းတောစုကျေးရွာမှ နေအိမ်များ ရွှေ့ပြောင်းပေးနေစဉ်။

"ကျွန်းတောစုရွာက ရေနောက်မျောပါသွားတဲ့ အိမ်ထောင်စု ၄၆ စုကို ဒီနေ့ စပြီးရွှေ့ပြောင်းတာပါ။ MCEA က ဆောက်လုပ်ပြီးတဲ့ နေအိမ်တွေကို တနင်္လာနေ့က မဲစနစ်နဲ့ နေရာချထားပေးတာပါ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောသည်။

မိုးမကျမီ ရွှေ့ပြောင်းကြရမည့် ကျေးရွာများတွင် ကျွန်းတောစု အိမ်ခြေ စုစုပေါင်း ၂၂၆ အိမ်၊ လှည်းလမ်းကူး အိမ်ခြေ ၁၂၀၊ သမဆယ်၊ ခုနှစ်တဲစု အိမ်ခြေ ၄၇ လုံးတို့ကို မိုးမကျမီ အမြန်ဆုံး ရွှေ့ပြောင်းရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သန်းလွင်

နိုင်ငံခြားသားဇနီးမောင်နှံမွေးမြူထားသော ဝက်ဝံနှစ်ကောင်အား ပြန်လည်လွှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာတွင် နေထိုင်သော နိုင်ငံခြားသားဇနီးမောင်နှံ (စင်ကာပူနှင့် တရုတ်)မွေးမြူထားသော အသက် လေးနှစ်ကျော်ရှိ ဝက်ဝံစုံတွဲအား မွေးမြူထားကြောင်း ပတ်ဝန်းကျင်၏ သတင်းပေးချက်အရ အိမ်ရာလုံခြုံရေးမှသိရှိ၍ တာဝန်ရှိသူတို့နှင့် ကြည့်ရှုစစ်ဆေးရာ သစ်တောဥပဒေနှင့် ငြိစွန်းသည့်အတွက် လုံခြုံစိတ်ချသောနေရာသို့ ပြန်လွှတ်နိုင်ရန် အင်းစိန်သစ်တောဦးစီးဌာနမှ တင်ပြဆောင်ရွက်လျက်ရှိသည်။

မတ် ၁၈ ရက်တွင် နဝဒေးအိမ်ရာ Block-2B/10 နေအိမ်သို့ သစ်တောဦးစီးဌာနနှင့် အိမ်ရာမှ တာဝန်ရှိသူများ နိုင်ငံခြားသားဇနီးမောင်နှံနှင့် တွေ့ဆုံ၍ ဝက်ဝံနှစ်ကောင်ရောက်ရှိလာပုံကို မေးမြန်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ စင်ကာပူနိုင်ငံသူဖြစ်သော Mrs. Shwa Fang Wis က "စားသောက်ဆိုင်ကို လာရောင်းတာမြင်လို့ သနားတဲ့အတွက် ဝယ်ပြီးမွေးထားတာပါ။ အထီးတစ်ကောင်၊ အမတစ်ကောင်ပါ။ ဝယ်လာစဉ်က တစ်နှစ်သားနီးပါးပဲ ရှိဦးမယ်။ အခု လေးနှစ်သားကျော်ရှိပြီ။ တာဝန်ရှိသူတွေကို လွှဲပြောင်းပေးမှာပါ" ဟု ပြောသည်။

အဆိုပါ ဝက်ဝံနှစ်ကောင်အား သံဆန်ခါလှောင်အိမ်ဖြင့် နေအိမ်ဝင်းအတွင်း မွေးမြူထားပြီး ထမင်းနှင့် အသီးအရွက်ကျွေးကြောင်း သိရကာ နဝဒေးအိမ်ရာဝင်းအတွင်း အများပြည်သူရေကူးသော ရေကူးကန်နှင့် ဘောလုံးကွင်းရှိသောကြောင့် အကယ်၍ လွတ်သွားပါက အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ပြည်သူက သတင်းပေးမှုကြောင့် အိမ်ပိုင်ရှင်များအသင်း စီမံခန့်ခွဲရေးရုံးမှ သစ်တောဦးစီးဌာနနှင့် အချိန်မီ ချိတ်ဆက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

"သူတို့ကိုလွှတ်တဲ့အခါမှာ လုံခြုံစိတ်ချမှုရှိအောင် ဦးစီးရုံးချုပ်ကို တင်ပြထားပါတယ်။ တောရိုင်းတိရစ္ဆာန်ဖြစ်တဲ့အတွက် ရေရှည်မှာ သူတို့ကို ထိန်းဖို့ မလွယ်သလို ဥပဒေအရ မွေးခွင့်လည်း မရှိဘူး။ ဘယ်နေရာကို လွှတ်မယ်ဆိုတာ အမိန့်စောင့်နေပါတယ်။ မင်္ဂလာဒုံမှာလည်း ဝက်ဝံတစ်ကောင်မွေးထားလို့ တိရစ္ဆာန်ဥယျာဉ်ကို ပြန်လွှတ်တာတော့ ရှိဖူးတယ်" ဟု အင်းစိန်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဖိုးလတ်က ပြောသည်။

မွေးမြူထားသော ဝက်ဝံများကို တွေ့ရစဉ်။

အဆိုပါဝက်ဝံစုံတွဲအား ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း ကျောက်ကြီးမြို့နယ်ရှိ ဇာမကြီးဘေးမဲ့တောသို့ ပို့ဆောင်ရန် သစ်တောဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန် အင်းစိန်သစ်တောဦးစီးဌာနမှ တင်ပြဆောင်ရွက်ထားကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး

ကလောမြို့ ဟဲဟိုးဥယျာဉ်၌ အောင်မြင်သော အာလူးစိုက်ပျိုးမှုဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်များပို့ချ

ဟဲဟိုး မတ် ၂၂

စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်ရှိ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးဥယျာဉ်ခြံတွင် အောင်မြင်သော အာလူးစိုက်ပျိုးမှုဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်သင်တန်းကို မတ် ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့သည်။

"ရေမြေရာသီဥတုပေါ်မူတည်ပြီး မတူညီတဲ့ အာလူးစိုက်စနစ်တွေနဲ့ မျိုးရွေးချယ်ပုံတွေ၊ အာလူးစိုက်ပျိုးရာမှာ ကြုံတွေ့နိုင်တဲ့ ပြဿနာတွေ၊ အာလူးခြောက်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်း စတဲ့ အာလူးထွက်ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို အကျွမ်းတဝင် ပိုမိုသိရှိကြပြီး အာလူးစိုက်ပျိုးတဲ့ ဒေသအသီးသီးက ဝန်ထမ်းတွေ ကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်ပေးခြင်းဖြင့် တောင်သူတွေကို နည်းပညာနဲ့ အကူအညီတွေ ဝန်ဆောင်မှုပေးတဲ့အခါမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ကြဖို့ ရည်ရွယ်ပြီး ယခုသင်တန်းကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ဟဲဟိုးခြံ ဦးစီးမှူး ဦးညီညီအောင်က ပြောသည်။

အဆိုပါ သင်တန်းတွင် အာလူးစိုက်ပျိုးသော ဒေသများဖြစ်သည့် ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်၊ မိုင်းအင်ဥယျာဉ်ခြံ၊ ပင်လောင်းဥယျာဉ်ခြံ၊ အင်တိုင်းသာဥယျာဉ်ခြံ၊ လှိုင်းတက် VFDC ၊ နေပြည်တော် (ရုံးချုပ်)၊ ဟဲဟိုးဥယျာဉ်ခြံမှ ဝန်ထမ်းများအား TOT သင်တန်း ပို့ချပေးခြင်း ဖြစ်သည်။

သင်တန်းတွင် စိုက်ပျိုးရေးတက္ကသိုလ် လယ်ယာသီးနှံဌာနမှ ပါမောက္ခ (အငြိမ်းစား) ဆရာကြီး ဦးတင်ညွန့်က မြန်မာနိုင်ငံတွင် အာလူးစိုက်ပျိုးမှုအကြောင်း မိတ်ဆက်ခြင်း၊ အာလူးမျိုးရွေးချယ်ခြင်း၊ မြေယာပြုပြင်ခြင်း၊ မြေဩဇာသုံးစွဲခြင်း၊ အာလူးစိုက်ပျိုးခြင်း၊ ရောဂါပိုးမွှားကာကွယ်နှိမ်နင်းရေးအပါအဝင် အပင်ပြုစုစောင့်ရှောက်ခြင်း၊ နိုင်ငံတကာ အာလူးစိုက်ပျိုးနည်းစနစ်များလေ့လာခြင်း၊ အာလူးကန်ထရိုက်စိုက်ပျိုးခြင်းအကြောင်းများ၊ အာလူးတူးဖော်ခြင်းနှင့် သိုလှောင်ခြင်းတို့ကို ပို့ချဆွေးနွေးသည်။

သင်တန်းကာလအတွင်း လေ့လာရေးခရီးစဉ်များ ထည့်သွင်းဆောင်ရွက်ခဲ့သဖြင့် နောင်တရားရှိ တောင်သူ ဦးခွန်ဆန်းဦး၏ အာလူးစိုက်ခင်းတွင် တရုတ်မျိုး၊ ဒေသမျိုး၊ အိန္ဒိယမျိုးများ စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ရေဖျန်းစနစ်နှင့် ရေအစက်ချစနစ်တို့ဖြင့် ရေပေးသွင်းမှုစနစ်များကိုလည်းကောင်း၊ နောင်တရားမြို့အတွင်းရှိ အာလူးခြောက်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်းများကိုလည်းကောင်း၊ အင်းလေးကန်အနောက်ဘက်ကမ်းရှိ အာလူးမျိုးထုတ်စိုက်ခင်းများကိုလည်းကောင်း၊ အောင်ပန်းမြို့ရှိ Aventine Co., Ltd. ၏ အအေးခန်းသိုလှောင်ရုံကိုလည်းကောင်း၊ ဟဲဟိုးမြို့ပုန်းအင်းရွာရှိ အာလူးစိုက်ခင်းများကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ဇူလိုင်မိုး

ရေအစက်ချနည်းစနစ်ဖြင့် အာလူးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၃-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၂၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၂၃၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၁၀/၉၇၅ ကျပ်	၉၈၀/၉၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၂၀/၉၈၅ ကျပ်	၉၉၅/၁၀၀၅ ကျပ်
အောက်တိန်း ၉၂	၇၃၀/၈၀၀ ကျပ်	၈၄၀/၈၅၀ ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၇၅ ကျပ်	၉၂၅/၉၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၂ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၅၀ · ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၄၁ · ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၄၄ · ၉
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၈၅ · ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၉၄ · ၅
တရုတ်	တစ်ယွမ်	ကျပ် ၂၂၉ · ၆၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ · ၃၉၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၆ · ၅၁
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၈ · ၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၆၉၀

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ရန်ကုန်မြို့၏ ပထမဆုံး အင်းလျား လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် စာနယ်ဇင်းရှင်းလင်း

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထုတ်ဖော်ပြသသွားမည့် အစီအစဉ်များဖြင့် ရန်ကုန်မြို့၌ ပထမဆုံး အင်းလျား လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြတ်မေတ္တာမွန်ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်မြို့ ပြည်လမ်းထိပ်မှ တက္ကသိုလ်ရိပ်သာလမ်းအထိ (အင်းလျားကန်ပေါင်လမ်းတစ်လျှောက်) တွင် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ မြတ်မေတ္တာမွန်အနေနဲ့ အခုလို အင်းလျား လမ်းလျှောက်သင်္ကြန်ကို ပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ အနီးစပ်ဆုံးပြောရရင် ချင်းမိုင်မှာပေါ့နော်၊ သင်္ကြန်ပွဲတော်ကို အခုလို လမ်းလျှောက်ပြီး တစ်ဦးနဲ့တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာနဲ့ ရိုးရာမပျက် ဆင်နွှဲနေတာ ကြာပါပြီ၊ အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာလည်း သင်္ကြန်ပွဲတော်ဆိုတာ ယဉ်ကျေးသိမ်မွေ့စွာဆင်နွှဲရတဲ့ ပွဲတော်တစ်ခုဆိုတာ နိုင်ငံတကာကိုလည်း မြင်စေချင်တဲ့သဘောနဲ့ အခုလို ပြုလုပ်ရတာပါ"ဟု ပွဲဖြစ်မြောက်ရေးကော်မတီဝင် မြတ်မေတ္တာမွန်ကုမ္ပဏီဒါရိုက်တာ ဦးထွဋ်ခိုင်ဝင်းက စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်းလျားလမ်းလျှောက်သင်္ကြန်တွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အလှပြယာဉ်များ၊ မြန်မာ့ရိုးရာအကများ၊ တိုင်းရင်းသားများ၏ ရိုးရာအကများ၊ ရေကစားမဏ္ဍပ်များ၊ ယိမ်းအကဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ပြီး ခေတ်ပေါ်ဂီတဖျော်ဖြေမှုတွင် ရင်ဂို၊ ဂရေဟမ်၊ စိုင်းစိုင်းခမ်းလှိုင်၊ R ဇာနည်၊ ချစ်ကောင်း၊ စည်သူလွင်၊ အိမ့်ချစ်၊ ပန်းရောင်ချယ် စသည့်အဆိုတော်များနှင့် အခြားအဆိုတော်များစွာက ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ပွဲကျင်းပရာ လမ်းတစ်လျှောက်တွင်လည်း ရေပန်းများ၊ ရေမွှေးများ ဖျန်းပက်ပြီး တိုင်းရင်းသားများ၏ ရိုးရာအလိုက် ရေကစားမဏ္ဍပ်များ ဖွင့်လှစ်ကာ တိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများကို ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ဝင်များတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် လုံခြုံရေးကိုလည်း အထူးကြပ်မတ်ထားမည်ဖြစ်သောကြောင့် ပွဲတော်သို့လာရောက်မည့်သူများအနေဖြင့် စစ်ဆေးမှုများ ခံယူပြီးမှ ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အမြင်မသင့်တော်သော ဝတ်စားဆင်ယင်မှုများဖြင့်လည်း ဝင်ခွင့်မရှိကြောင်း၊ ယာဉ်ရပ်နားရန်အတွက် အင်းလျားကန်ပေါင် ကားပါကင်၊ YUFL ကားပါကင်၊ IBC ကားပါကင်၊ Mine ရှေ့ ကားပါကင်၊ TTC ကျောင်း ကားပါကင်နှင့် RC ကားပါကင်တို့တွင် နေရာများသတ်မှတ်ပြီး ကားများအဆင်ပြေစွာရပ်နားနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

စာနယ်ဇင်းရှင်းလင်းပွဲ တက်ရောက်သော အနုပညာရှင်များနှင့် ပွဲကျင်းပရေးတာဝန်ရှိသူများ

စိုင်းစိုင်း၏ မွေးနေ့ဂီတဖျော်ဖြေပွဲကို အခမ်းနားဆုံး ကျင်းပသွားမည်

အဆိုတော် စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ဂီတဖျော်ဖြေပွဲကို ၂၀၀၄ ခုနှစ်မှစတင်ပြီး နှစ်စဉ် ဧပြီ ၁၀ ရက်တိုင်း ပရိသတ်များနှင့်အတူ ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၅)ကြိမ်မြောက် Birthday Show ကိုလည်း ရန်ကုန်မြို့ သုဝဏ္ဏဘူမိ Event Park ၌ ကြီးကျယ်ခမ်းနားစွာကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

"အရင်နှစ်တွေကလိုပဲ ချောကလက်ရောင်အိပ်မက် တေးစီးရီးကစလို့ သူငယ်ချင်းများစွာ၊ ဖေဖော်ဝါရီမှတ်တမ်း၊ စိုင်းစိုင်းဟုခေါ်သည်၊ အဲဗားဂေါ်လီ၊ ဒိတ်ဒိတ်ကြဲ၊ Sai Sai is Sai Sai အခွေတွေနဲ့ live Show အခွေဖြစ်တဲ့ Sai Sai Live Show, စိုင်းစိုင်း ဘတ်ဒေးရှိုး အခွေတွေထဲက သီချင်းတွေနဲ့ ဖျော်ဖြေမှာဖြစ်ပါတယ်၊ နောက်တစ်ခု ပြောချင်တာက ဒီပွဲက စိုင်းစိုင်းရဲ့ Birthday Show ဆိုတဲ့ Concept တစ်ခုအပြင် ငယ်ငယ်ကတည်းက အားပေးခဲ့ပြီး အခု လူကြီးတွေဖြစ်နေကြပြီဖြစ်တဲ့ ပရိသတ်တွေ၊ သူငယ်ချင်းတွေနဲ့ fan တွေ အားလုံးပါဝင်ပြီး စိုင်းစိုင်းရဲ့သီချင်းတွေကို ချစ်ကြတဲ့ အသိုင်းအဝိုင်းတစ်ခုရဲ့ geathering party လည်း ဖြစ်ပါတယ်၊ ဒီပွဲမှာ ပျော်ရွှင်စရာအစီအစဉ်တွေ အများကြီးပါပြီး သီချင်းတွေ အတူတူဆိုကြမှာဖြစ်လို့ အနယ်နယ် အရပ်ရပ်က ပရိသတ်တွေကို ဖိတ်ခေါ်ပါတယ်"ဟု စိုင်းစိုင်းက ပြောသည်။

စိုင်းစိုင်းက ယခုနှစ် မွေးနေ့အမှတ်တရပွဲကို ခမ်းခမ်းနားနားဖြစ်ရန် ရည်ရွယ်ထားပြီး ပရိသတ်များ၊ သူငယ်ချင်းများ၏ အကြံဉာဏ်များကိုလည်း လိုအပ်နေကြောင်း၊ ဖျော်ဖြေပွဲအစီအစဉ်ကို TV Channel တစ်ခုခုမှ ထုတ်လွှင့်ပြသသွားရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

"ဒီလတစ်လလုံးကတော့ ရှိုးပွဲကိစ္စတွေပဲ လုပ်ဖြစ်မှာပါ။ ပရိသတ်တွေအတွက် ဒီလတစ်လလုံး ဖေ့စ်ဘုတ် မက်ဆင်ဂျာမှာ ပျော်စရာကစားနည်းတွေ ဆုလက်ဆောင်ရမယ့် ဂိမ်းတွေထည့်ဖို့ကိုလည်း ကျွန်တော်တို့ ကြိုးစားနေကြပါတယ်။ ၁၅ နှစ်ပြည့်ပွဲကို အရသာပိုပြီးထူးကဲအောင် ဒီပွဲမှာပါဝင်မယ့် သူငယ်ချင်းတွေအကုန်လုံးရဲ့ အကြံဉာဏ်ကိုလည်း ယူပါတယ်။ ပရိသတ်တွေဆီက အကြံဉာဏ်ကိုလည်း လိုချင်ပါတယ်။ ဖေ့စ်ဘုတ် မက်ဆင်ဂျာကနေဖြစ်ဖြစ်၊ ကွန်းမန့်တွေကနေဖြစ်ဖြစ် အကြံပေးနိုင်ပါတယ်၊ နောက်တစ်ခုက ကျွန်တော့်ရဲ့ Birthday Show ကို TV Channel မှာ ပြဖို့လည်း စီစဉ်နေပါတယ်။ တိုက်ရိုက်မဟုတ်ပါဘူး။ သင်္ကြန်ပြီးမှ Delay ပြမှာပါ"ဟု စိုင်းစိုင်းက ပြောသည်။

ယခုပွဲမှာ ၁၅ နှစ်စာအတွက် အမှတ်တရ စီစဉ်ရခြင်းဖြစ်၍ စိုင်းစိုင်းအတွက် အလွန်ရင်ခုန်စရာကောင်းကြောင်း၊ ယခုနှစ် မွေးနေ့အထိမ်းအမှတ်အဖြစ် ပရိသတ်များ၏ သင်္ကြန်ပိတ်ရက်များအတွက် လက်ဆောင်တစ်ခုကိုလည်း စီစဉ်ထားကြောင်း၊ ထိုလက်ဆောင်မှာ Birthday show သို့ လာခြင်း မလာခြင်းနှင့် မဆိုင်ဘဲ အွန်လိုင်းမှ ပေးသွားမည့် အထူးအစီအစဉ်ဖြစ်ကြောင်းလည်း စိုင်းစိုင်း၏ ပြောကြားချက်အရ သိရသည်။

ကိုလင်း

လူငယ်ဒါရိုက်တာများအတွက် ဂုဏ်ယူကြောင်း မို့မို့မြင့်အောင် ပြောကြား

ထူးချွန်သော လူငယ်ဒါရိုက်တာများ ထွက်ပေါ်လာခြင်းကြောင့် မြန်မာ့ရုပ်ရှင်လောကအတွက် ဂုဏ်ယူရကြောင်း အကယ်ဒမီခြောက်ဆုရှင်အဖြစ် အနုပညာလောကတွင် ယနေ့တိုင် အောင်မြင်စွာ ရပ်တည်နေသည့် မို့မို့မြင့်အောင်က ပြောကြားသည်။

မေး ။ ။ လှပ်၍... လွင့်သော ဇာတ်ကားမှာ မမို့ရဲ့အခန်းတွေ အနည်းငယ်လောက်သာ တွေ့ရတယ်၊ အဲဒီအပေါ် ပြောပြပေးပါ။

ဖြေ ။ ။ ဟုတ်တယ်၊ အားလုံးက မမို့ကို မေးကြတယ်၊ ဒါရိုက်တာဝိုင်းက ကိုယ့်ကို အဲဒီတစ်ဆင်း(Scene)တည်း ရိုက်ဖို့ခေါ်တာကို ဘာလို့လက်ခံဖြစ်လဲဆိုပြီးပေါ့၊ အမှန်အတိုင်းပြောရရင် မမို့တို့က အနုပညာသမားလေ၊ တစ်ဆင်းရလည်း ရိုက်ရမှာပဲ၊ ဘယ်လောက်မှရိုက်မယ်ဆိုတာမျိုး မရှိပါဘူး၊ မမို့က သရုပ်ဆောင် ကောင်းကောင်းလုပ်ရရင်ကို အရမ်းပျော်နေတဲ့သူပါ၊ မမို့ဘဝမှာ ဖြစ်ချင်တာလည်း ဒါပါပဲ၊ မမို့ရဲ့သရုပ်ဆောင်မှုလေးက ပရိသတ်ရင်ကို ထိစေတယ်ဆိုရင် ကျေနပ်ပါတယ်။

မေး ။ ။ လတ်တလော အနုပညာလှုပ်ရှားမှုနဲ့ အကယ်ဒမီအပေါ် အမြင်က။

ဖြေ ။ ။ လတ်တလောကတော့ အခု မမို့ သီချင်းကျက်တယ်၊ ဝတ္ထုဖတ်တယ်၊ သရဲကားအတွက် သီချင်းဆိုခန်းပါတော့ သီချင်းကျက်နေရတာပါ။ အကယ်ဒမီပွဲကတော့ ဘယ်သူရရ အားပေးမှာပါ၊ ဒီနှစ်က ပညာရှင်တွေ အများကြီးရကြမှာ၊ ပျော်စရာကြီးပါပဲ၊ အားရပါးရ လက်ခုပ်တီးပြီး အားပေးမယ်။

မေး ။ ။ လက်ရှိ ဇာတ်ကားကောင်းတွေ ထွက်လာတဲ့အပေါ် ဝါရင့်သရုပ်ဆောင်အနေနဲ့ အမြင်က။

ဖြေ ။ ။ မမို့က အနုပညာသမားဖြစ်နေပေမယ့် ကြည့်သင့်ကြည့်ထိုက်တဲ့ကားတွေတော့ သွားကြည့်ပါတယ်၊ မုန်းစွဲတို့၊ မီတို့ သွားကြည့်ပါတယ်၊ မုဒြာရဲ့ခေါ်သံတော့ မကြည့်ရသေးဘူး၊ ဉပါယ်တံမျဉ်ကတော့ ကြည့်ဖြစ်အောင်ကို ကြည့်ပါတယ်၊ ပညာရပ်တစ်ခုအနေနဲ့ မမို့ ကြည့်တာပါ၊ တော်တော်လေး ကောင်းကြပါတယ်၊ ဏကြီးတို့၊ ခရစ္စတီးနားခီတို့ တော်ကြ၊ ကောင်းကြပါတယ်။ လူငယ်တွေရဲ့လက် လက်စွာတယ်လို့ ပြောရမှာပေါ့၊ လက်စောင်းထက်ကြပါတယ်၊ အဲဒီအတွက် မြန်မာ့ရုပ်ရှင်နောင်ရေးအတွက် အားကိုးရတဲ့ဒါရိုက်တာတွေ ပေါ်လာပါလားလို့ အများကြီးကျေနပ်မိပါတယ်။ လူငယ်တွေ အလွန်တော်လာကြလို့ မမို့တို့ ရုပ်ရှင်လောကအတွက်လည်း ဂုဏ်ယူမိပါတယ်။

မေး ။ ။ တစ်ချိန်က မမို့ ပြောခဲ့ဖူးတာရှိတယ်၊ ဗီဒီယိုကား လုံးဝမရိုက်ဘူးဆိုပြီးတော့လေ၊ အခုချိန်မှာ ဗီဒီယိုရိုက်ကူးမှုတွေ နည်းသွားမှာကို နိမိတ်ဖတ်ခဲ့တာများလား။

ဖြေ ။ ။ အဲဒီတုန်းက မမို့က ရုပ်ရှင်ကားတွေ ရိုက်ရတာ အများကြီးပဲလေ၊ တစ်နှစ်ပတ်လုံး ကားတွေက အပြည့်ဖြစ်နေခဲ့တော့ ဗီဒီယိုဇာတ်ကားတွေဘက်ကို ဘယ်လိုမှ မလှည့်နိုင်ဘူး ဖြစ်ခဲ့တာ၊ အဲဒါကြောင့် ဗီဒီယို လုံးဝမရိုက်ပါလို့ ပြောခဲ့ဖူးတာပါ၊ တခြားစိတ်နဲ့ ပြောခဲ့တာမျိုး မဟုတ်ပါဘူး၊ အခုချိန်မှာ ဗီဒီယိုဈေးကွက်ပျက်ပြီဆိုတာကလည်း အားလုံးအမြင်နဲ့ မမို့အမြင် ကွဲနေပါတယ်၊ ရုပ်သံတွေကနေ ဗီဒီယိုဇာတ်ကားတွေ လွှင့်နေတာမျိုးတွေ ရှိပါတယ်၊ တစ်ဖက်ကကြည့်မယ်ဆိုရင် ပျက်တယ်ဆိုပေမယ့် တစ်ဖက်ကဆို မပျက်ဘူးလို့လည်း ပြောလို့ရပါတယ်။

အကယ်ဒမီခြောက်ဆုရှင် မို့မို့မြင့်အောင်အနေဖြင့် ၁၉၈၄ ခုနှစ်က မွန်းတည့်ချိန်မှာနေဝင်သည် ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရှင် ဖြစ်ခဲ့ပြီးနောက် နှလုံးသားမြို့တော်၊ ပန်းပန်လျက်ပါ၊ ခပ်စိမ်းစိမ်းပဲနေပါ့မယ်၊ သမီးနဲ့အမေများ စသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် အောင်မြင်မှုများရရှိခဲ့သည်။

ကိုလင်း

နိုင်ငံကျော် အမျိုးသမီးအဆိုရှင်ငါးဦး၏ The 5ive ဂီတဖျော်ဖြေပွဲ မတ် ၃၀ ရက်တွင် ကျင်းပမည်

နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် မီမီဝင်းဖေ၊ ကော်နီ၊ တင်ဇာမော်၊ ချောစုခင်နှင့် ဆုန်သင်းပါရ်တို့ သီဆိုဖျော်ဖြေကြမည့် The 5ive Concert ဖျော်ဖြေပွဲကြီးကို မတ် ၃၀ ရက်တွင် အမျိုးသား ကဇာတ်ရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

"ဒီပွဲလေး စဖြစ်လာတာကတော့ ကျွန်မတို့ အဆိုတော် ဆုန်သင်းပါရ်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ စခဲ့တာလို့ ဆိုနိုင်ပါတယ်၊ ဆုန်သင်းက သူ့ပွဲမှာ အဝတ်အစားလဲနေတုန်း ပရိသတ်ကိုဖျော်ဖြေတာ လစ်ဟာသွားမှာစိုးလို့ ကျွန်မတို့က ကြားကနေ ဖျော်ဖြေရင်းနဲ့ စကားပြောဖြစ်ကြတာပေါ့၊ ပြောရင်းနဲ့ အခုလို ဆိုကြမယ်ဆိုပြီး ဒီလိုဖြစ်လာတာပါ၊ ကြံစည်ထားတာ သုံးနှစ်လောက်ရှိပါပြီ၊ ကျွန်မတို့ လုပ်ချင်တာ ကြာပြီပေါ့နော်၊ ဆိုချင်လို့ အင်တာဗျူးတွေမှာတောင် မရှက်တမ်း ဖြေခဲ့ဖူးပါတယ်၊ စပွန်ဆာမရှိလို့ ပွဲမလုပ်နိုင်ဘူး၊ ပေးစေချင်ပါတယ်ဆိုပြီး ပြောဖူးပါတယ်၊ အခုတော့ ငါးယောက်လုံး ဖျော်ဖြေခွင့်ရခဲ့ပါပြီ"ဟု အဆိုတော် မီမီဝင်းဖေက ပြောသည်။

ဖျော်ဖြေပွဲ၏ တီးခတ်မှုအပိုင်းတွင် ပါဝင်မည့် ကိုဝေဖြိုးကလည်း "ဒီပွဲကြီးအတွက် ကျွန်တော်တို့ သီချင်းတွေကို ၁၅ ရက်နေ့ကတည်းက စပြီး တိုက်ကြတယ်၊ အဲဒီလို သီချင်းတွေတိုက်ကြတဲ့အခါ သီချင်းတွေရွေးချယ်မှုအပိုင်းမှာ အခက်အခဲအများကြီးရှိခဲ့ပါတယ်၊ ဆိုကြမယ့် သီချင်းတွေကလည်း အများကြီးပဲဖြစ်နေတော့ တကယ်ဆိုသင့်တဲ့ သီချင်းတွေကိုပဲ သေချာရွေးထုတ်ပြီး အကောင်းဆုံး တိုက်ခဲ့ကြပါတယ်၊ သီချင်းတွေက အရမ်းကောင်းတာမို့ ပရိသတ်တွေ ကြိုက်မှာသေချာပါတယ်၊ ကျွန်တော်တို့ တီးခတ်မှုအပိုင်းမှာလည်း အကောင်းဆုံး ဖန်တီးထားပါတယ်"ဟု ပြောသည်။

အဆိုပါပွဲသည် ပါဝင်သီဆိုကြသည့် အဆိုတော်များအတွက် ဂီတခရီးတစ်လျှောက်တွင် ပထမဆုံး တစ်စုတစ်စည်းတည်း ဖျော်ဖြေရသော ဂီတပွဲဖြစ်သဖြင့် အားလုံးအတွက် အမှတ်တရများကျန်ခဲ့မည့် ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

သရုပ်ဆောင်အမ်မလီယာကလာ့ခ် ကြောက်မက်ဖွယ်ဦးနှောက်ခွဲစိတ်မှုနဲ့ ရင်ဆိုင်ခဲ့ရ

သရုပ်ဆောင်အမ်မလီယာကလာ့ခ်ဟာ Game of Thrones ဇာတ်လမ်းတွဲ ရိုက်ကူးနေစဉ်မှာပဲ ဦးနှောက်သွေးလွှတ်ကြော ကြီးမားတဲ့ဝေဒနာကို ခံစားခဲ့ရတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ Game of Thrones ဇာတ်လမ်းတွဲကြောင့် နာမည်ကြီးလာတဲ့ အမ်မလီယာဟာ ဦးနှောက်ပျက်စီးသွားနိုင်တဲ့အခြေအနေကနေ ကျော်လွှားသွားနိုင်ခဲ့ပါတယ်။

အမ်မလီယာဟာ ၂၀၁၁ ခုနှစ် Game of Thrones ဇာတ်လမ်း ပထမတွဲရိုက်ကူးပြီးစီးသွားတဲ့အချိန်မှာပဲ အဆိုပါရောဂါဝေဒနာကို စတင်ပြီးခံစားလာရပါတယ်။ လန်ဒန်မြောက်ပိုင်း အားကစားခန်းမမှာ သီးသန့်လေ့ကျင့်ရေး ဆရာနဲ့ လေ့ကျင့်နေစဉ် အဆိုပါဝေဒနာကိုစတင်ပြီး သတိထားမိလာပါတယ်။အနီးအနားက ဆေးရုံမှာဦးနှောက်ကို ဓာတ်မှန်ရိုက်ပြီးတဲ့အခါမှာတော့ ဆရာဝန်တွေက သူ့ဝေဒနာကို ဦးနှောက်အတွင်း သွေးယိုစိမ့်မှု ဖြစ်ပေါ်စေလာနိုင်တယ်လို့ အမည်သတ်မှတ်ပေးခဲ့ပါတယ်။ ဒန်ရစ်တာရေးရီးယန်းအဖြစ် သရုပ်ဆောင်ခဲ့တဲ့အမ်မလီယာဟာ ခွဲစိတ်မှုကိုနှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး နှစ်ကြိမ်စလုံးဟာ ကြောက်မက်ဖွယ်အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ပြောပါတယ်။

သေတောင်သေတော့မှာလားဆိုပြီး တွေးခဲ့မိတဲ့သူဟာ အခုအခါမှာတော့ ပြန်လည်သက်သာရာရသွားပါပြီ။ ၂၀၁၃ ခုနှစ်မှာတော့သူဟာ Game of Thrones အတွဲ ၂ ဆက်လက်ရိုက်ကူးဖို့ ပြန်လည်ကောင်းမွန်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ဦးနှောက်တစ်ဖက်ခြမ်း ခွဲစိတ်ကုသခဲ့ပါတယ်။ အခုအခါမှာတော့ သူဟာ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝပြန်လည်ကောင်းမွန်နေပြီး ဦးနှောက်လေသင်တုန်းဖြစ်ခြင်းနဲ့ ထိခိုက်ခံစားရသူများ ပြန်လည်သက်သာရာရစေရေး ဆောင်ရွက်နေသည့် ပရဟိတအဖွဲ့ကို ကူညီမှုတွေ ပြုလုပ်ပေးနေပါတယ်။

ဘီဘီစီ

အမ်မလီယာကလာ့ခ်

ပြန်လည်ထူထောင်ရေးစခန်းရောက်ခဲ့ပေမယ့် ဘင်အက်ဖလက်တစ်ယောက် ဖခင်ကောင်းတစ်ဦးဖြစ်ဖို့ကြိုးစားနေ

ဟောလိဝုဒ်မင်းသား ဘင်အက်ဖလက်ဟာ အရက်စွဲလမ်းမှုကြောင့် ပြန်လည်ထူထောင်ရေးစခန်းကို နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့ရတဲ့ ရုပ်ရှင်မင်းသားတစ်လက်လည်းဖြစ်ပါတယ် ။ ဒါပေမယ့် အခုအခါမှာတော့ သူဟာ တာဝန်ကျေပွန်တဲ့ ဖခင်တစ်ဦးအဖြစ် ကောင်းကောင်းဆောင်ရွက်နေပါပြီ။ ဘင်အက်ဖလက်ဟာ သူ့ရဲ့ကလေးနှစ်ဦးဖြစ်တဲ့ အသက် ခုနစ်နှစ်အရွယ် ဆန်မြူရယ်နဲ့ အသက် ၁၀နှစ်အရွယ် ဆာရာဖီနာတို့ကို မတ် ၂၁ ရက်က ကျောင်းကနေ သွားကြိုတာကို တွေ့ရပါတယ်။

ဘင်အက်ဖလက်ဟာ ဇနီးဟောင်းဖြစ်သူ ဂျနီဖာဂါနာနဲ့ လမ်းခွဲခဲ့ပြီးဖြစ်ပေမယ့် အခုအချိန်အထိ ဂျနီဖာဂါနာကို ချစ်နေဆဲပဲလို့ ပြောခဲ့ပါတယ်။ ဂျနီဖာဟာ တကယ်ကို ထူးခြားတဲ့လူတစ်ယောက်ပါ။ ကျွန်တော့်ကလေးတွေအတွက် ဂျနီဖာလို မိခင်မျိုးရထားတာ အလွန်ကံကောင်းတာပဲလို့ ဘင်အက်ဖလက်က ပြောပါတယ်။

ကလေးများကို ကျောင်းကြိုလာသည့် ဘင်အက်ဖလက်ကို တွေ့ရစဉ်။

ဘင်နဲ့ ဂျနီဖာတို့ဟာ လမ်းခွဲခဲ့ပြီးဖြစ်ပေမယ့် ဘင်အက်ဖလက် ပြန်လည်ထူထောင်ရေးစခန်းကို သွားတုန်းကလည်း ဂျနီဖာဂါနာကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ခဲ့တာဖြစ်လို့ သူတို့မိသားစုကြားက သံယောဇဉ်ဟာ တကယ်ပဲ ထူးခြားလှပါတယ်။ ကလေးနှစ်ဦးကို ပူးတွဲအုပ်ထိန်းခွင့်ရထားတဲ့သူတို့ နှစ်ဦးကြားဆက်ဆံရေးဟာ ကောင်းမွန်လှပါတယ်။

ဟောလိဝုဒ်လိုက်ဖ်

လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၁၃)

မောင်ခင်မင် (ဓနုဖြူ)

"သမီးရေ၊ သွယ်ဝိုက်ပြောတဲ့စကားကို အဓိပ္ပာယ်ကောက်ပုံနဲ့ ပတ်သက်ပြီး ဟိုတစ်ပတ်က 'ငါ့ခေါင်းတော့ ဆင်နင်းပြီ' ဆိုတဲ့ စကားကို သာဓကပြခဲ့တာမှတ်မိသေးလား"

"မှတ်မိပါတယ် ဘဘ"

"ဒီစကားမျိုးက မသွယ်မဝိုက်ဘဲ တိုက်ရိုက်ပြောတဲ့ စကားမျိုးမှ မဟုတ်တာ၊ တိုက်ရိုက်အဓိပ္ပာယ်ကောက်လို့ မရဘူးလေ။ ခေါင်းကို ဆင်နင်းတယ်ဆိုတာ တကယ်ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် စကားပြောတယ်ဆိုတာက ဆိုင်တဲ့စကားကိုပဲ ပြောလေ့ရှိတာလေ။ မဆိုင်တာကို ပြောလေ့မရှိတော့ ဒီစကားက ပြောတဲ့ကိစ္စနဲ့ ဘယ်လိုဆိုင်တယ်ဆိုတာ ဆက်စပ်စဉ်းစားရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ တိုက်ရိုက်ဆိုလိုတဲ့ အဓိပ္ပာယ်နဲ့ ဆက်စပ်ပုံကို စဉ်းစားရင် တကယ်လို့ ခေါင်းကိုဆင်တက်နင်းရင် အကြီးအကျယ် ဒုက္ခရောက်မယ်။ သေကျေပျက်စီးမယ်ဆိုတဲ့ အကျိုးသက်ရောက်မှုနဲ့ ဆက်စပ်ကြည့်ရတာပေါ့။ ဒီလိုဆက်စပ်ပြီး သက်ဆိုင်တဲ့ အဓိပ္ပာယ်ကို ဖော်ထုတ်ရတာပေါ့ သမီးရယ်"

"နားလည်ပါပြီ ဘဘ"

"အဲဒီလိုဖော်ထုတ်တဲ့ နေရာမှာ ပြောတဲ့စကားမှာရှိတဲ့ အဓိပ္ပာယ်သက်သက်နဲ့ မလုံလောက်ဘူး။ အပြင်မှာ တကယ်ဆင်နင်းခံရရင် ဖြစ်လာမယ့် ဆိုးကျိုးရယ်၊ အဲဒီဆိုးကျိုးနဲ့တူတဲ့ ဒုက္ခရောက်တဲ့ အခြေအနေရယ်ဆိုတဲ့ စကားရဲ့ပြင်ပမှာရှိနေတဲ့ လောကအကြောင်းပါ ထည့်စဉ်းစားရတယ်။ အဲဒီလို ဆက်စပ်အဓိပ္ပာယ်ကောက်ရတဲ့ စကားမျိုးတွေက အစဉ်အဆက်သုံးခဲ့ကြလို့ ဘာသာစကားထဲမှာ အသားကျနေပြီလေ။ သမီးသိခဲ့တဲ့ ဥပစာတင်စားတဲ့စကားမျိုးတွေပေါ့။ ခုပြောတဲ့ 'ခေါင်းဆင်နင်းတယ်' ဆိုတာလည်း အကြောင်းအကျိုးဆက်စပ်တဲ့ ဥပစာစကားတစ်ခုပဲလေ"

"သြော်... သမီး ဆက်စပ် စဉ်းစားမိပါပြီဘဘ"

"အဲဒီလို ဆက်စပ်အဓိပ္ပာယ်ကောက်ပုံကောက်နည်းတွေ စဉ်းစားကြည့်ရအောင်။ ဆိုကြပါစို့။ သမီးသူငယ်ချင်းတစ်ယောက်ကို သူ့နာမည်မခေါ်ဘဲ သက်မွန်မြင့်လို့ ခေါ်တယ်ဆိုရင် ဘာကြောင့်ဖြစ်မလဲ"

"ဟုတ်ကဲ့။ သူငယ်ချင်းက သက်မွန်မြင့်နဲ့ တူလို့ ခေါ်တာဖြစ်မယ်လို့ ထင်ပါတယ်"

"အေးပေါ့။ တကယ်မဟုတ်ဘဲ တူလို့ခေါ်တာလည်း ဥပစာတင်စားပုံတစ်မျိုးပေါ့။ တူတယ်ဆိုရာမှာ လူသိများတဲ့၊ ထင်ရှားတဲ့ သူတစ်ယောက်ယောက်နဲ့ တူတာကို ပြောမှ အများနားလည်မှာပေါ့။ ခုပြောသလို ရုပ်ရှင်မင်းသမီးတို့၊ နိုင်ငံရေးခေါင်းဆောင်တို့ စသည်ဖြင့်ပေါ့။ ဘဘတို့ငယ်ငယ်က သူငယ်ချင်းတစ်ယောက်ကို 'သမ္မတကြီး' လို့ခေါ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာက အဲဒီတုန်းက နိုင်ငံတော်သမ္မတဖြစ်တဲ့ မန်းဝင်းမောင်ရဲ့မျက်နှာနဲ့ တူနေလို့လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ အသားကျနေတဲ့ စကားတွေရှိတယ်။ ဘောလုံးပွဲမှာ ရန်ကုန်တိုင်းဒေသကြီး အနိုင်ရတယ်ဆိုတဲ့ စကားလိုပေါ့"

"ရှင်၊ အဲဒါက ဘာဆိုလိုတာပါလဲ ဘဘ"

"ရန်ကုန်တိုင်းဒေသကြီး အနိုင်ရတယ်ဆိုတာ တကယ်ဟုတ်ရဲ့လားသမီးရဲ့၊ ရန်ကုန်တိုင်းဒေသကြီးက အသက်ရှိတဲ့လူမှ မဟုတ်တာ ဘယ်လိုလုပ်ပြီး အနိုင်ရမှာလဲ"

"သြော်၊ သမီးသဘောပေါက်ပါပြီ။ ရန်ကုန်တိုင်းဒေသကြီးရဲ့ဘောလုံးအသင်းသားတွေ အနိုင်ရတယ်လို့ အဓိပ္ပာယ်ကောက်ရ မှာပေါ့နော်"

"ဟုတ်တယ်။ ပြောတဲ့စကားက နေရာကို ပြောပေမယ့် ဆိုလိုတဲ့ အဓိပ္ပာယ်က အဲဒီနေရာမှာ နေတဲ့သူကို ဆိုလိုတာလေ။ အဲဒီလိုပဲ 'ဒီအခန်းက သိပ်ဆူတာပဲ' လို့ပြောပေမယ့် တကယ်တော့ အခန်းထဲက လူတွေက ဆူနေတာလေ"

"သြော်၊ သတင်းစာထဲမှာ 'အစည်းအဝေးသို့ မြောက်ကိုရီးယားနိုင်ငံ တက်ရောက်မည်မဟုတ်' လို့ ခေါင်းစဉ်တပ်ထားတာ ဖတ်လိုက်ရပါတယ်။ တကယ်တော့ မြောက်ကိုရီးယားနိုင်ငံကြီးက အသက်မှ မရှိတာ ဘယ်အစည်းအဝေးတက်နိုင်မလဲ။ အဲဒီနိုင်ငံက ကိုယ်စားလှယ် မတက်ရောက်ဘူးလို့ နားလည်ရမှာပေါ့နော် ဘဘ"

"ဟုတ်ပ့ါ။ နောက်တစ်မျိုးက ဒီနေ့ မကြာမကြာ ပြောနေကြတဲ့ 'မူးယစ်ဆေးဝါးတွေ ဖမ်းမိတယ်' ဆိုတဲ့ စကားမျိုးပေါ့။ တကယ်တော့ မူးယစ်ဆေးဝါးဆိုတာ သက်မဲ့ ပစ္စည်းလေ၊ သက်မဲ့ပစ္စည်းမို့ လက်ထိပ်ခတ်ပြီး ဖမ်းလို့မရဘူး မဟုတ်လား။ တကယ်ဖမ်းမိတာက အဲဒီ မူးယစ် ဆေးဝါးကို သယ်လာတဲ့ လူတွေလေ။ ဒါပေမယ့် မူးယစ် ဆေးဝါးတွေ ဖမ်းမိတယ်လို့ ပြောရင် သယ်လာတဲ့ လူတွေကို ဖမ်းမိတယ်လို့ အဓိပ္ပာယ်ကောက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ။ နိုင်ငံခြားက စားသောက်ကုန်တွေ ဝင်လာတယ်ဆိုတဲ့ စကားမျိုးဖြစ်မှာပေါ့"

"အေး။ ဒါတွေကျတော့ ပြောတဲ့စကားက သက်မဲ့ပစ္စည်းကိုပြောပေမယ့် အဓိပ္ပာယ်ကောက်တော့ အဲဒီ ပစ္စည်းတည်ရှိတဲ့ သက်ရှိလူကို အဓိပ္ပာယ်ကောက်ရတာပေါ့။ နောက်တစ်မျိုးကြည့်ရအောင်"

"ဟုတ်ကဲ့"

"နောက်တစ်မျိုးက သတင်းစာထဲမှာ 'ခရီးသည်တစ်ယောက် သေနတ်မှန်လို့ သေသွားတယ်' လို့ ရေးတာမျိုး သမီးဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးပါတယ် ဘဘ"

"စဉ်းစားကြည့်စမ်းပါ။ သူ့ကို တကယ် သေနတ်ထိမှန်တာဟုတ်ရဲ့လား"

"ဟင်... ဘာဖြစ်လို့လဲ ဘဘ၊ သြော်... ဟာ... သမီးသိပြီ။ သူ့ကို တကယ်ထိမှန်တာက သေနတ်ထဲက ကျည်ဆန်ထိမှန်တာပါ ဘဘ။ သေနတ်မှန်တာ မဟုတ်ပါဘူး"

"ဟုတ်တယ်။ တကယ်က သေနတ်ထဲ ထည့်ပြီးပစ်တဲ့ ကျည်ဆန်မှန်တာလေ။ ဒါပေမယ့် ကျည်ဆန်မှန်အောင် လုပ်တဲ့ အကြောင်း တရားဖြစ်တဲ့ သေနတ်ကို မူတည်ပြောလိုက်တာပေါ့။ အဲဒီလိုပဲ 'သေနတ်နဲ့ ပစ်တယ်' ဆိုတာ သေနတ်ကြီးကို တုတ်လို၊ ခဲလုံးလို ကိုင်ပြီး ပစ်လိုက်တာမှ မဟုတ်တာ။ သေနတ်ထဲက ကျည်ဆန်နဲ့ ပစ်တာလေ"

"ဟုတ်ကဲ့ပါ"

"အကြောင်းတရားကို ပြောပေမယ့် တကယ်က အဲဒီအကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားကို ဆိုလိုတယ်လို့ နားလည်ပြီး မှန်မှန်ကန်ကန် အဓိပ္ပာယ်ကောက်ရတာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ဆရာကြီးမင်းသုဝဏ်က အာဇာနည်နေ့အကြောင်း တစ်ခါက ရေးဖူးတယ်။ 'ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ခါးတောင်းကျိုက်မှ မဖြုတ်ရသေးခင် လူမသမာတွေရဲ့လက်ချက်ကြောင့် အာဇာနည်ဗိမာန်ကို ရောက်ရတယ်... တဲ့"

"သမီးဖတ်ဖူးပါတယ်။ ရေးပုံကောင်းတယ် နော်"

"ဟုတ်တယ်။ သမီးကို မေးရဦးမယ်။ 'ခါးတောင်းကျိုက်မှ မဖြုတ်ရသေးခင်' ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်ကြီးတွေ နောက်ဆုံးအစည်းအဝေးတက်တုန်းက အားလုံး ပုဆိုးခါးတောင်းကျိုက်ထားကြတယ်လို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး ဘဘ။ ခါးတောင်းကျိုက်မဖြုတ်ရသေးခင်ဆိုတာ လွတ်လပ်ရေးအတွက် အလုပ်လုပ်လို့ မပြီးသေးခင်လို့ ဆိုလိုတာဖြစ်မယ်ထင်ပါတယ်"

"ဘယ်လို ဆိုင်လို့လဲကွယ်"

"အရင်က ယောကျ်ားတွေ အလုပ်ကို ကြိုးကြိုးစားစားလုပ်တဲ့အခါ ပုဆိုးခါးတောင်းကျိုက်ပြီး လုပ်လေ့ရှိတာ မို့ ခါးတောင်းကျိုက်မဖြုတ်သေးတာ ဟာ အလုပ်လုပ်လို့ မပြီးသေးဘူးလို့ ဆိုလိုတာပါ ဘဘ"

"ဟုတ်ပါပြီ။ ဒီတော့ အလုပ်ကြိုးစားလုပ်တာက အကြောင်း၊ ခါးတောင်းကျိုက်ထားတာက အကျိုးလို့ ဆိုရမှာပေါ့။ ခါးတောင်းကျိုက်မဖြုတ်ရသေးခင်လို့အကျိုးကို ပြောပေမယ့် အလုပ်မပြီးသေးခင်ဆိုတဲ့ အကြောင်းကို ဆိုလိုတယ်လို့ အဓိပ္ပာယ်ကောက်ရမှာပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါပြီ"

"'အာဇာနည်ဗိမာန်ကို ရောက်ရတယ်' ဆိုတာကရော"

"'ကျဆုံးသွားရတယ်' လို့ ဆိုလိုတာပါဘဘ"

"ဒီတော့ အကြောင်းအကျိုး ဘယ်လိုဆက်စပ်မလဲ"

"ကျဆုံးလို့ အာဇာနည်ဗိမာန်ရောက်ရတာမို့ ကျဆုံးတာက အကြောင်း၊ အာဇာနည်ဗိမာန်ရောက်ရတာက အကျိုးလို့ ထင်ပါတယ် ဘဘ"

"ဟုတ်ပါတယ်။ ဒီနေရာမှာတော့ အကျိုးတရားကို ပြောပေမယ့် အဓိပ္ပာယ်ကောက်တော့ အကြောင်းတရားကို ဆိုလိုတယ်လို့ နားလည်ပြီး ကောက်ရတာပေါ့ကွယ်"

"တော်တော်ရှင်းသွားပါပြီ ဘဘ"

"ရှေးက စာပေတွေထဲမှာ 'ဦးဖြူ ဦးနက်' ဆိုတဲ့ အသုံးတစ်ခုရှိတယ်။ လူအားလုံးကို ခြုံပြီးခေါ်တာလေ။ အဲဒီအဓိပ္ပာယ်ကို သမီးသိသလား"

"မသိပါဘူး ဘဘ။ သမီးသတိမထားမိပါဘူး"

"ဦးဖြူနဲ့ ဦးနက်ဆိုတဲ့ လူနှစ်ယောက်လို့ ဆိုလိုတာမဟုတ်ဘူးနော်။ ဆံပင်ဖြူတဲ့သူနဲ့ ဆံပင်နက်တဲ့သူလို့ ဆိုလိုတာ"

"သြော်... သမီးစဉ်းစားလို့ရပါပြီ။ အသက်ကြီးတဲ့ သူနဲ့ အသက်ငယ်တဲ့သူလို့ ဆိုလိုတာပေါ့နော်"

"ဟုတ်တယ်။ ကဲ... အကြောင်းအကျိုးဆက်စပ်ကြည့်ပါဦး"

"ဆံပင်ဖြူတာ နက်တာက အကျိုး၊ အသက်ကြီးတာ ငယ်တာက အကြောင်းဖြစ်မယ်ထင်ပါတယ် ဘဘ။ အသက်ကြီးလို့ ဆံပင်ဖြူတယ်၊ အသက်ငယ်လို့ ဆံပင်နက်တယ်လို့ ဆိုလိုတာပါ။ အကျိုးကို ပြောပေမယ့်အကြောင်းကို ဆိုလိုတယ်လို့ အဓိပ္ပာယ်ကောက်ရတာပါ ဘဘ"

"ဟုတ်ပါပြီကွယ်"

"ဟုတ်ပ့ါ။ နောက်တစ်မျိုးက ဒီနေ့ မကြာမကြာပြောနေကြတဲ့ 'မူးယစ်ဆေးဝါးတွေ ဖမ်းမိတယ်' ဆိုတဲ့ စကားမျိုးပေါ့။ တကယ်တော့ မူးယစ်ဆေးဝါးဆိုတာ သက်မဲ့ပစ္စည်းလေ၊ သက်မဲ့ပစ္စည်းမို့ လက်ထိပ်ခတ်ပြီး ဖမ်းလို့မရဘူး မဟုတ်လား။ တကယ်ဖမ်းမိတာက အဲဒီမူးယစ်ဆေးဝါးကို သယ်လာတဲ့ လူတွေလေ။ ဒါပေမယ့် မူးယစ်ဆေးဝါးတွေ ဖမ်းမိတယ်လို့ပြောရင် သယ်လာတဲ့ လူတွေကို ဖမ်းမိတယ်လို့ အဓိပ္ပာယ်ကောက်ရတယ် မဟုတ်လား"

စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အခန်း(၁၂)

ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၄။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ်အာမခံချက်ပေးထားသည့် ကာလ သို့မဟုတ် အသုံးပြုနိုင်မည့် ကာလအတွင်း အသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်းမပြုလျှင်ဖြစ်စေ၊သတင်းအချက်အလက် ပြည့်စုံစွာဖော်ပြခြင်းမရှိလျှင်ဖြစ်စေ စားသုံးသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ်

(ခ) အပိုပစ္စည်း မရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့် ကုန်စည် သို့မဟုတ် မူလအရည်အသွေးအောက် မနိမ့်သော ကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ်

(ဂ) စီးပွားရေးလုပ်ငန်းရှင်ဘက်မှ ချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည်တန်ဖိုးနှင့် ညီမျှသော ကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ်

(ဃ) ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ဖော်ပြရန် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုရှိခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းခံခွင့်ရှိရန်။

၂၅။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့် ကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်နှင့်ညီသော အရည်အသွေးတူ ကုန်စည်ရရှိရန်၊

(ခ) ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်လဲလှယ်ပေးရန်၊

(ဂ) အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါက လျော်ကြေးရရှိရန်။

အခန်း(၁၃)

ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၆။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်းသည့် ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) မိမိဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူ သိရှိစေရန် ကြိုတင်အသိပေးခြင်း၊

(ခ) မှန်ကန်သော သတင်းအချက်အလက်နှင့် ပြည့်စုံသောဝန်ဆောင်မှု အဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊

(ဂ) စားသုံးသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း၊

(ဃ) အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊

(င) စားသုံးသူနှင့် သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်း။

အခန်း(၁၄)

ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေး

၂၇။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၆ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန် ပျက်ကွက်လျှင် စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊

(ခ) အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကိုမရရှိခဲ့လျှင် စားသုံးသူ၏နစ်နာမှုအတွက် ကုစားခွင့်ပေးရန်။

အခန်း(၁၅)

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှု

၂၈။ ဦးစီးဌာနသည် စားသုံးသူများ အသုံးပြုမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကော်မရှင်၏ သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၉။ ဦးစီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်သော အစီအမံများ ပြုလုပ်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာစားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များ ထုတ်လုပ်ခြင်းအပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) စစ်ဆေးရေးအရာရှိက တင်ပြလာသော ဘေးအန္တရာယ်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း၊

(စ) စားသုံးသူများ အသုံးပြုမည့်ကုန်စည်များအတွက် ဦးစားပေးကုန်စည် အမျိုးအစားအလိုက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြန်မာနိုင်ငံ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) စံသတ်မှတ်ချက်များ အတည်ပြုသတ်မှတ်ထားခြင်း မရှိသေးသော စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ အနည်းဆုံးရှိရမည့် စံသတ်မှတ်ချက်များနှင့် အညီ ကြီးကြပ်ကွပ်ကဲခြင်း။

အခန်း (၁၆)

ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်း

၃၀။ ဦးစီးဌာနသည်-

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနိုင်စေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန်နှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်နိုင်ရန် ဆောင်ရွက်ရမည်။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၃၁။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်နှင့် သက်ဆိုင်ရာအစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသည်ဟု ဦးစီးမှူးရုံးက တင်ပြလာသည့်ကိစ္စ၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ အစီရင်ခံတင်ပြသည့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာကော်မတီက အကြောင်းကြားလာသည့်ကိစ္စ။

၃၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ဘေးအန္တရာယ်ရှိသောကုန်စည်များအား မိမိသဘောဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းလိုပါက ပြန်လည်သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းမည့် အစီအမံအား သက်ဆိုင်ရာဦးစီးမှူးရုံးသို့ အသိပေးတင်ပြခြင်းကိုတစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

၃၃။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်ကို သတ်မှတ်ထုတ်ပြန်ရမည်။

၃၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုကို စားသုံးသူထံ မှန်ကန်သော သတင်းအချက်အလက်များကို သတ်မှတ်ထုတ်ပြန်ရမည်။

အခန်း(၁၇)

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု

၃၅။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင်တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိစားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည် ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၆။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့် ကာလအတွင်း စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှ ကုန်စည်များ တင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည် ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည် ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၇။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ယင်း၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အခြားစီးပွားရေးလုပ်ငန်းရှင် တစ်ဦးဦးသို့ လွှဲပြောင်းရောင်းချရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လွှဲပြောင်းရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရမည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံခြင်းမပြုလုပ်ဘဲ မူလအတိုင်း ရောင်းချခြင်း၊

(ခ) ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် နမူနာပုံစံ၊ အရည်အသွေး၊ ဖွဲ့စည်းပုံတို့နှင့် ကိုက်ညီမှုမရှိခြင်းများကို သိရှိခြင်းမရှိဘဲ ကုန်သွယ်ရောင်းဝယ်မှုပြုခြင်း။

၃၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ စားသုံးသူသို့ ရောင်းချခြင်းပြုလျှင် ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန် တာဝန်ရှိသည်။

၃၉။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့်ကာလ သို့မဟုတ် အာမခံပေးထားသည့် ကာလသက်တမ်းအတွင်း အပိုပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရောင်းချပြီးနောက် လိုအပ်သောဝန်ဆောင်မှုများ ထပ်မံပေးခြင်းနှင့် သဘောတူညီချက်တွင်ပါရှိသည့် အာမခံချက်နှင့်အညီ ဆောင်ရွက်ခြင်းပြုရမည်။

၄၀။ ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ တို့အရ နစ်နာဆုံးရှုံးမှုအတွက် စီးပွားရေးလုပ်ငန်းရှင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ယူဆောင်ရွက်ပေးရမည်။

အခန်း (၁၈)

ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း

၄၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်-

(က) ကုန်စည်၏ တံဆိပ်အမှတ်အသား၊

(ခ) ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊

(ဂ) ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊

(ဃ) ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်း အမည်နှင့် လိပ်စာ၊

(င) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များတင်သွင်းပြီး ပြန်လည် ထုပ်ပိုးသည့်နေရာ၊

(စ) ကုန်စည်တွင် ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှု အချိုးအစား၊

(ဆ) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ခါတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊

(ဇ) သက်ဆိုင်ရာအစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ။

၄၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာအာမခံချက်များ ဖော်ပြနိုင်သည်။

၄၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ရေးသား ဖော်ပြရမည်။

အခန်း(၁၉)

တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း

တိုင်ကြားခြင်း

၄၄။ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည်-

(က) နစ်နာသည့် စားသုံးသူ၊

(ခ) နစ်နာသည့် စားသုံးသူ၏ မိသားစုဝင်များ၊

(ဂ) နစ်နာသည့် စားသုံးသူနှင့် ဆက်နွယ်သောပုဂ္ဂိုလ်များ၊

(ဃ) အစိုးရဌာန အဖွဲ့အစည်းများ၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ။

စိစစ်ဆောင်ရွက်ခြင်း

၄၅။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၄ အရ တိုင်ကြားလာသောကိစ္စများနှင့် စပ်လျဉ်း၍ သက်သေခံအထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ မရှိစိစစ်ခြင်း၊

(ခ) ပြည့်စုံမှန်ကန်မှုမရှိသော တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်စေခြင်း၊

(ဂ) လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် မှတ်တမ်းရယူခြင်း။

(ဆက်လက်ဖော်ပြပါမည်)

UNDP အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားအမြင်အား လာရောက်ဆွေးနွေး

ပဲခူး မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ မတ် ၂၁ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ထံသို့ UNDP အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၏ သဘောထားအမြင်အား လာရောက်ဆွေးနွေးခဲ့သည်။

UNDP ကိုယ်စားလှယ် Mr. Simon Hale က မြို့နယ် ငါးမြို့နယ်တွင် UNDP မှ ဒေသလိုအပ်ချက်များအပေါ် ဦးစားပေးအစီအစဉ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ သဘောထားအမြင်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသော မြို့နယ်စုစုပေါင်းနှင့် အနာဂတ်မျှော်မှန်းချက်တို့အား သိရှိလိုကြောင်း မေးမြန်းဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က UNDP ၏ မြို့နယ်အဆင့် ဒေသလိုအပ်ချက်များအပေါ် ဦးစားပေးအစီအစဉ် အလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကို အသိအမှတ်ပြုကြောင်း၊ UNDP ၏ ဒေသဖွံ့ဖြိုးရေး အစီအစဉ်သည် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်၍ မိမိတို့ ဒေသလိုအပ်ချက်များကို ဆောင်ရွက်ရခြင်းသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် အောင်မြင်ရန် တွန်းအားတစ်ခုဖြစ်စေကြောင်း၊ မိမိတို့ အစိုးရအဖွဲ့သည် ဒီမိုကရေစီယန္တရားဟုခေါ်သော အရွေးကောက်ခံအစိုးရနှင့် ဗျူရိုကရေစီယန္တရားဟုခေါ်သော ဝန်ထမ်းဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းသည် အစပိုင်းတွင် အခက်အခဲများ ရှိခဲ့သော်လည်း ယခုအခါ ဝန်ထမ်းများမှာ ဒီမိုကရေစီ အခြေခံသဘောတရားများ သိရှိနားလည်နေပြီးဖြစ်၍ အဆင်ပြေအောင်မြင်မှုများ ရရှိလာနေပြီဖြစ်ကြောင်း၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲကာ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်တစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိပြီး ကျန်သည့် မြို့နယ် ၂၃ မြို့နယ်တွင်လည်း မြို့နယ်အဆင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို နောက်ထပ် သုံးနှစ်အထိ ထပ်မံ ဆောင်ရွက်ပေးစေလိုကြောင်း စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဟိန်းထက်(ပဲခူး)

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက UNDP မှ တာဝန်ရှိသူများကို အမှတ်တရ ပစ္စည်းပေးအပ်စဉ်။

မင်းဘူးခရိုင် စကုမြို့၌ ဝါမျိုးကောင်းမျိုးသန့် ကြိတ်ခွဲထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

မင်းဘူး မတ် ၂၂

ဝါမျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မင်းဘူးခရိုင် စကုမြို့၌ ဝါမျိုးကောင်းမျိုးသန့် ကြိတ်ခွဲထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က စကု-၁ မျိုးသန့် ဝါကြိတ်စက်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးတွင် စပါးနှင့် ဆီထွက်သီးနှံများကို မျိုးကောင်းမျိုးသန့်ထုတ်လုပ် ပေးနိုင်ခဲ့ပြီး စက်မှုသီးနှံ ဝါကို ယခင်ခြံများမှ မှာယူစိုက်ပျိုးခဲ့၍ လုံလောက်မှု အားနည်းခဲ့ကြောင်း၊ မင်းဘူးခရိုင်အတွင်းရှိ ယခုနှစ်မိုးနှောင်းရာသီက စိုက်ပျိုးထွက်ရှိခဲ့သည့် ဝါများမှ မျိုးသန့်ဝါစေ့များ ရရှိအောင် ယခင်ရပ်ဆိုင်းထားခဲ့သော စကုဝါကြိတ်စက်ရုံကို လည်ပတ်စေခြင်းသည် တောင်သူများ ဝါမျိုးကောင်းမျိုးသန့်စေ့များ ရရှိလာစေမည်ဖြစ်ကြောင်း၊ ကြိတ်ခွဲပြီး မျိုးစေ့များ သန့်စင်ခြင်း၊ ဝါဂွမ်းများ ဘေထုပ်ထုပ်ခြင်း၊ ချည်မျှင်ထုတ်လုပ်ခြင်းများဖြင့် အလားအလာကောင်းသော စက်ရုံတစ်ရုံလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေးအတွက် အထူးအကျိုးရှိမည်ဖြစ်သည့်အတွက် စက်ရုံလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ဝါကြိတ်စက်ရုံအတွင်း ဝါကြိတ်ခွဲမှုကို ကြည့်ရှုစဉ်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးဝင်းမော်ဌေးက မျိုးသန့်ခြံအပြင် တိုင်းဒေသကြီးအတွင်း မျိုးသန့်မျိုးစေ့များကို ယခုဖွင့်လှစ်သည့်စက်ရုံမှ ယခုလို ပိုမိုထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ဝါရောင်းရုံမက ဝါဂွမ်းမှချည်မျှင်ထုတ်လုပ်ရောင်းချရင်း ဝင်ငွေပိုရသည့်အပြင် သွင်းကုန်လျှော့ချပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုရလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဝါကြိတ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စက်ရုံတွင်း ဝါကြိတ်ခွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ဝါကြိတ်ခွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဦးနှောက်ကျေးရွာအုပ်စု ချောင်းနားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ မတ် ၂၁ ရက်က ရတနာရောင်ခြည်တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(အဆိုပါ ကျောင်းဆောင်မှာ အလှူရှင် ဦးဇော်ဝင်း မိသားစုက ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ အုပ်ညှပ်တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။)

မြို့နယ်(ပြန်/ဆက်)

နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား တောင်ကြီး၌ ကျင်းပ

တောင်ကြီး မတ် ၂၂

နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ကို မတ် ၂၀ ရက်က တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း (ဒဲ့ဉ်သီးဗွေကွင်း)၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပင်လောင်း၊ နောင်တရားယဉ်ကျေးမှုအကအဖွဲ့မှ ခမ်းရန်ဆားသီချင်းဖြင့် ကပြဖွင့်လှစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ခေါင်းဆောင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်မှုဆောင်ကော်မတီတို့မှ ပအိုဝ်း အမျိုးသားနေ့သို့ ပေးပို့သော သဝဏ်လွှာများကို ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတို့က ဖတ်ကြားကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံယူကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အလှူငွေကျပ်သိန်း ၃၀ ကို ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုအား ပေးအပ်စဉ်။

လူတိုင်းအကျုံးဝင် အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ဟားခါး မတ် ၂၂

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့လက်တွဲ ဆောင်ရွက်သည့် လူတိုင်းအကျုံးဝင် အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ် (IAQE) အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ဇလပ်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်နှင့်တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ EDUCATION SPECIALIST ဒေါ်မာမာသွင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်လူမှုရေးဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ အမျိုးသားအဆင့်ပညာရေး မဟာဗျူဟာစီမံကိန်း (NESP)ကို ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ အထိ ငါးနှစ်တာ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍကိုးခုပါဝင်ကြောင်း၊ မူလတန်းကြိုကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ စသည်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် ကျောင်းဖွံ့ဖြိုးရေး ရန်ပုံငွေချထားပေးခြင်း၊ နွမ်းပါးကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ အရည်အသွေးတိုးတက်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ပညာရေးဝန်ကြီးဌာန၏ စီမံကိန်းအသစ်ကို အသိပေးဆွေးနွေးခြင်း ဖြစ်သည့်အတွက် တက်ရောက်လာကြသူများက တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၏ ကမ္ဘာ့ကဗျာများနေ့ အခမ်းအနား

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်

ကမ္ဘာ့ကဗျာများနေ့ (၂၀၁၉) အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၏ စီစဉ်မှုဖြင့် မတ်လ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ လိပ်ပြာကန်ကျောင်းကြီးတိုက်၌ ကျင်းပခဲ့ပြီး ကဗျာဆရာလူငယ်များ စုစည်းတည်ထောင်ထားသည့် တနင်္ဂနွေကဗျာဝိုင်းကလည်း ကမ္ဘာ့ကဗျာများနေ့ အထိမ်းအမှတ် ကဗျာစာအုပ်မိတ်ဆက်ပွဲနှင့် ကဗျာရွတ်ဆိုပွဲကို ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ပေါင်၌ ဆက်လက်ကျင်းပခဲ့သည်။ ကမ္ဘာ့ကဗျာများနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ကျင်းပခဲ့သည့် အကြောင်းအရာများနှင့် မြန်မာကဗျာလောက၏အခြေအနေများနှင့် ပတ်သက်၍ ကဗျာဆရာနှင့် ဆရာမများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ကဗျာဆရာမ ဖြူမွန်

သစ္စာနီ
နာယက၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ

မြန်မာနိုင်ငံမှာ ကမ္ဘာ့ကဗျာနေ့ကို လုပ်တာ ၁၀ နှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ ကဗျာဆရာသမဂ္ဂဖွဲ့တာ ၇ နှစ်ရှိပြီ။ အဲဒီမတိုင်ခင်ကတည်းက လုပ်ခဲ့တာပါ။ နှစ်တိုင်း နှစ်စဉ်မပြတ်လုပ်ခဲ့တာပါ။ ကဗျာကို တစ်သက်လုံးမသိဘဲ မကြားဘဲ နေသွားတဲ့ဘဝတွေလည်း ရှိတယ်။ ဒီနေ့ခေတ်ဆိုရင် မြန်မာကဗျာဟာ တိုးတက်တဲ့ အခြေအနေရှိတယ်။ ကဗျာစာအုပ်က တစ်နှစ်ကို အုပ် ၃၀၀ လောက်ထွက်တယ်။ မနှစ်ကဆို အုပ်ရေ ၂၆၀၊ ဒီနှစ်လည်း အုပ်ရေ ၂၆၀ ကျော်ထွက်တယ်။ ဒါဟာ သုံးရက်ကို နှစ်အုပ်လောက်ထွက်နေတဲ့သဘောပေါ့။ ကဗျာဆရာတွေလည်း အများကြီး။ အဖွဲ့အစည်းတွေလည်း များတယ်။ ကဗျာဆုတွေလည်း အနယ်နယ်အရပ်ရပ်မှာ ပေးနေကြတယ်။ အလယ်ရိုးမကဗျာဆု၊ အနောက်ရိုးမ၊ ချင်းတောင်မှာ တောင်ဇလပ်ပန်း၊ ကျောက်ဆည်ကဗျာဆု၊ သူ့ဟာနဲ့သူ ဆုပေးတာတွေ ရှိတယ်။ အခုဆို ခေတ်ပေါ်ကဗျာကိုလည်း အမျိုးသားစာပေဆုထဲမှာ ရွေးချယ်ပြီး ပေးလာပြီ။ အွန်လိုင်းမှာလည်း ကဗျာရေးတဲ့လူငယ်တွေ များလာတယ်။ ကဗျာဆရာတွေက အခြားအလုပ်အသက်မွေးဝမ်းကျောင်းရှိရတယ်။ ကဗျာဆရာတွေက သူတို့မြတ်နိုးတဲ့အနုပညာကို ချုပ်ကိုင်ထားတာပါ။ ဒီနေ့က ကမ္ဘာ့ကဗျာနေ့ပေါ့။ ဒါပေမယ့် အမျိုးသားကဗျာနေ့ (National Poetry Day) ဆိုတာမျိုးလည်း ရှိသင့်တယ်။ အခြားနိုင်ငံတွေမှာရှိတယ်။ မြန်မာနိုင်ငံမှာလည်း သတ်မှတ်ပြီး လုပ်ပေးနိုင်ရင် ကောင်းမယ်။

ကဗျာဆရာ သစ္စာနီ

ကဗျာဆရာမိုးယံဇော်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ

ကမ္ဘာ့ကဗျာနေ့ကို နှစ်စဉ် မတ်လ ၂၁ ရက်နေ့တိုင်းမှာ ကျင်းပဖို့ ယူနက်စကိုက သတ်မှတ်ခဲ့တာပါ။ နိုင်ငံတိုင်း နိုင်ငံတိုင်းက ကဗျာဆရာတွေစုပြီးတော့ ဒီနေ့မှာ အထိမ်းအမှတ်အခမ်းအနားတွေ ကျင်းပကြပါတယ်။ ၂၀၁၂ မတိုင်ခင်ကတော့ မြန်မာနိုင်ငံမှာ သိပ်မသိကြဘူး။ ၂၀၁၂ နောက်ပိုင်း သမဂ္ဂဖွဲ့ပြီးတဲ့အချိန်ကစပြီး နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ အကျယ်တဝင့် လုပ်ဆောင်ခဲ့ပါတယ်။ အရင်နှစ်တွေက ယုဒသန်မှာလုပ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ လိပ်ပြာကန်ကျောင်းတိုက်မှာ ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ဆီမှာ ကဗျာဆရာက အခက်အခဲ အကြီးမားဆုံးလို့ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ ကဗျာကို လူသိလည်း နည်းကြတယ်။ လူဖတ်လည်း နည်းကြတယ်။ စာပေ၊ ကဗျာ ဖွံ့ဖြိုးမှုနည်းလာတာက လူတွေရဲ့ နှလုံးသားတွေ အားနည်းသွားတာနဲ့ အများကြီးဆိုင်မယ်လို့ ယုံကြည်တယ်။ ကဗျာ၊ စာပေတွေကို အမြဲတမ်း လေ့လာမှတ်သား ဖတ်ရှုနေသူတွေရဲ့ နှလုံးသားက တော်တော်လေးနူးညံ့သိမ်မွေ့တယ်။ ယဉ်ကျေးမှုကြီးမားတယ်။ လူတွေ ကဗျာနဲ့ စာနဲ့ နည်းနည်းဝေးလာတော့ မကြားဝံ့မနာသာတဲ့အမှုကြီးတွေ ဖြစ်လာနေတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ကဗျာစာပေကဏ္ဍ ပြန်လည်ထွန်းကားလာဖို့ ကျွန်တော် အများကြီးမျှော်လင့်ပါတယ်။

ကဗျာဆရာ မိုးယံဇော်

ကဗျာက လူသားတွေရဲ့နှလုံးသားကို လူသားဆန်ပြီး ပြန်လည်ရှင်သန်လာစေပါတယ်။ စိတ်နဲ့ဆိုင်တာတွေ၊ ယဉ်ကျေးမှုဆိုင်ရာတွေ၊ ချစ်ခြင်းမေတ္တာတွေနဲ့ ကောင်းမြတ်တဲ့ လူ့ဘောင်ကို တည်ဆောက်ဖို့ဆိုရင် ကဗျာတွေလိုပါတယ်။ လူတွေကို ယဉ်ကျေးအောင်၊ ချစ်ခြင်းမေတ္တာတရားတွေ ထားနိုင်အောင်၊ နောက်ပြီး ငြိမ်းချမ်းတဲ့ လူ့ဘောင်ငြိမ်းချမ်းရေးကို တန်ဖိုးထားအောင်၊ နောက် ကျွန်တော်တို့ရဲ့ သဘာဝလောကကြီး၊ သစ်ပင်တွေ၊ တိရစ္ဆာန်လေးတွေကအစ ချစ်တက်လာအောင် ကဗျာတွေမှာ အများကြီး သင်ကြားပေးပါတယ်။

လူငယ်ကဗျာဆရာ Aသင်
(တနင်္ဂနွေကဗျာဝိုင်းတည်ထောင်သူ)

တနင်္ဂနွေကဗျာဝိုင်းကို ဖြတ်သန်းခဲ့တာ နှစ်နှစ်ရှိပါပြီ။ လစဉ် တစ်လတစ်ကြိမ်ပုံမှန် မဟာဗန္ဓုလ ပန်းခြံမှာတော့ ဝါသနာပါတဲ့ သူတွေစုစည်းပြီး ကဗျာရွတ်ဖြစ်ပါတယ်။ လစဉ်အယောက် ၂၀ ကျော်လောက် ပုံမှန်ရွတ်ဖြစ်တယ်။ ကမ္ဘာ့ကဗျာနေ့မှာ ကျွန်တော်တို့ကဗျာသမားတွေ အခုလို ကဗျာတွေရွတ်တာ အမှတ်တရပါပဲ။ အထိမ်းအမှတ်တစ်ခုပါပဲ။ ဒီမှာ လာစုစည်းတဲ့အခါ ကျွန်တော်တို့လို မျိုးဆက်သစ်တွေအပြင် ယခင် ကဗျာဆရာ၊ ဆရာမကြီးတွေနဲ့ ကြုံရတယ်။ ဒါကို ဖန်တီးခွင့်ရတယ်။ ဒီလို အများပြည်သူနဲ့ဆိုင်တဲ့နေရာမှာလုပ်တာက ကဗျာကို အများပြည်သူတွေပါ သိစေချင်တဲ့ ရည်ရွယ်ချက်ပါ။ တနင်္ဂနွေကဗျာဝိုင်းအတွက်တော့ လိုအပ်တာ ကဗျာချစ်စိတ်တစ်ခုတည်း ယူခဲ့ပါ။ လူငယ်ကဗျာဆရာတွေအတွက်ကတော့ အွန်လိုင်းမီဒီယာရှိလာတဲ့အတွက် ဆုံစည်းမှုတွေ၊ တွေ့ဆုံမှုတွေက လွယ်ကူလာတယ်။ ခက်ခဲတာကတော့ စစ်မှန်တာ ရှိသလို အတုအယောင်တွေလည်း ရှိလာတဲ့အတွက် အသုံးချခံဖြစ်လာတယ်။ ကျွန်တော့်ရဲ့ ကဗျာပေါ်ထားတဲ့ ခံစားချက်က ဒီပွဲလေးကို အခုလိုလုပ်ခွင့်ရတဲ့အတွက် ပင်ပန်းမှုတွေ ပြေပျောက်သွားတယ်။ ကျွန်တော် ပျော်တယ်။

ကဗျာဆရာ Aသင်

ကဗျာဆရာမ ဖြူမွန်

ဒီနေ့က ကမ္ဘာ့ကဗျာနေ့ဆိုတော့ တစ်ကမ္ဘာလုံးက ပါဝင်ပတ်သက်ကြမှာပါ။ ဒီတော့ မြန်မာနိုင်ငံကလည်း ကမ္ဘာနဲ့အတူ အမှတ်တရအဖြစ် ကျင်းပဖြစ်တယ်။ ဒါကြောင့် အမျိုးသမီးကဗျာဆရာမအနေနဲ့ ပါဝင်ဖြစ်တယ်။ ကျွန်မတို့က ကိုယ်နေထိုင်ခဲ့ရတဲ့ အမြင်၊ နေထိုင်ရတဲ့အနေအထားပေါ် မူတည်ပြီး ကဗျာတွေရေးကြတယ်။ ယောကျ်ားမိန်းမဆိုပြီး ခွဲခြားထုတ်တာထက် ကျွန်မတို့က ကဗျာအပေါ်မှာ ဘယ်လိုခံစားသလဲ၊ ဘယ်လိုမြင်သလဲ၊ အတတ်ပညာ ဘယ်လိုရှိသလဲ၊ ကျွန်မတို့ယုံကြည်ချက်က ဘယ်လိုလဲ၊ ကဗျာနဲ့ပတ်သက်တဲ့အတတ်ပညာကို ကျွန်မတို့က ဘယ်လိုတည်ဆောက်မလဲ၊ အမျိုးမျိုးသောအကြောင်းခံစားချက်နဲ့ ကျွန်မတို့ရဲ့ကဗျာတစ်ပုဒ်ဖြစ်တာပါ။

ကဗျာဆရာမ ပန်ဒိုရာ

မတ်လ ၂၁ ရက်နေ့ ကမ္ဘာ့ ကဗျာနေ့မှာ ကဗျာဆရာတွေက အထိမ်းအမှတ်အနေနဲ့ ပုံစံအမျိုးမျိုး ကျင်းပပါတယ်။ ကဗျာကို ချစ်မြတ်နိုးတာ၊ တန်ဖိုးထားတာ အင်မတန်မှ ကောင်းပါတယ်။ ကဗျာဆိုတာ ယဉ်ကျေးမှုရဲ့လက္ခဏာတစ်ခုပါ။ နောက်ပြီး လူတွေအားလုံးကို ဆက်သွယ်ပေးထားတဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ လူတွေရဲ့ နှလုံးသားဟာ သိမ်မွေ့လာတယ်။ လှပလာတယ်။ လူသားတွေရဲ့ ဖန်တီးမှုအားလုံး မြှင့်တင်တဲ့နေရာမှာ ကဗျာဟာ ကိရိယာတစ်ခု ဖြစ်ပါတယ်။ ကဗျာကို တန်ဖိုးထားကြတာ ကောင်းပါတယ်။ ဒီနေ့တော့ ကျွန်မရေးထားတဲ့ ခရုပစ်လောင်ချာဆိုတဲ့ ကဗျာစာအုပ်ထဲက တစ်ပုဒ်ကို ရွတ်မှာပါ။ ။

ကဗျာဆရာမ ပန်ဒိုရာ

အင်းလျားကန်ပေါင်၌ ကဗျာရွတ်ပွဲကျင်းပစဉ်။

"စာပေ၊ ကဗျာ ဖွံ့ဖြိုးမှုနည်းလာတာက လူတွေရဲ့နှလုံးသားတွေ အားနည်းသွားတာနဲ့ အများကြီးဆိုင်မယ်လို့ ယုံကြည်တယ်။ ကဗျာ၊ စာပေတွေကို အမြဲတမ်း လေ့လာမှတ်သား ဖတ်ရှုနေသူတွေရဲ့နှလုံးသားက တော်တော်လေး နူးညံ့သိမ်မွေ့တယ်။ ယဉ်ကျေးမှုကြီးမားတယ်။ လူတွေ ကဗျာနဲ့ စာနဲ့ နည်းနည်းဝေးလာတော့ မကြားဝံ့မနာသာတဲ့အမှုကြီးတွေ ဖြစ်လာနေတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ကဗျာစာပေကဏ္ဍ ပြန်လည်ထွန်းကားလာဖို့ ကျွန်တော် အများကြီးမျှော်လင့်ပါတယ်။ ကဗျာက လူသားတွေရဲ့နှလုံးသားကို လူသားဆန်ပြီး ပြန်လည်ရှင်သန်လာစေပါတယ်။ စိတ်နဲ့ဆိုင်တာတွေ၊ ယဉ်ကျေးမှုဆိုင်ရာတွေ၊ ချစ်ခြင်းမေတ္တာတွေနဲ့ ကောင်းမြတ်တဲ့ လူ့ဘောင်ကို တည်ဆောက်ဖို့ဆိုရင် ကဗျာတွေလိုပါတယ်"

တနင်္သာရီမြို့နယ် တကူကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ဇီဝိတဒါနသံဃာ့ဆေးရုံ ဖွင့်ပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပမည်

တနင်္သာရီ မတ် ၂၂

တနင်္သာရီမြို့နယ် တကူကျေးရွာ စံပြတိုက်နယ်ဆေးရုံဝင်းအတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ကိုယ့်အားကိုယ်ကိုး ဇီဝိတဒါန သံဃာ့ဆေးရုံ ဖွင့်ပွဲကို မတ် ၂၆ ရက်တွင် ကျင်းပပြီး မတ် ၂၆ နှင့် ၂၇ ရက်ညတွင် တေးဂီတဖျော်ဖြေပွဲ အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲနေ့တွင် မြို့နယ်အတွင်းမှ ပင့်သံဃာ အပါး ၇၀ က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပေး၍ ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့နောက် မတ် ၂၇ ရက်တွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့လွှဲပြောင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ နှစ်ညလုံးတွင် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲအစီအစဉ်အရ နိုင်ငံကျော်အဆိုတော်များဖြစ်သော နီနီခင်ဇော်၊ နောနော်၊ ဖြိုးကျော်ထိုက်၊ စောဟယ်မှူး၊ ကျော်ခန့် စသည့် အဆိုတော် ၁၆ ဦးက ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ပုံငွေဖျော်ဖြေပွဲမှ ရရှိမည့် ရန်ပုံငွေများကို သံဃာ့ဆေးရုံတွင် လိုအပ်သည့် ပစ္စည်းများ ဖြည့်ဆည်းရန်၊ တကူတိုက်နယ် စံပြဆေးရုံအတွက် လိုအပ်ရာတွင် အသုံးပြုရန်နှင့် ဆေးရုံတက်လူနာများထဲမှ ဆင်းရဲနွမ်းပါးသူများ မြိတ်မြို့ဆေးရုံကြီးသို့သွားနိုင်အောင် ပံ့ပိုးရန်အတွက် တစ်စိတ်တစ်ပိုင်း အသုံးပြုမည်ဖြစ်ကြောင်းနှင့် အထက (တကူ) ကျောင်းအုပ်ဆရာကြီးနေအိမ် ဆောက်လုပ်ရာတွင်လည်း အသုံးပြုမည်ဖြစ်ကြောင်း တိုက်နယ်ဆရာဝန် ဒေါက်တာဖြိုးမြင့်ကြည်က ပြောသည်။

တကူတိုက်နယ် စံပြဆေးရုံသည် ၁၆ ခုတင်ဆံ့ဆေးရုံဖြစ်ရာ ဆေးရုံတက်မည့် သံဃာတော်များအတွက် နေရာအခက်အခဲရှိသဖြင့် သံဃာ့ဆေးရုံတစ်ရုံ ဆောက်လုပ်နိုင်ရန် ယခင်တိုက်နယ်ဆရာဝန် ဒေါက်တာညီညီဇော်က ကျေးရွာနေပြည်သူများ၏ အလှူငွေဖြင့် စတင်ဆောင်ရွက်ခဲ့ကာ ကမ္ဘာ့ဘဏ်မှချပေးသည့်ရန်ပုံငွေနှင့်အတူ ရပ်နီးရပ်ဝေးမှ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၈၅၀ နီးပါးခန့် အကုန်ကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း၊ သံဃာ့ဆေးရုံသည် အလျား ၄၆ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၂၁ ပေရှိ အာရ်စီနှစ်ထပ် အုပ်ကြွပ်မိုး၊ ကြွေပြားခင်း အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ရေစကြိုမြို့နယ် သံပြာချောင်းရွာရှိ ရေလျှံတွင်းနှစ်တွင်းမှ သုံးနှစ်ကျော်သည်အထိ ရေလျှံနေ

ရေစကြို မတ် ၂၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာရှိ သနပ်ခါးနှင့် စန္ဒကူး စိုက်တောင်သူ ဦးမြသင်းတို့ အစုအဖွဲ့၏ မြေကွက်အတွင်း လွန်ခဲ့သည့် သုံးနှစ်က အဝီစိရေတွင်းတူးဖော်ခဲ့ရာမှ ဖြစ်ပေါ်လာသော ရေလျှံတွင်းမှာ ယခု အချိန်သုံးနှစ်ကျော်ကြာသည်အထိ ပုံမှန်အတိုင်း ရေလျှံထွက်နေ၍ စိုက်ပျိုးရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သံပြာချောင်းကျေးရွာသည် အဝီစိရေတွင်းတူးလျှင် ပုံမှန် ပေ ၃၅၀ နှင့် ပေ ၄၀၀ အနက်အထိ တူးဖော်ရသော်လည်း ယခု ရေလျှံတွင်းမှာ ၂၀၁၆ ခုနှစ် မတ်လအတွင်းက တူးဖော်ခဲ့ရာတွင် ပေ ၃၂၀ ၌ ရေရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တွင်းတူးပြီးချိန်မှစ၍ ရေစုပ်စက်သုံးစရာမလိုဘဲ ရေများလျှံထွက်နေခဲ့ခြင်းဖြစ်ကြောင်း၊ ရေထွက်အားသန်သည်ကို သိသော်လည်း တစ်နာရီ ဂါလန်မည်မျှထွက်သည်ကိုမူ ချိန်မကြည့်ဖူးကြောင်း၊ ရေစကြိုတစ်မြို့နယ်လုံးတွင် ယခင်က ရေလျှံတွင်းမပေါ်ခဲ့ဖူးဘဲ ယခုရေလျှံတွင်းမှာ ပထမဆုံးဖြစ်ကြောင်း၊ ရေလျှံတွင်းမှ ရေများပုံမှန်လျှံထွက်နေသဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းများအတွက် အဆင်ပြေသလို အဝီစိတွင်းအောက်ဘက်တွင် မြေသားရေလှောင်ကန်တူးဖော်ကာ ရေထည့်၍ ငါးများမွေးထားကြောင်း၊ ရေမလိုအပ်ချိန်တွင် ရေလျှံတွင်းကိုပိတ်ထားကြောင်း သိရသည်။

ထိုရေလျှံတွင်းမှ ရရှိသောရေဖြင့် စန္ဒကူးပင် ၃၀၀၊ သနပ်ခါးပင် ၃၀၀၊ လျှော်ဖြူပင် ၂၀၀၊ ကြက်သွန်နီများနှင့် အုန်းပင်များအတွက် လိုအပ်သောစိုက်ပျိုးရေကို လုံလောက်စွာရရှိနေကြောင်း သိရသည်။ အဆိုပါရေလျှံတွင်းနှင့် တစ်မိုင်ကျော်အကွာတွင်လည်း ရေတွင်းတူးရာမှ ရေလျှံတွင်းတစ်တွင်း ထပ်မံထွက်ပေါ်လျက်ရှိရာ ပူပြင်းခြောက်သွေ့သည့် ကုန်းခေါင်ခေါင်တွင် ရေလျှံတွင်းမှ ရေများထွက်နေသည်ကို ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများကလည်း လာရောက်ကြည့်ရှုလေ့ရှိကြကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ရေများလျှံထွက်နေသော ရေလျှံတွင်း

ထိုင်းနိုင်ငံမှ ဝယ်လိုအားမြင့်တက်လာ၍ မန္တလေးဈေးကွက်တွင် ပြောင်းဈေးနှုန်း ပြန်လည်ဦးမော့လာ

မန္တလေး မတ် ၂၂

တရုတ်နိုင်ငံမှ ဝယ်ယူမှုရပ်ဆိုင်းထားခြင်းကြောင့် ဈေးနှုန်းကျဆင်းနေသည့် ပြောင်းသီးနှံမှာ ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံသို့တင်ပို့ရန် မန္တလေးဈေးကွက်တွင် ဝင်ရောက်ဝယ်ယူနေမှုများကြောင့် ဈေးနှုန်း ပြန်လည်ဦးမော့လာခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံမှာ ယခင် ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံမှဝယ်ယူမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်သုံးသောင်းနှုန်းအထိ ပေါက်ဈေးရှိခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် အဝယ်ရပ်ဆိုင်းမှုကြောင့် နှစ်ဆန်းမှစ၍ ဈေးနှုန်းတဖြည်းဖြည်းကျဆင်းကာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ အထိ ရောက်ရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် လက်ရှိအချိန်၌ ကျပ် ၂၃၀၀၀ ဈေးအထိ ပြန်လည်ဦးမော့လာခဲ့ကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဈေးကွက်က တစ်ခုတည်းကိုပဲ အားကိုးနေရတဲ့အတွက် ဒီဈေးကွက် အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားရင် တောင်သူတွေမှာ အခက်အခဲနဲ့ ကြုံတွေ့ရတယ်။ ဒီပြောင်းသီးနှံက ပြည်တွင်းအစာစပ်စက်ရုံတွေက ပုံမှန်ဝယ်ယူမှုတွေအပြင် လက်ရှိမှာ ထိုင်းနိုင်ငံအတွက် မန္တလေးဈေးကွက်ကို လာရောက်ဝယ်ယူမှုတွေရှိလာလို့ တောင်သူတွေအဖို့ ကြိုက်ဈေးမဟုတ်ပေမယ့်လည်း ရောင်းလို့လွယ်ကူသွားတာပေါ့"ဟု ၎င်းက ပြောသည်။ ပြောင်းသီးနှံကို တောင်ပေါ်မြေပြန့်ဒေသများတွင် ရာသီမရွေး သီးထပ်သီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ယခုလက်ရှိတွင် မန္တလေးဈေးကွက်သို့ ပခုက္ကူ၊ ရေစကြို၊ မုံရွာ၊ မြင်းခြံ၊ မတ္တရာနှင့် စဉ့်ကူးမြို့နယ်များမှ ရေသွင်းစိုက်ပျိုးထားသည့် နွေပြောင်းများ ဝင်ရောက်နေကြောင်း သိရသည်။

အောင်ဖြိုးကျော်

ညောင်လေးပင်မြို့နယ်၌ ခွဲစိတ်ဆရာဝန်ကြီးများ တစ်ရက်တာ(အခမဲ့) လာရောက်ခွဲစိတ်ကုသပေး

ညောင်လေးပင် မတ် ၂၂

ရန်ကုန် မြောက်ဥက္ကလာပဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်ဇင်နှင့်ခွဲစိတ်ဆရာဝန်များအဖွဲ့သည် ညောင်လေးပင်ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသနေသော အူကျ၊ အူအတက်၊ အဖုအကြိတ်နှင့်ဆိုင်သည့် ရောဂါဝေဒနာရှင် ၂၆ ဦးအား မတ် ၂၀ ရက်က လိုအပ်သော ခွဲစိတ်ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆရာဝန်ကြီးနှင့်အဖွဲ့သည် ယခင်နှစ် မတ်လကလည်း တစ်ကြိမ်လာရောက်၍ အခမဲ့ ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ပြီး ညောင်လေးပင်မြို့နယ်အတွင်း ဆေးကုသပေးမှုနှင့်အတူ ကျန်းမာရေးအသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သော ဝေဒနာရှင်များအား ယခုနှစ်အတွင်း ထပ်မံ၍ ခွဲစိတ်ကုသပေးနိုင်ရန်လည်း ဆရာဝန်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား မြို့နေလူထုက ဂုဏ်ပြုမည်

မြစ်သား မတ် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ချီးမြှင့်သည့် ဆုနှစ်ဆုကို ရရှိခဲ့သည့်အပြင် မြစ်သားမြို့ကို အမှိုက်ပုံအတွင်းမှ ရုန်းထွက်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့အား ဒေသခံပြည်သူများမှ ဂုဏ်ပြုဆုပေးပွဲကို မတ် ၂၆ ရက် ညနေ ၅ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြစ်သားမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားစဉ်။

"မြို့နယ် စည်ပင်သာယာလှပရေး ဆောင်ရွက်ခဲ့တဲ့ ကျွန်တော်တို့ စည်ပင်အဖွဲ့ဝန်ထမ်းအားလုံးကို မြစ်သားမြို့သူမြို့သားတွေက ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲ လုပ်ပေးတာပါ။ မတ်လ ၂၆ ရက် ညနေပိုင်းမှာ ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲနဲ့ ဂုဏ်ပြုညစာစားပွဲ ပြုလုပ်ပေးမယ်လို့ ပြောပါတယ်။ မြို့ခံပြည်သူတွေက စုပြီး ဆုချီးမြှင့်မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီထက် ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်က ပြောသည်။

"မြစ်သားမြို့ကို အမှိုက်ပုံအတွင်းက ရုန်းထွက်နိုင်အောင် ပြုလုပ်ပေးတဲ့ ကျွန်တော်တို့မြို့က စည်ပင်သာယာအဖွဲ့ကို ကျွန်တော်တို့ပြည်သူတွေရဲ့ သဒ္ဓါကြေးငွေနဲ့ ဆုချီးမြှင့်တာပါ။ လက်ရှိ ကျပ်သိန်း ၄၀ ကျော် ရရှိထားပါတယ်။ မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအားလုံးကို ဂုဏ်ပြု လက်ဆောင်ပေးမှာပါ"ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ပေးအပ်သော '၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်ကာလအတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေး အကောင်းဆုံးဆု'အတွက် ဒုတိယ အဆင့်မြို့နယ်များမှ ဒုတိယဆု (နှစ်သိမ့်ဆု)နှင့် အဆိုပါကာလအတွင်း 'မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေတိုးတက်ရေး စွမ်းဆောင်နိုင်မှု' ဒုတိယဆုတို့ကို မတ် ၁၀ ရက်က ရရှိခဲ့သည်။

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား မြို့နေလူထုက ဂုဏ်ပြုမည့်အပြင် မတ် ၂၁ ရက် ညနေပိုင်းကလည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။ ယခုလို ပြည်သူလူထုက ဂုဏ်ပြုပွဲကျင်းပပေးခြင်းမှာ ပြည်သူလူထုအတွက် အမှန်တကယ် ဆောင်ရွက်ပေးသော ဌာနများ၊ ဝန်ထမ်းများကို ပြည်သူများက လက်ခံကြိုဆို အသိအမှတ်ပြုသည့် သာဓကတစ်ခုအဖြစ်လည်း မြင်တွေ့ရခြင်းဖြစ်သည်။

ဘိုဘို(မလှိုင်)

ကသာမြို့မှ ရေအခက်အခဲဖြစ်နေသည့် ရပ်ကွက်များအတွက် ရေရရှိအောင် ဆောင်ရွက်မည်

ကသာ မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ ရေရရှိရေး အခက်အခဲဖြစ်နေသည့် ရပ်ကွက်များအတွက် ရေရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောကြားသည်။

ကသာမြို့တွင် မြို့ပေါ်ရပ်ကွက် ၁၀ ခုရှိသည့်အနက် အမှတ်(၅)ရပ်ကွက်၊ အမှတ်(၇) ရပ်ကွက်၊ အမှတ် (၉) ရပ်ကွက်နှင့် တိုးချဲ့စက်မှုရပ်ကွက်တို့သည် ကုန်းမြင့်ပိုင်းတွင် ရောက်ရှိနေသည့်အတွက် ရေအခက်အခဲဖြစ်နေသောကြောင့် ထိုရပ်ကွက်များအတွက် ကသာမြို့ပင်းမလွှတ်ကျေးရွာရှိ စကားပုံတောင်ချောင်း၌ ရေစုကန် ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

စကားပုံတောင်ချောင်း၌ ရေစုကန်တည်ဆောက်နေစဉ်

"ရပ်ကွက်လေးခုက ကုန်းမြင့်ပိုင်းရပ်ကွက်တွေဖြစ်တဲ့အတွက် ရေတွင်းတူးလို့လည်း အဆင်မပြေနိုင်ဘူး၊ စိမ့်စမ်းရေလုပ်ငန်းနဲ့ လုပ်ပေးမှ အဆင်ပြေမှာ။ ကျန်တဲ့ရပ်ကွက်တွေကတော့ အနိမ့်ပိုင်းဖြစ်တဲ့အတွက် ရေတွင်းတူးလို့ အဆင်ပြေတယ်၊ မြစ်နဲ့လည်း နီးတဲ့အတွက် ရေအခက်အခဲမရှိဘူး။ အမြင့်ပိုင်းရပ်ကွက်တွေသာ အခက်အခဲရှိတဲ့အတွက် ကသာမြို့နဲ့ ရှစ်မိုင်အကွာက ပင်းမလွှတ်ကျေးရွာမှာရှိတဲ့ စကားပုံတောင်ချောင်းကနေ စိမ့်စမ်းရေ သွယ်တန်းပြီးတော့ အဲဒီရပ်ကွက်တွေကို ဦးစားပေးအနေနဲ့ ရေပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ လက်ရှိမှာ ဒီဘဏ္ဍာရေးနှစ်မှာပဲ ရေစုကန် တည်ဆောက်နေပါပြီ။ ရာခိုင်နှုန်း ၈၀ လောက်တော့ ပြီးနေပါပြီ။ ချောင်းကို တာတမံပိတ်ပြီး ရေစုကန်သဘောလုပ်မယ်။ အဲဒီကနေ ရေပိုက်ထုတ်ပြီး ရေပိုက်လိုင်းတွေနဲ့ မြို့ထဲကို သွယ်သွားမှာပါ"ဟု ဦးညီညီထွန်းက ပြောသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ကျပ်သိန်း ၅၀၀ ဖြင့် ရေစုကန်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေပိုက်လိုင်းသွယ်ရန်အတွက် ကျပ်သိန်း ၂၀၀၀ ခန့် လိုအပ်မည်ဖြစ်ပြီး လိုငွေကို တိုင်းဒေသကြီးအစိုးရထံ တင်ပြတောင်းခံထားကြောင်း၊ နောက်ပိုင်းတွင် ကသာမြို့ပေါ် ရပ်ကွက် ၁၀ ခုလုံးရှိ အိမ်တိုင်း ရေရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုမင်း(အင်းတော်)

ဖမ်းဆီးဖြတ်သိမ်းထားသော ဆူညံအိတ်ဇောများကို ဖျက်ဆီး

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း အသံဆူညံသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်များမှ ဖမ်းဆီးဖြတ်သိမ်းထားသော အိတ်ဇောများကို မြို့မရဲစခန်းရှေ့လမ်းမပေါ်၌ မတ် ၂၁ ရက်က လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးနေစဉ်။

ကျော်မိုး(ပြန်/ဆက်)

''နီလာဂယာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့''

မူလနီလာအပြည်ပြည်ဆိုင်ရာ ဘုရားဖူးအဖွဲ့မှ ယခု နီလာဂယာ ဘုရားဖူးအဖွဲ့သို့ နာမည်ပြောင်းလဲ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ဘုရားဖူး သူတော်စင်အပေါင်းအား သတင်းကောင်းပါးအပ်ပါသည်။

သကြံန်အထူးအစီအစဉ် -(၁၀.၄.၂၀၁၉)ရက်နေ့ထွက်ခွာပါမည်။

ခရီးစဉ်မှာ မန္တလေးမှတဆင့်မြန်မာအိန္ဒိယနယ်စပ် အင်ဖာမြို့မှ ဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့်ပို့ဆောင်ပေးခြင်းဖြစ်ပါသည်။

(၁၃)ညအိပ် (၁၄)ရက် ခရီးစဉ် - (၉)သိန်း (၇)သောင်း (စရိတ်ငြိမ်း)

(၁၆)ညအိပ် (၁၇)ရက် ခရီးစဉ် - (၁၀)သိန်း (စရိတ်ငြိမ်း)

ရန်ကုန်ရုံး အမှတ်(၃၁၅)၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ သီဟမျက်မှန်ဆိုင်၊ ဖုန်း – ၀၉–၅၁၂၀၅၂၉၊ ၀၉–၇၇၁၇၂၄၇၀၇

မန္တလေးရုံး အမှတ်(၈၈)၊ ၆၈–လမ်း၊ ၃၃×၃၄ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း – ၀၂– ၂၈၄၈၀၈၁၊ ၀၂– ၂၈၄၈၀၈၂၊ ၀၉–၅၁၂၀၅၂၉၊ ၀၉–၇၇၁၇၂၄၇၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
စစ်ကိုင်းပညာရေးတက္ကသိုလ်

မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာများခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေအတိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်–

(က) ပညာရေးသဘောတရား (၂၅) ဦး

(ခ) ပညာရေးစိတ်ပညာ (၂၅) ဦး

(ဂ) သင်ပြနည်း (၂၅) ဦး

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်–

(က) ၆–၅–၂၀၁၉ ရက် (တနင်္လာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

(ခ) ၇–၅–၂၀၁၉ ရက် (အင်္ဂါနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာအထူးပြုဘာသာရပ်

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၀–၅–၂၀၁၉ ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ ဖြေဆိုခွင့်လျှောက်ထားနိုင်သည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ၊ ဆရာမ (သို့မဟုတ်) ဆရာ၊ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများဖြစ်၍ လုပ်သက်တစ်ဆက်တည်း ၁–၆–၂၀၁၉ ရက်တွင် (၈)လပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

(ဃ) ပညာရေးဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်းတို့ကို ရေးဖြေဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။

(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန်မလိုဘဲ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

(စ) စစ်ကိုင်းပညာရေးတက္ကသိုလ် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၂၆–၄–၂၀၁၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများတင်ပြရမည်။

(က) အမှတ်စာရင်းမူရင်းနှင့် မိတ္တူမှန်

(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်

(ဂ) ဓာတ်ပုံ (၂)ပုံ

(ဃ) မဟာပညာရေးဘွဲ့သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဖြေဆိုအောင်မြင်ပါက အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး(သင်တန်း) ဖုန်း–၀၉–၄၂၀၁၂၀၈၉၄ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး (သင်တန်း)
စစ်ကိုင်းပညာရေးတက္ကသိုလ်

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် တိရစ္ဆာန်အစာ တင်ဒါခေါ်ယူခြင်း

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် မွေးမြူပြသထားသော တိရစ္ဆာန်များအား ကျွေးမွေးရန်အတွက် တိရစ္ဆာန်အစားအစာ ရိက္ခာများအား တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသည်။

အစားအစာရိက္ခာ – ရိက္ခာခြောက်၊ အမဲသား၊ ကြက်သား၊ ကောက်ရိုး၊ ငါး

တင်ဒါပိတ်ရက် – ၂၈–၃–၂၀၁၉ရက်၊ မွန်းလွဲ ၂ နာရီ

အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၃၇၀၉၇၅၊ ၃၇၁၁၂၁(လိုင်းခွဲ–၁၀၇)၊ Hot Line- ၀၉–၉၅၃၄၇၇၇၆၄၊ ၀၉–၄၄၈၀၀၇၅၂၇ (စီမံမန်နေဂျာ)၊ ၀၉–၉၆၈၃၅၇၂၄၇ (ငွေစာရင်းမန်နေဂျာ)

ရောင်းမည်

အမှတ် (၇၈/၂) ၇ လမ်း၊ ၁၄/၁–ရပ်ကွက်၊ မြင်သာ/တောင်ဥက္ကလာပမြို့နယ် ပေ၄၀×၆၀ထောင့်ကွက် RC-တစ်ထပ်၊နှစ်ယောက်(၁)ခန်း တစ်ယောက်ခန်း(၂)ခန်း၊ ဘုရားခန်း(၁)ခန်း၊ ဧည့်ခန်း/အိပ်ခန်းများ ကျွန်းပါကေးအပြည့်ခင်း၊ ရေ(၂)လိုင်း၊ ဂျိုးဖြူ/အဝီစိ၊ ပါဝါမီတာပါ၊ နှစ်(၆၀)ဂရန်အမည်ပေါက်၊ မီးဖိုချောင်ကြွေပြား/ခင်း/ကပ်။

အရောင်း (သိန်း) ၃၅၀၀၊ ညှိနှိုင်း

ဆက်သွယ်ရန် ဖုန်း–၀၉–၅၀၁၁၉၂၃

ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၇)၊ နယ်မြေ (၁၉)၊ မောသီရိတိုးချဲ့–၁၊ ဦးပိုင်အမှတ် (၃၃၀)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိမြေကွက်အား ၇–၅–၁၉၉၁ ရက်တွင် ရပ်ကွက်(၇) တိုးချဲ့ကွက်သစ် မြေကွက်နေရာချထားရေးကြီးကြပ်မှုကော်မတီမှ ဒေါ်ဘောင်(မ်)နန်အား ချထားပေးခဲ့ပါသည်။ ဒေါ်ဘောင်(မ်)နန်မှ ၂၂–၅–၁၉၉၂ ရက်တွင် စာချုပ်အမှတ် ၄၄၉I/၁၉၉၂အရ ဦးအိုက်ဆမ် (LSO-၁၁၅၉၇၇)သို့ ရောင်းချခဲ့ပြီး ဦးအိုက်ဆမ်မှ ၃–၁–၂၀၁၉ ရက်တွင် ဒေါ်လုံရှင် ၁၃/လရန(နိုင်)၂၃၆၁၄၈အား အပြီးအပိုင် ပြန်လည်ရောင်းချခဲ့ပါ၍ ဒေါ်လုံရှင်မှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

လူပျောက်ကြော်ငြာ

ကျွန်တော်၏ဇနီး မဖြူဖြူဝင်း ၁၃/လရန(နိုင်)၂၀၁၃၂၈ သည် ၂၀–၁၂–၂၀၁၈ ရက် နံနက် ၉:၀၀ နာရီတွင် လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ(၂)၊ သာယာလမ်း၊ အိမ်အမှတ် ၃၇ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိ အကြောင်းကြားပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်မည်ဖြစ်ကြောင်းနှင့် သွေးဆောင်ဖြားယောင်း လက်ခံခေါ်ယူထားသူအား တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဦးအိုက်ယွန်း (09-424361359)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ် (ဉ–၃၃၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၏ အမည်ပေါက် ဦးတင်အောင် ၉/ပမန(နိုင်)၂၀၀၈၅၅ (ဘ) ဦးမင်းနောင် ကွယ်လွန်သွားပါသဖြင့်တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းအေး SGN -၀၄၅၅၇၇ (ဘ) ဦးတလုပ်မှ တရားရုံးကျမ်းကျိန်လွှာ၊ မြေပေးစာလစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီမြေပေးမိန့်ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၆၃၁)၊ ဧရိယာ၀ဒသမ ၀၈၂ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်မီမီမြတ် (ကိုယ်စား) ဒေါ်ထားထားလှိုင် (ဘ)ဦးမြ ၉/ပဥလ(နိုင်)၀၀၈၂၀၅မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၂၁၈/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၄င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်နေ မောင်လောဒ်မြူးဒန်နှင့် မဆန်စောမ်ပန်တို့၏ မိဘအမည်မှန်မှာ ဦးရွှေဘနှင့် ဒေါ်ရခွီနင်မိုင်ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းခေါန် ၁/မကန(နိုင်)၂၁၆၆၈၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၅၇၁၄၆၈၄၂**

အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်နေ မလဗျခေါန်ဒင်း ၁/မကန(နိုင်)၁၂၈၁၅၃အား မဂျာဆိုင်းခေါန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပတ်စ်ပို့ပျောက်

ကျွန်မ မဆန်နိုင်ချန်ဗေး ၁/နမန(နိုင်)၀၀၅၃၆၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၈၉၀၁၅၄၇၂၂**

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ငွါမာဆီး ၁/မကန(နိုင်)၁၀၇၉၄၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၆၁၃၁၃၄၇**

ပျောက်ဆုံးကြောင်း

ဦးဇော်မျိုးနိုင်(ဘ)ဦးသောင်းကြည်၏ လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၂၊ ဦးပိုင်အမှတ် (၉၇/၃) ဧရိယာ ၂ဒသမ၀၉ဧကပုံစံ (၇) ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း–၀၉–၄၅၄၁၇၀၀၃၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ် (၁၃–A–ရွာဘဲအနောက်ကွက်)၊ ပိုင်ဆိုင်ခွင့်–B၊ မြို့မြေအမျိုးအစား၊ ဦးပိုင်အမှတ်–(၉၂ ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၂၉ ဧက ကျယ်ဝန်းသောမြေကွက်နှင့် ဦးပိုင်အမှတ် (၉၃ က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၇ဧကကျယ်ဝန်းသော မြေကွက်(၂)ကွက် အတွင်းမှ အနောက်မှအရှေ့သို့ မျက်နှာစာအလျား ၃၆ ½ပေ၊ တောင်မှမြောက်သို့ အနံ ၁၁၈ ပေ ကျယ်ဝန်းသောမြေအစိတ်အပိုင်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားအကျိုးခံစား အမည်ပေါက်ပိုင်ဆိုင်သော ဦးကြည်ဝင်း ၇/ပမန(နိုင်)၀၉၂၈၄၆ အပါအဝင် ညီအစ်ကို(၄)ဦးတို့ထံမှ ပေါက်ခေါင်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပြည်–တောင်ငူလမ်း၊ အမှတ် ၂၀နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ထွဋ်အောင် ၇/မလန(နိုင်)၀၀၀၃၅၁က ၄–၁–၂၀၁၉ ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ငွေပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ထွဋ်အောင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်ထွဋ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်မြတ်သူ LL.B (စဉ်–၅၃၀၅)
တရားလွှတ်တော်ရှေ့နေ
ဒေါ်ကြည်ပြာအောင် LL.B (စဉ်–၁၄၁၇၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၇၉)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့
ဖုန်း–၀၉–၅၃၁၃၂၂၀

အများသိစေရန်ကြေညာချက်

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ဈေးလမ်းနေ မအိပွင့်ဖြူ ၇/ပမန(နိုင်)၁၄၂၁၉၄ (ဘ)ဦးအုန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ပန်းဘဲတန်းလမ်းတွင် ကျွန်ုပ်တို့၏ မိတ်ဆွေ မအိပွင့်ဖြူ ဦးစီးဖွင့်လှစ်မည့် Baby Boss ကလေးအသုံးအဆောင်ပစ္စည်း အမျိုးမျိုးအရောင်းဆိုင်သည် မအိပွင့်ဖြူ တစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ အစ်မဖြစ်သူ မမေပွင့်ဖြူနှင့် တစ်စုံတစ်ရာ သက်ဆိုင်ပတ်သက်မှုမရှိပါ။ Bady Boss ကလေးအသုံးအဆောင်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းအရပ်ရပ်ကိုဖြစ်စေ၊ ပိုင်ရှင်ဖြစ်သူ မအိပွင့်ဖြူနှင့် မိသားစုဝင်များကိုဖြစ်စေ ဂုဏ်သိက္ခာထိခိုက်နစ်နာအောင် မမှန်သတင်းများပြောဆိုဖြန့်ဝေခြင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ မအိပွင့်ဖြူ၏ စီးပွားရေးလုပ်ငန်း အကျိုးပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဆိုင်အတွင်းသို့ ဝင်ရောက်နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြု ကျူးကျော်စော်ကားခြင်းများ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအိပွင့်ဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်မြတ်သူ LL.B (စဉ်–၅၃၀၅)
တရားလွှတ်တော်ရှေ့နေ
ဒေါ်ကြည်ပြာအောင် LL.B (စဉ်–၁၄၁၇၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၇၉)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ကိုယ်တိုင်အမှတ် ၃၈၀၈၈၃၊ ဒု–အရာခံဗိုလ်မြင့်အောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ (B) ၁၄၆၃ ကို အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်တင်တင်ချို ၉/လဝန(နိုင်)၁၃၆၀၇၃ (ဘ)ဦးအောင်လှမှ မှတ်ပုံတင်နှင့်အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ အငြိမ်းစားလစာထုတ် စာအုပ်မိတ္တူ၊ ဒု–အရာခံဗိုလ်မြင့်အောင် သေဆုံးကြောင်းအထောက်အထားလက်မှတ်မိတ္တူ၊ မြေကွက်ရှိ အဆောက်အအုံဓာတ်ပုံများတင်ပြ၍ ၄င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

SEVEN စံ

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊

(ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

''ပွဲစလုံးဝမယူပါ''။

09 - 33 333 511
09 - 33 333 514
09 - 33 333 644

အမည်မှန်

ဟသ်ာတမြို့၊ သုံးခွ (အရှေ့) ကျေးရွာနေ အဖဦးထွန်းတင်၏ သမီးဖြစ်သူ အမည်မှန်မှာ ဒေါ်တင်လှိုင် ၁၄/ဟသတ(နိုင်)၁၈၉၄၅၇ ဖြစ်ပါသည်။ ဒေါ်တင်လှိုင်

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၈-A)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြားနေ
ဦးရန်မျိုးနိုင်-ဒေါ်သန်းသန်းဌေးတို့၏ သားကြီး

မောင်အောင်မျိုးသူ

B.Eng (Hons.)Electrical & Electronics Engineering (University of Sunderland,UK)
B.Sc(Maths), MBA(University of Northampton, UK)
Director (Pann Thi Group Co,Ltd), Managing Director(Aung Su U Co,Ltd)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၃၄)သံလွင်လမ်းနေ
ဒေါက်တာဦးဇော်ဝင်း-ဒေါက်တာဒေါ်နွယ်သီဂီတို့၏သမီးငယ်

မစုသက်နွယ်

B.Eng(Hons.)Electrical & Electronics Engineering (University of Sunderland, UK)
B.A (Eng), MBA (University of Northampton, UK)
Director of Headway Co,Ltd & Aung Su U Co,Ltd

တို့သည် ၂၀-၃-၂၀၁၉ ရက် (တပေါင်းလပြည့်နေ့၊ ဗုဒ္ဓဟူးနေ့)တွင် The Yangon Restaurant ၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် ခေ့စပ်စကားကမ်းလှမ်းပေးသော သီရိပျံချီ ဦးသိန်းအောင်(ဇရာဝတီတိုင်းဝန်ကြီးချုပ်-ငြိမ်း)၊ ခေ့စပ်စကားလက်ခံပြောကြားပေးပါသော ပါမောက္ခ ဒေါက်တာအောင်သန်းဘတူ (ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မြန်မာနိုင်ငံဆေးသုတေသနအဖွဲ့၊ Retd. Regional Director WHO)၊ ခေ့စပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးဝင်းစိန်[(ရဲမှူးကြီး(ငြိမ်း)၊ ဥပဒေရေးရာအကြံပေး (ပြည်ထဲရေးဝန်ကြီးဌာန)]နှင့် ဇနီး ဒေါ်ခင်မာရီ၊ ဝတ်စုံနှင့်အခမ်းအနားစီစဉ်ပေးပါသော ဒီဇိုင်နာဇွန်ဝတ်ရည် (Lady Luck)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော The Visual Arts Studio နှင့် ဒေါ်အေးအေးဆွေ(တောင်ငူ) NOUN နှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးသူ-မစုသက်နွယ်

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION
(LOAN No. 3477-MYA): IRRIGATED AGRICULTURE INCLUSIVE DEVELOPMENT PROJECT
INVITATION FOR SUBMISSION OFEXPRESSION OF INTEREST
POSITION – INTERNATIONAL PROCUREMENT SPECIALIST (IPS)(1 Person- 6months)

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) for Irrigated Agriculture Inclusive Development project (IAIDP).The main objective of the consulting services is to assist the project in system day to day procurement of all activities of the project. Interested International consultants must prepare and submit an "Expression of Interest (EOI)" in a standard form, "Template for Expression of Interest (Individual Consultants) which can be obtained from following link;

https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc

ToR of IPS which can be obtained by contacting the iaidp.mm@gmail.comand CC to tintlwin4.irr@gmail.com,ukhinzaw1984@gmail.com, maungzawkpg@gmail.com and ayemin.logistics@gmail.com.

